

မော်မြန်မာစာပေ
ယု(မြဝတီ)စီစဉ်သည်

သုတေသီ
# ဘုန်းမြင့်သွေး

သဇင်နွယ်(နတ်မောက်)

# သင်သည်ကံကလွတ်အောင်မပြေးနိုင်

Graphic : aung kyaw moe

# သင်သည်

# ကံကလွတ်အောင်မပြေးနိုင်

## သုတေသီ ဘုန်းမြင့်သွေး

## သဇင်နွယ်(နတ်မောက်)

မူပိုင်

စီစဉ်သူ - ယု (မြဝတီ)


M THREE 3

မော်မြန်မာစာပေ

အမှတ် ၆၁၇၊ ဘူတာရုံလမ်း၊ နံ့သာကုန်းရပ်ကွက်၊ ဘီအိုစီကွေ့၊ အင်းစိန်မြို့

ဖုန်း - ၀၉ ၉၉ ၂၅ ၇၇၉

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ❖ ၄၀၀၅၀၂၁၁၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ❖ ၄၀၀၀၉၆၀၁၁၀
မျက်နှာဖုံးဒီဇိုင်း ❖ အောင်ကျော်မိုး၊ မယု
ပုံနှိပ်ခြင်း ❖ ပထမအကြိမ်
အုပ်ရေ၊ တန်ဖိုး ❖ 1500
ကွန်ပျူတာ ❖ ယု(မြဝတီ)
ထုတ်ဝေသူ ❖ မောင်မောင်မြင့်အေး
ပုံနှိပ်သူ ❖ ရွှေခြသေ့
ဖြန့်ချိရေး ❖ မော်မြန်မာစာပေ၊ အမှတ် ၆၁၇၊ ဘုတာရုံလမ်း၊ နံ့သာကုန်းရပ်ကွက်၊ ဘီအိုစီကွေ့၊ အင်းစိန်မြို့၊ ဖုန်း - ၀၉၉၉၂၅၇၇၉

ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း (CIP)

ဘုန်းမြင့်သွေး (သုတေသီ)၊ သဇင်နွယ်(နတ်မောက်) ၇၉၅.၇၄
သင်သည်ကံက လွတ်အောင်မပြေးနိုင်/ သုတေသီဘုန်းမြင့်သွေး၊ သဇင်နွယ်
(နတ်မောက်)၊ ရန်ကုန်၊
လာဘ်မိုးရွှေစာပေ၊ ၂၀၀၉။
၉၀-စာ၊ ၉.၈×၁၀ စင်တီ။
(၁)သင်သည်ကံက လွတ်အောင်မပြေးနိုင်

## ဘုရားရှိခိုး

* တုနှိုင်းမဲ့သော ဗုဒ္ဓမြတ်စွာကို ကြည်ညိုရှိခိုးပါ၏၊ အားကိုးပါ၏။

* တုနှိုင်းမဲ့သော ဗုဒ္ဓမြတ်စွာ၏တရားတော်မြတ်တို့ကို လေးလာ ကြည်ညိုပါ၏၊ အားကိုးပါ၏။

* တုနှိုင်းမဲ့သော၊ ဘုရားချစ်သော သံဃာတော်၊ သံဃာတော် မြတ်တို့ကို ကြည်ညိုပါ၏၊ အားကိုးပါ၏။

* ရတနာတ္တယံ ၊ အဟံ ဝန္ဒာမိ ၊ သဗ္ဗဒါ။

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကိုနှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပ နိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ကံအကျိုး ဘုရားမှတစ်ပါး အခြားပုဂ္ဂိုလ် မသိနိုင်

"ကမ္မဝိပါကော ၊ အစိန္တေယျော ၊ နစိန္တေတဗ္ဗော"

■ ကံအကျိုးပေးမှုကို ဘုရားမှတစ်ပါး အခြားမည်သည့် ပုဂ္ဂိုလ်မှ မသိနိုင်။ မမြင်နိုင်၍ ကံအကျိုးပေးမှုမှာ ကြံစည်၍ မရနိုင်သော အဓိပ္ပာယ်ရပေသည်။ ကံ၏ အကျိုးပေးမှုမှာ ကြံစည်၍မရနိုင်သော (ဝါ) မကြံစည်ကောင်းသော အစိန္တေယျ တရားတစ်ပါး ဖြစ်သည်။

## နှစ်တန်သောကံ

■ သုဘလုလင် - သတ္တဝါတို့သည် အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သောကံသာ ကိုယ်ပိုင်ဥစ္စာ ရှိကြ၏။ နှစ်တန်သောကံ၏ အမွေကို ခံယူကြရ၏။ နှစ်တန်သောကံသည်သာ အကြောင်းရင်း ရှိကြ၏။ နှစ်တန်သောကံသည်သာ ဆွေမျိုးဖြစ်၏။ နှစ်တန်သော ကံသာ အားထားကိုးကွယ်ရာရှိကြ၏။ သတ္တဝါတို့သည် ယုတ်ညံ့ ခြင်း၊ မြင့်မြတ်ခြင်းကို (တစ်နည်း) ဆင်းရဲခြင်း၊ ချမ်းသာခြင်းကို အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သောကံက ဝေဖန်ပိုင်းခြားပေ၏။

(ဥပရိပဏ္ဏာသပါဠိတော်၊ စူဠကမ္မဝိဘင်္ဂသုတ်)

## အမှာစာ

(၆-၇-၂၀၀၇)ရက်နေ့ နံနက်စောစောတွင် စာရေးသူသည် မော်မြန်မာစာပေတိုက်ရှိရာ အမှတ်(၆၁၇)၊ ဘုတာရုံလမ်း။ ဘီအိုစီကွေ့နှံ့သာကုန်းရပ်ကွက်၊ အင်းစိန်သို့ ရောက်သွားခဲ့ပါသည်။

သွားရောက်သည့်အကြောင်းရင်းမှာ လွန်ခဲ့သော အနှစ်နှစ်ဆယ်ခန့်က ထုတ်ဝေဖြန့်ချိပြီးခဲ့သည့် စာအုပ်ဟောင်းတစ်အုပ်ကို ဒုတိယအကြိမ် ပြန်လည်ထုတ်ဝေရန်ကိစ္စ ဖြစ်ပါသည်။

မော်မြန်မာစာပေလုပ်ငန်းရှင် ဒေါ်ယု(မြဝတီ)နှင့် ကိစ္စများပြောဆိုကြပြီးနောက်မှာ ယု(မြဝတီ)၏ဖခင် ဦးမန်းမော်[တိ-မွေး-ကု(အငြိမ်းစား)]နှင့် စကားလက်ဆုံပြောဖြစ်မိကြသည်။

ထိုသို့ စကားပြောဖြစ်ချိန်မှာ ယု(မြဝတီ)မှာ စကားဝိုင်းတွင် မပါဝင်တော့ပါ။ သူမ ဦးစီးလုပ်ကိုင်နေသော "မြိုင်"စတိုးနှင့် စာပေဆိုင်သို့ ဆိုင်ဖွင့်ရန်သွားပြီဖြစ်သည်။

နှစ်ဦးသား စကားပြောဆွေးနွေးကြရင်းဖြင့် ဦးမန်းမော်က သူအလွန်ကြိုက်သည်ဆိုသော စာတစ်ပိုဒ်ကို ပြပါသည်။

***You can't escape from your Kamman.**

**သင်သည် ကံက လွတ်အောင် မပြေးနိုင်။**

ဦးလေးဆွေးနွေးပြောပြလာသော အကြောင်းအရာကို စာရေးသူမှာ အလွန်စိတ်ဝင်စားမိသည်။ ထို့ကြောင့်လည်း နှစ်ဦးသား ကံနှင့်

ကံ၏ အကျိုးအကြောင်းအရာကို အပြန်အလှန် ဆဲထဲဝင်ဝင် အချိန်တော်တော်ကြာပင် ဆွေးနွေးပြောမိကြပါသည်။

ထိုအချိန် တစ်ထိုင်တည်းမှာပင် ထိုအမည်ခေါင်းစဉ်နှင့် စာအုပ်သစ်တစ်အုပ်ရေးရန် ဆုံးဖြတ်ချက်ချမိလိုက်သည်။

ကံအကြောင်းနှင့် ပတ်သက်၍ စာရေးသူ ယခင်က ထုတ်ဝေဖြန့်ချိရောင်းချပြီးခဲ့သည်များမှာ -

၁။ ဘဝ၏ ကံကောင်းခြင်း။ ကံဆိုးခြင်း

၂။ သတ္တဝါတစ်ခု၊ ကံတစ်ခုနှင့် ကံကောင်းအောင် ကြိုးစားနည်း

၃။ ကံသာအမိ၊ ကံသာအဖနှင့် ကံကြမ္မာဖြစ်ရပ်ဆန်းများ

၄။ မြင်ရသောကံ၊ မမြင်ရသောကံ

၅။ ကံပစ်ချရာဘဝမှာ ဘာလုပ်ကြမှာလဲ

၆။ ဆရာတော်ကြီးများ၏ ကံဩဝါဒ (စီစဉ်ဆဲ)

၇။ သေကံမရောက်၊ သက်မပျောက် (စီစဉ်ဆဲ)

တို့ ဖြစ်ပါသည်။

ယခုစာအုပ်တွင် စာရေးသူနှင့် ဆန္ဒတူ၊ ကံအကြောင်းကိုရေးလိုသော၊ စာဆိုရေးဖော်ရေးဘက်- "သဇင်နွယ်(နတ်မောက်)"ကို အဖော်တွဲလိုက်ပါသည်။ ကံအကြောင်းက ဆန်းကြယ်လွန်းလှပါသည်။ လူအများ စိတ်ဝင်စားမှုများလှသည်။ လူမျိုးပေါင်းစုံမှာ မြန်မာလူမျိုးက ကံကို ပိုမို၍ပင် စိတ်ဝင်စားကြမည်ဟု ထင်မြင်ယူဆပါသည်။ မြန်မာလူမျိုးတို့သည် ကံနှင့် ကံ၏အကျိုးကို ယုံကြည်သူ များပါသည်။

ဗုဒ္ဓဝါဒသည် ကမ္မဝါဒဖြစ်၏။ ကံမဲ့ဝါဒ မဟုတ်ပါ။ ကံသာလျှင် အမိ၊ ကံသာလျှင် အဖ၊ ကံသာလျှင် မိတ်ဆွေ၊ ကံသာလျှင် မိမိပိုင် ပစ္စည်း ဖြစ်သည်။ အချို့ကတော့ "လူမတန် ကံချ"တတ်သည်။

အချို့ကတော့ ကံကိုယုံပြီး ဆူးပုံကို မနင်းရဲ၊ နင်းရဲ နင်းသည်၊ နင်းတော့ ဆူးထိသည်၊ ဆူးထိမှပဲ ရှူးမိမှန်း သိကြတော့၏။

ကံ၏ အကြောင်းအကျိုးက ပြောမဆုံးပေါင် တောသုံးတောင်၊ ပြောလို့မကုန် လောကဘုံ။

ကံကို အကြောင်းပြု၍ -

- အကိရိယဝါဒခေါ် ကံမဲ့ဝါဒ
- အဟေတုကဝါဒခေါ် အကြောင်းမဲ့ဝါဒ
- နတ္ထိကဝါဒခေါ် အကျိုးမဲ့ဝါဒ
- ဣဿရနိမ္မာနဝါဒခေါ် ဖန်ဆင်းဝါဒ
- ပုဗ္ဗေကတဟေတုဝါဒခေါ် အတိတ်ကံ ဝါဒ

စသည်ဖြင့် အယူဝါဒအမျိုးမျိုး ပေါ်ပေါက်လျက် ရှိသည်။

ဤစာအုပ်တွင် -

သံသရာမှာ အပြန်တစ်ရာမက ဖန်လာကြသော ကံဝါဒ၊ ကံ ဇာတ်လမ်းများကို စာရေးသူတို့ ရေးသားတင်ပြမိကြပါသည်။

စာဖတ်သူတို့ကို လေးစားစွာဖြင့် -

**သုတေသီ ဘုန်းမြင့်သွေး**
**သဇင်နွယ်(နတ်မောက်)**

# • သင်သည်
# ကံက လွတ်အောင်
# မပြေးနိုင်

သုတေသီဘုန်းမြင့်သွေး

## သင် မပြေးနိုင်

* You can't escape from your kamma.
- သင်သည် ကံက လွတ်အောင် မပြေးနိုင်။

## 'ကံ'မှ မလွတ်

* ကောင်းကင်၌ တည်နေစေ...
သမုဒ္ဒရာအလယ်၌ ရှိနေစေ...
တောင်ခေါင်းလိုဏ်ဂူအတွင်း၌ နေစေ...
အကျိုးပေါ်တော့မည့် -
"ကံ"မှ မလွတ်။
"ကံ"မှ လွတ်ရန်...
ရှောင်ပုန်းရသည့်
နေရာမရှိ။

(ဓမ္မပဒ၊ တယောဇနဝတ္ထု)

# သံသရာမှာ
# မင်း ဘယ်ကိုပြေးမလဲ

* All beings are travelling in the journey of samsaric circle with their own respective Kammas.

* သတ္တဝါတွေ ကံတရားကိုယ်စီနှင့် သံသရာခရီး သွားနေကြသည်။

× × ×

ပြေးစမ်း . . .

ပြေးစမ်းပါ၊ ပြေး . . . ပြေး . . . ပြေး . . .။

သံသရာမှာ သင် ဘယ်ကိုပြေးမလဲ၊ ပြေးလို့ကော လွတ်မလား၊ သင် ကံက လွတ်အောင် ပြေးမလား။ နိဗ္ဗာန်အရောက် မပြေးနိုင်ရင်တော့ သင် ကံကပြေးလို့ လွတ်မလား။ လွတ်ရိုးထုံးစံရော ရှိခဲ့လို့လား။

တွေ ပြုချင်သလို ပြုကြပါတော့တယ်။

သေမှာကို မစဉ်းစား၊ သံသရာကို မစဉ်းစား။ တစ်ဘဝပြီးအသွား ဘဝအခြားမှာပါသွားမှာက ကိုယ်ပိုင်ဥစ္စာဖြစ်တဲ့ ကိုယ့်ကုသိုလ်ကံ၊ ကိုယ့်အကုသိုလ်ကံ။

အထက်မင်းလှ ရတနာကံကျောင်းဆရာတော်ကြီးက -

မမြဲသောတရား၊ မတည်ငြိမ်သောတရား၊ ပြောင်းလဲသော ဖြစ်ပျက်တရားကို မြင်ပြီး ကြိမ်ဖန်များစွာ သတိတရားတွေထားနိုင် ပြီးဆိုရင် အကုသိုလ်စိတ်တွေ ဝင်မလာနိုင်တော့ဘဲ စိတ်တည်ငြိမ် လာပြီး အိုခြင်း၊ နာခြင်း၊ သေခြင်းသဘောတွေကို ကြောက်ဖက်ဖွယ် အဖြစ်နှင့် ရှုရှာလာပြီး ကောင်းမှုစိတ်ကို ကြိုးစားမွေးမြူချင်စိတ် ဖြစ် လာတယ်လို့ ဆိုမိန့်ဟောကြားခဲ့ပါတယ်။

■ ■ ■ ▣ ■ ■ ■

# ကံတရားသာ ကိုယ်ပိုင်ဥစ္စာ

* Only Kamma is one's own property.

* ကံတရားသာ ကိုယ်ပိုင်ဥစ္စာ။

အကြောင်းတွေကြောင့် အကျိုးဖြစ်ပေါ်လာတယ်။ အကြောင်းမှန်ရင် အကျိုးဖြစ်ပေါ်ရမှာ မုချပဲ။ အကြောင်းအကျိုးတွေက အကောင်း အဆိုး ဖြစ်တယ်။

ဒီဘဝမှာပြုခဲ့တဲ့ ကောင်းမှုကံ၊ မကောင်းမှုကံကြောင့် နောက်ဘဝမှာ အကြောင်းနှင့် အကျိုး ကာလခြားပြီးတော့ အကျိုးဖြစ်ပေါ်စေတယ်။ အဲဒီ တရားသဘောမှန်ကြောင့် ကံတရားသာ ကိုယ်ပိုင်ဥစ္စာပဲ။

ကိုယ်ပြုလုပ်ပိုင်ဆိုင်တဲ့ ကိုယ့်ကံရဲ့အမွေဥစ္စာကို ခံယူကြရတယ်။ နေ့စဉ်နေ့တိုင်း ပြုမူဆောင်ရွက် ကြံစည်နေကြတဲ့နေရာမှာ ကောင်းတာ

လုပ်ခဲ့တော့ ကံတွေ ကောင်းမယ်။ မကောင်းတာလုပ်ခဲ့ပြီး ဘယ်မှာလာကောင်းမှာလဲ။ ကောင်းနေတယ်ဆိုရင်တော့ အဲဒီကိုယ်ပိုင်ဥစ္စာက တစ်နေ့မှာ ဒုက္ခလှလှကြီးပေနိုင်မည့် ဥစ္စာပါ။ အဲဒီဥစ္စာမျိုး မစုဆောင်းမိစေနှင့်။

အဲဒီ ကောင်းကံ၊ မကောင်းကံ၊ အတိတ်ကံ၊ ပစ္စုပ္ပန်ကံတွေကြောင့် ဖြစ်ပေါ်လာတဲ့အကျိုးတွေကို ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးတွေ ခံကြရ၊ စံကြရ၊ ဟန်ကျတာတွေလည်းကျ၊ မာန်ချရတာလည်း ချရပါတယ်။

ကောင်းတာဖြစ်ဖြစ်၊ မကောင်းတာမှာနစ်နစ် ခံယူကြရပါတယ်။ ရင်စည်းခံရပါမယ်။

အပြင်းအထန် ငြင်းဆန်ပစ်လို့ မရပါဘူး။ ဘယ်နည်းနဲ့မှ ငြင်းဆန်ဖို့ ရွေးချယ်ရာလမ်းမ မရှိပါဘူး။

* He shall reap hemp who sows hemp, and beans who sows beans.

**(Chinese Proverb)**

* လျှော်ပင်ကိုစိုက်လျှင် လျှော်ပင်ကို ရိတ်သိမ်းရလိမ့်မယ်။ ပဲပင်ကိုစိုက်လျှင် ပဲပင်ကို ရိတ်သိမ်းရလိမ့်မယ်။

**တရုတ်စကားပုံ**

အလုပ်။ ကံကောင်းရင် ကံကောင်းမှာပဲ။ ယခုကောင်းရင် ကောင်းမှာပဲ၊ နောင်မှကောင်းမှာလည်း ဖြစ်တတ်တယ်။ အချိုပင်

စိုက်တာ အခါးမသီးပါဘူး။

စေတနာပင်စိုက်ရင် စေတနာသီးတွေ စားရမှာပေါ့။ စေတနာ ဟာ ကံ၊ ကံဟာ စေတနာ။

ကိုယ့်ကံ ကိုယ်ပိုင်တယ်၊ ကိုယ့်ဥစ္စာပဲ။ ကိုယ့်ကံကို ဘယ်သူကမှ မပိုင်။ ကိုယ့်ကံကို ဘယ်သူကမှလည်း လုပ်ပေးလို့ မရဘူး။

ကိုယ့်ကံ ကိုယ်ယုံပါ၊ ကိုယ့်အား ကိုယ်ကိုးပါ။ ကိုယ့်ကံကို သူများသွားပြီး မမြှင့်နိုင်းပါနှင့်။ ကိုယ်တိုင်မြှင့်တင်တဲ့အနေနဲ့ ကောင်းမှုတွေကို ကြိုးစားပါ။ ကောင်းမှုကြိုးစားတာ ဥဇ္ဇာရတနာကောင်း စုဆောင်းခြင်း ဖြစ်တယ်။ ကိုယ့်ကံ ကိုယ့်ဘာသာ မြှင့်ပါ။ ကိုယ့်ကံမြင့်လာတာနှင့်အမျှ အမိုကောင်းတွေ ဆင့်လောင်းအားဖြည့်လာမှာပါ။

ကိုယ်တိုင်လုပ်မှ ကိုယ့်ကံ၊ သူများလုပ်တာ သူများကံ။ သူ့ကံက ကိုယ့်ကံ ဘယ်ဖြစ်မှာလဲ။ သူ့ဥစ္စာပစ္စည်းကို ကိုယ့်ဥစ္စာပစ္စည်း လုပ်လို့ မရပါဘူး။ ကံကို လုယူလို့ မရဘူး။

* Adversity causes some men to break, others to break records.

**(Willian Arthus Ward)**

* ကံတရားကြောင့် အချို့သောသူတွေသည် ဆုံးရှုံးကြ၏။ တချို့ကတော့ သူများထက်သာအောင် ပြုလုပ်နိုင်စွမ်း ရှိကြ၏။

ကိုယ်ရဲ့အလုပ်က ကိုယ့်ရဲ့ကံပဲ၊ ကံဆိုတာ ကမ္မ = အလုပ်ဆိုတဲ့ နေရာမှာ ဘယ်သူလုပ်တဲ့အလုပ်လဲဆိုရင် ကိုယ်တိုင်ပြုလုပ်တဲ့အလုပ်လို့ ဆိုပါတယ်။ နေ့စဉ် ဘဝမှာ မဖြစ်မနေပြုလုပ်ဆောင်ရွက်နေကြတဲ့ ခန္ဓာကိုယ်နဲ့ပြုတဲ့ ကာယကံ၊ နှုတ်နဲ့ပြောဆိုတဲ့ ဝစီကံ၊ စိတ်က ကြံစည်တဲ့မနောကံတွေဟာ ကိုယ်ရဲ့အလုပ်၊ ကိုယ်ရဲ့ကံတွေ ဖြစ်တယ်။

နှလုံးသွင်းမှန်နှင့် ကံတွေ ပြုပါ။ နှလုံးသွင်းက အရေးကြီးတယ်။ စိုးရိမ်ခြင်းကင်းရအောင် နှလုံးသွင်းမှန်အောင် နေရမယ်။

ကံကြမ္မာဆိုသည်မှာ မမျှော်လင့်ဘဲ ပေါ်ပေါက်လာသော အခွင့်တစ်ရပ်မဟုတ်။ ကိုယ်ရွေးချယ်သည့်အတိုင်း ဖြစ်ပေါ်လာခြင်း ဖြစ်ပါတယ်။ ရလာဖို့ စောင့်နေရမယ့်အရာလည်း မဟုတ်ပါဘူး။ ရယူနိုင်ဖို့ ကြိုးစားအားထုတ်ရမယ့်အရာ ဖြစ်ပါတယ်။

"ဌ်၊ လုံ့လရှိမှုဟာ ကံကောင်းမှုကို မွေးဖွားပေးတဲ့ မိခင်ဖြစ်ပြီး ဘုရားသခင်သည် လုံ့လရှိသူကို အရာရာပေးတတ်ပါတယ်"ဟု တွေးခေါ်ရှင်ကြီး (ဘင်ဂျမင်ဖရင်ကလင်)က ဆိုပြောခဲ့တယ်။

* Diligence is the mother of good fortune.

**(French. P)**

* လုံ့လ၊ ဝီရိယသည် ကံကောင်းခြင်း၏ မိခင်ဖြစ်သည်။

**(ပြင်သစ်စကားပုံ)**

မြန်မာစကားပုံမှာ "လုံ့လရှိသူ ကံကကူ"လို့ ဆိုရိုးရှိတယ်။ ကံဆိုတာ အလုပ်၊ အလုပ်ဆိုတာ ကံ။ အလုပ်မကောင်း ကံ

မကောင်း၊ အလုပ်ကောင်းမှ ကံကောင်းမယ်။ ကံကောင်းအောင် ကောင်းကောင်းလုပ်၊ ကောင်းကောင်းလုပ်မှ ကိုယ်ပိုင်ဥစ္စာတွေက ကောင်းနေမှာ သေချာတယ်။

**"သဗ္ဗေသတ္တာ ကမ္မဿကာ"**

သဗ္ဗေ = ခပ်သိမ်းကုန်သော

သတ္တာ = သတ္တဝါတို့သည်

ကမ္မဿကာ = ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြကုန်၏။

ဆရာကြီး ပီမိုးနင်းက "အားလပ်သော အချိန်ကလေးများ" ဆောင်းပါးတွင် "ပေါ့လျော့သောသူသည် ဆင်းရဲသောအခါ ကံကို ယိုးမယ်ဖွဲ့၏။ လူမတန် ကံကိုချသော်လည်း မတန်သောသူကို ကံသည် မ,စခြင်းငှာ မစွမ်းနိုင်သဖြင့် ထိုလူမျိုးကို ကံသည် လက်ပိုက်ကာ ဝမ်းနည်းလျက် ကြည့်၍သာ နေရလေသည်"ဟု ရေးသားခဲ့၏

ကံတရားသာ ကိုယ်ပိုင်ဥစ္စာဖြစ်တာကို ပျင်းတော့၊ မလုပ်ချင်တော့ ဥစ္စာအထုပ်လည်း ဘယ်မှာ လာမြင်တွေ့နိုင်မှာလဲ။

■ ■ ■ ▣ ■ ■ ■

# စိတ်ဖိစီးမှုနှင့် အကုသိုလ်

စိတ်ဓာတ်ကို အစွန်းမရောက်စေနှင့်။ ကိုယ့်ကိစ္စပြီးအောင် ပြင်တန်ပြင်ပါ။ အတော်အတန်လျှော့တာ လျှော့ပေးလိုက်ပါ။ ကိုယ့်စိတ်က သင့်တယ်ထင်တာ ကိုယ်လုပ်ပါ။ လူတကာပြောတာကို ဂရုစိုက်မနေပါနှင့်။

× × ×

■ လူငယ်တွေပြောတတ်ကြတဲ့စကား ရှိတယ်။ "ညစ်တွန်းတွန်းတယ်"တဲ့။

လူငယ်တွေက စိတ်ညစ်လာရင်၊ စိတ်ဖိစီးမှု(Mind Stress) ဖြစ်လာရင်၊ ညစ်တွန်းတွန်းပြီး ဖြစ်ချင်ရာဖြစ် လုပ်ပစ်တတ်ကြတယ်။ အချို့လူကြီးတွေတောင် သတိလစ်လုပ်မိကြပါတယ်။ လုပ်မိတော့

အဟုတ်ထိတာက အကုသိုလ်ကံ။ မနောအတွေးမှား၊ စိတ်ဖိစီးတော့ မနောမကြည်ဘဲ မောဟရီဝေလာနေတော့ လောကအပေါ်မြင်တာ၊ ပတ်ဝန်းကျင်ကိုမြင်တာ ဘယ်မှာလာ ကြည်လင်တော့မှာလဲ၊ မကြည် ဘူး။

မနောအတွေးနောက်တော့ ဝစီကပါ ပေါက်ကရပြောရော။ တစ်ဖန် ပေါက်ကွဲပြန်တော့ ကာယကံပါ မြောက်ပါလေရော။ အကုသိုလ်တွေတက်ပြီး ရင်တက်တာ၊ စိတ်ဖိစီးမှုဝေဒနာခံနေရလို့ ဖြစ်တာ များပါတယ်။ အကုသိုလ် အတုံးလိုက်၊ အတစ်လိုက်။

အချို့လူငယ်မောင်မယ်တွေများဆိုရင်ဖြင့် အသေးအဖွဲ့ကိုတောင် မှ အရေးကဲတယ်။ ဘာမှမဟုတ်တာကိုပင် ပြဿနာလုပ်ပြီး မြင်တယ်၊ ထင်တယ်။ မြင်တော့ မှားရောပေါ့။ ပြုမှား၊ ပြောမှား၊ တွေးမှားတွေက အကုသိုလ်ကံပြုမိရော။

အဲဒီလို မဖြစ်ရအောင်…

* When the focus of your mind strays, this is bewilderment. The start of confusion, clam and happiness clouded out.

* သင့်စိတ်အစဉ်က လေလွင့်နေတဲ့အခါ စိတ်ရှုပ်ထွေးစရာ ဖြစ်မှာပဲ။ စိတ်ကစဉ့်ကလျားဖြစ်ပြီဆိုရင် တည်ငြိမ်မှု၊ ပျော်ရွှင်မှုတွေ တိမ်သလ္လာဖုံးအုပ်တော့တာပါပဲ။

* Now, it is time to sit quietly to reflect for a monent. Undistracted, Take a rest !

* ယခု - ငြိမ်ငြိမ်သက်သက် ထိုင်နေဖို့ အချိန်ပဲ၊ ခေတ္တ ပြန်စဉ်းစားကြည့်။ စိတ်မရှုပ်နှင့်၊ နားနေပါ။

**(အင်္ဂလန်နိုင်ငံ၊ စိတ်ရောဂါကုဆရာဝန်ကြီးတစ်ဦး)**

* Don't sweet the small stuff.

* အသေးအဖွဲကိစ္စပေါ်မှာ ချွေးမပြန်ပါစေနှင့်။

အနောက်တိုင်းနိုင်ငံ၊ မှုခင်းပါရဂူတစ်ဦးက ဒီလို တွေ့ကြုံတာ တင်ပြအစီရင်ခံဖူးတယ်။

"မှုခင်းများစွာပေါ်မှာ ဖြစ်ရတဲ့အကြောင်းရင်းက စီးပွားရေးပြဿနာနှင့် တန်းတူဖြစ်နေတာဟာ စိတ်ဖိစီးမှုခံစားရချက်ကြောင့် ဖြစ်တယ်လို့ ဆိုပါတယ်။ စိတ်ဖိစီးမှုခံနေကြရသူတွေက စိတ်ဓာတ်ကျဆင်းတတ်တယ်၊ စိတ်အား ငယ်တတ်တယ်ဆိုပေမယ့်လည်း မကောင်းမှုအကုသိုလ်ကံကိုပြုပြီး ဖြေရှင်းထွက်ပေါက်ရှာတတ်ကြတယ်"လို့ အစီရင်ခံတယ်။

စိတ်ဖိစီးမှု(Mind Stress)က လူကို ပူပန်ကြောင့်ကြအောင်လုပ်တယ်၊ စိတ်ဓာတ်ကျဆင်းအောင် လုပ်တယ်၊ ကြည်လင်ပြတ်သားတဲ့ တွေးခေါ်မှုမပြုနိုင်အောင် ဖန်ဆင်းတယ်။

အဲဒီအချက်က အကုသိုလ်ကံပြုတတ်သလို ကျန်းမာရေးကိုလည်း ဖျက်ဆီးတတ်လေတယ်။ သမ္မာအာဇီဝ အလုပ်များတတ်သူတွေ

ရဲ့ စိတ်ဖိစီးမှုကတော့ အကုသိုလ်ကံဘက်သို့ မရောက်ရှိပါ။ (အလုပ်များ စိတ်တိုပြီး ဘုဘောက်ပြောမိတာ၊ ဆဲဆိုအော်ငေါက်မိတာ၊ အိပ်ရေးပျက်လို့ ခေါင်းမကြည်၊ စိတ်မရွှင်တာလေးတွေ ဖြစ်တတ်တယ်)

စိတ်ဖိစီးမှုဒဏ် ပြင်းထန်လာရင် စိတ်ဝင်စားတဲ့အလုပ်တစ်ခု ပြောင်းလုပ်၊ နေရာရွှေ့နိုင်က ရွှေ့ပေါ့။ စိတ်ငြိမ်ဆေး ဆရာဝန်ညွှန်ကြားတဲ့အတိုင်းသောက်။

စိတ်ဖိစီးမှု စုပုံများပြားလာတဲ့အခါ၊ စိတ်ထဲတွင် ခံစားလာရသောအခါ စိတ်အေးသွားအောင် အချိန်ယူပြီး ကိုယ့်ကိုယ်ကို ထိန်းချုပ်ပါ။ အချိန်ကုန်မှန်းမသိ ကုန်သွားအောင် တစ်ခုခုလုပ်ပါ၊ ကိုယ်ခံ အားကိုး။ အလုပ်မှာ အာရုံပြောင်းပြီး တည်ဆောက်ပါ။ ဘဝရဲ့ စိန်ခေါ်မှုလောကဓံတွေကို မေ့ပစ်နိုင်တာ ကောင်းသော အလုပ်လုပ်နေခြင်းပါပဲ။ တုံ့ပြန်မှုများတာ၊ အကုသိုလ်လမ်းဘက် ရောက်သွားတတ်တယ်။

စိတ်ဖိစီးမှုဟာ အမှန်တကယ်တော့ စိုးရိမ်ကြောက်ရွံ့ခြင်းပဲ။ မကိုင်တွယ်နိုင်ဘူးဆိုတဲ့ ခံစားချက်နဲ့ အခြေအနေတွေကို တုံ့ပြန်ခြင်းပဲ။

ရန်ကုန်၊ တိပိဋကဆရာတော်ဘုရားကြီးရဲ့ ဆိုမိန့်ညွှန်ပြတဲ့ ဩဝါဒတစ်ချက်မှာ -

"ဖြူစင်သောစိတ်ထားဖြင့် ဆောင်ရွက်သမျှ အေးမြသောအကျိုးကို ရရှိမယ်။ မဖြူစင်သောစိတ်ထားဖြင့် ဆောင်ရွက်လျှင် နောင်အချိန်တွင် အပူအပင်များ ဝင်လာမည်မှာ သေချာ

လုပါတယ်။ သို့အတွက် အရာရာမှာ ဖြူစင်သောစိတ်ထားဖြင့် ဆောင်ရွက်ကြစေချင်ပါတယ်”ဟု ဆုံးမခဲ့ဖူးပါတယ်။

ယောဆရာတော်ဘုရားကြီးရဲ့ ဘဝဇာတ်ခုံ ပုံစံစုံတရားတော်မှာတော့ -

“ခန္ဓာကိုယ်ကြီးမှာ အနာ(၂)မျိုး ရှိတယ်။ ရုပ်အနာ၊ စိတ်အနာ အနာ(၂)မျိုးပေါ့။ ရုပ်အနာဆိုတာ ကုလို့လွယ်တယ်၊ စိတ်အနာဆိုတာ လောကမှာရှိတဲ့ဆေးနဲ့ ကုလို့ ပျောက်တာမဟုတ်။ စိတ်အနာ ဆိုးလာတဲ့အခါ၊ စိတ်အနာ တိုးလာတဲ့အခါ ရုပ်အနာ ပိုဆိုးလာတတ်တယ်။ စိတ်အနာ သက်သာကင်းရှင်းမှ ရုပ်အနာလည်း သက်သာတယ်၊ အကျိုးရှိတယ်။ စိတ်အနာဆိုတာကလည်း သီလ၊ သမာဓိ၊ ပညာ၊ အထူးအားဖြင့် ဘာဝနာဆိုတဲ့ဆေးနဲ့ကုမှ ပျောက်မယ်။ သာသနာကလည်း စိတ်အနာကုနည်းကို အကုန်လုံး လမ်းညွှန်ထားတယ်။”

အမရပူရ၊ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး အရှင်ဇနကာဘိဝံသဆိုဆုံးမတာက -

“စိတ်ကျန်းမာချမ်းသာလာအောင် ဘုရားကို သတိရနေ၊ သတ္တဝါတွေကို မေတ္တာပို့နေ၊ ကောင်းသော ကုသိုလ်ရေးတွေ တွေးနေ၊ ပြုလုပ်နေရတယ်။ လောဘ၊ ဒေါသတွေ ပြင်းပြင်းဖြစ်လာရင် စိတ်မှာ ရောဂါဖြစ်တယ်လို့သိပြီး အမြန်ဆုံးပြေပျောက်အောင် သတိထားလိုက်ရတယ်။”

တိပိဋကဓရ ယောဆရာတော်ဘုရားကြီးက -

"ချမ်းသာအောင်နေတတ်မှ ချမ်းသာကို ရနိုင်သည်ဖြစ်၍ စိတ်ရှင်းရှင်း မြင်တွေ့သမျှအာရုံကို အကောင်းဘက်ကဆွဲပြီး ချမ်းသာမှုကို မရရအောင် ရှာယူတတ်ရပေမယ်။ အကောင်းမြင်အဖြစ် မသုံးသပ်တတ်ပါက သုခထဲမှ ဒုက္ခဖြစ်လာတတ်တယ်" ဟု ဆိုမိန့်ခဲ့တယ်။

လူငယ်မောင်မယ်တို့ရေ -

စိတ်ဖိစီးမှုဖြစ်လာရင် အာရုံကို အကောင်းဘက်ကို ရအောင် ဆွဲပါ။ အဲဒါ သင်ဟာ ကံဆိုးကလွတ်အောင် ပြေးတာပါပဲ။

# စိတ်နှင့် ကုသိုလ်ကံ၊ အကုသိုလ်ကံ

* The noblest victory is to conquer one's own heart.

**(JEANDELAFONTANE)**

* ကိုယ့်ရဲ့စိတ်နှလုံးကို အောင်အောင်မြင်မြင် ထိန်းချုပ်ခြင်းဟာ အမြင့်မြတ်ဆုံးအောင်မြင်မှု ဖြစ်တယ်။

**(ဂျိမ်းဒီလာဖောင်န်တိန်း)**

စိတ်ကစပြီး ကုသိုလ်ကံပြုတယ်။ စိတ်ကစပြီးတော့ အကုသိုလ်ကံ ပြုပါတယ်။

ချစ်တတ်သောစိတ်ရှိရင် ချစ်စရာနှင့်တွေ့လျှင် ချစ်လိမ့်မယ်။ မုန်းတတ်သောသောစိတ်ရှိက မုန်းစရာနှင့်တွေ့လျှင် မုန်းလိမ့်မယ်။

နိဗ္ဗာန်ကို ပို့ပေးနိုင်တာ စိတ်။

ငရဲအရောက်၊ အဝီစိပေါက်ထဲ ပို့ဆောင်ပေးပြန်တာလည်း စိတ်။ အဝီစိချိုးကာပ်နိုင်တာ စိတ်။

အဲဒါကြောင့် ကိုယ့်ရဲ့စိတ်နှလုံးကို အောင်အောင်မြင်မြင် ထိန်းချုပ်ခြင်းဟာ အမြင့်မြတ်ဆုံး အောင်မြင်မှု ဖြစ်တော့တယ်။

"သတိတစ်လုံး။ အမြဲသုံး။ နောက်ဆုံး နိဗ္ဗာန်ရောက်"လို့တောင်မှ ဆိုပါတယ်။

သတိနှင့်စိုက်၊ ဉာဏ်နှင့်လိုက်၊ အကုသိုလ်ကံ မထိုက်အောင် ရှောင်ကွင်းနိုင်လိမ့်မယ်။

ဆေးက ရောင်စုံရှိ။ စိတ်က ဆေးလို မျိုးစုံလိုရှိ။ သတိနှင့် စိတ်ကိုဖမ်း။ ရမ်းတတ်တဲ့စိတ်ကို ဖမ်း။ မိအောင် ဖမ်းပါ။

* It is the mind that makes good or ill, that makes wretch or happy, rich or poor.

**(Edmund Spenser)**

* ကောင်းအောင်၊ ဆိုးအောင်၊ စိတ်ညစ်အောင်၊ ပျော်ရွှင်အောင်၊ ချမ်းသာအောင်၊ ဆင်းရဲအောင် ပြုလုပ်ပေးတာဟာ စိတ်ပဲ။

**(အက်ဒမန်စပန်ဆာ)**

တွေးခေါ်ရှင် အလက်ဇန္ဒားပုပ်ကဆိုခဲ့သော အဆိုတစ်ခု ရှိပါတယ်။

"ကျွန်ုပ်၏ အသိစိတ်က ကျွန်ုပ်အား လုပ်သင့်သော၊ မလုပ်သင့်သောအရာများကို ညွှန်ပြပါတယ်။ အဆိုပါ အသိစိတ်က သုခကို ရှာရန်ထက်၊ ဒုက္ခကို ရှောင်ရန် ညွှန်ပြတတ်တယ်"လို့ ဆိုတယ်။

တွေးခေါ်ရှင် နပိုလီယံဟီးလ်ဆိုခဲ့သော အဆိုတစ်ခုမှာ -

"သင့်စိတ်က ကြံဆယုံကြည်နိုင်သော အရာရာတိုင်းကို အပြုသဘော စိတ်ကောင်းနှင့်ယှဉ်ပြီး ရယူနိုင်ပါတယ်"လို့ ဆိုခဲ့တယ်။

ဝီလျံရှိတ်စပီးယား ယူဆချက်မှာ -

"သင့်မှာ ပါရမီမရှိသေးလျှင် ကုသိုလ်ပါရမီ တစ်ခုရအောင် ဆင်ခြင်ပါတဲ့"လေ။

နေ့စဉ်နဲ့အမျှ၊ နာရီစဉ်နဲ့အမျှ၊ နေ့စဉ်ရက်ဆက်ဆိုသလို ကိုယ့်စိတ်ကိုယ် စစ်နေရပါမယ်။ နေ့စဉ် စစ်ဆေး၊ စိတ်ညစ်ကြေးတွေဖြစ်၊ ပျက်နေတာ သိမှ အစစ အရာရာမှာ ကုသိုလ်ကံ၊ အကုသိုလ်ကံ၊ ဘယ်ကံကို ကိုယ်ပြုနေတာ ထင်ရှားလာမယ်။

မိမိစိတ် ဘယ်လိုပုံစံဖြစ်နေတာ၊ ဖြစ်တဲ့အတိုင်းသိနေဖို့ အလွန်အရေးကြီးလှတယ်။ သတိရှိမှ အသိရှိမှာဖြစ်လို့ သွားသတိ၊ စားသတိ၊ လုပ်သတိ၊ နှုတ်သတိ။ စိတ္တာနုပဿနာ သတိပဋ္ဌာန်တန်ခိုးကို အသုံးချတာ။

ရှေ့စိတ်ဖြစ်တာ နောက်စိတ်သိ။

စိတ်က ကုသိုလ်စိတ်၊ ကုသိုလ်ကံ ပြုနေသလား။ စိတ်က အကုသိုလ်စိတ်၊ အကုသိုလ်ကံ ပြုနေသလား

သတိမမူ ဂူမမြင်၊ သတိမူတော့ အံမယ်လေး - မြူတောင်မြင်သဗျ။

ရှေ့စိတ်ဖြစ်နေတာ နောက်စိတ်ကသိဖို့ဆိုတာ သတိရှိမှ ဖြစ်မယ်။

ပြင်သစ်စကားပုံမှာ -

"သတိကောင်းစွာထားပါမူ မကောင်းသောကံကို အဝေးသို့ နှင်နိုင်တယ်"ဟု ဆိုပါတယ်။

သတိမဝင်သမျှ အကုသိုလ်ကံဘက်ကို ပြုမိကြတယ်။ သတိတရားကောင်းမှ အသိတရားတွေ ပေါင်းမိပြီး ကုသိုလ်ကံအားတွေ အကြောင်းအကျိုးညီလာပါတယ်။

လူရဲ့ ရုပ်ပိုင်းဆိုင်ရာကို အမြဲပင် ပြုပြင်နေရသကဲ့သို့ စိတ်ပိုင်းဆိုင်ရာကိုလည်း အမြဲပြုပြင်နေရ၏။ ဘယ်အထိ ပြုပြင်ရမှာလဲဆိုလျှင် နိဗ္ဗာန်အထိ ပြုပြင်ရပါမည်။ နိဗ္ဗာန်မရောက်မချင်းကို ပြုပြင်နေရမယ်။ နိဗ္ဗာန်ရောက်မှပဲ ပြုပြင်တဲ့ကိစ္စ ပြီးဆုံးတယ်။

နိဗ္ဗာန်မရောက်သရွေ့ ***ကံက လွတ်အောင် မပြေးနိုင်*** သေးဘူးလေ။

စိတ်ရဲ့ သူ့ပင်ကိုသဘောက မကောင်းမှုမှာပဲ ပျော်ပါတယ်။

ပျော်ရာမှာ မနေရ

တော်ရာမှာ နေရလို့ဆိုတော့ . . .

အဓိကဇာတ်လိုက်ကြီး "စိတ်"ကို ပျော်ရာမှာ ထားလို့မဖြစ်၊ ဖြစ်ကို မဖြစ်လို့ တော်ရာမှာ၊ သင့်ရာမှာ ထားရမယ်။

စိတ်အလိုလိုက်၊ စိတ်အကြိုက်ဆောင်၊ စိတ်ယောင်တိုင်းသွား။ လွှတ်၍ထားက ငါးပါးကြိုး မှောက်လိမ့်မယ်။

“ရေကြောင့်ဖြစ်တဲ့ ရွံ့ညွန်ကို ရေနှင့် ဆေးကြောသန့်စင်ရသလို စိတ်ကြောင့်ဖြစ်သော မကောင်းမှုကို စိတ်နှင့်ပဲ စင်ကြယ်အောင် လုပ်ရပါမယ်”ဟု တုနှိုင်းမဲ့သော ဗုဒ္ဓမြတ်စွာက မိန့်မှာခဲ့တယ်။ အမြဲ သတိထားရမယ့် ဘုရားဩဝါဒစကား။

ဆိုလိုတဲ့သဘောကို အပိုချဲ့တွေးမနေပါနှင့်။ ဆိုလိုတာက စိတ်ကို စိတ်နှင့်ပဲ ပြင်ရမယ်၊ လူကို လူက ပြင်ရမယ်။ ထို့အတူပဲ စိတ်ကို စိတ်နှင့်ပဲ ပြင်ရမယ်၊ စိတ်နှင့် မပြင်နိုင်ရင် မအောင်မြင်ဘူး။

စာလိုပြောတော့ စိတ္တာနုပဿနာ သတိပဋ္ဌာန်နှင့် ပြင်ရမယ်။ အမှတ်နှင့်ပြောလျှင် သိတယ်၊ သိတယ်လို့ မှတ်နေရမယ်။ ထိုသို့ မှတ်နေမှ အသိစိတ်ရှိမယ်။ မမှတ်ဘဲနေတော့ မသိစိတ်က များနေမယ်၊ မသိစိတ်က ငယ်ထိပ်တက်နေသမျှ အကုသိုလ်ကံတွေ ပြုပြီးရင်းပြု စုပြီးရင်း စုနေမိမှာပါပဲ။

သိစိတ်ဝင်မှသာ စိတ်ကောင်း၊ နှလုံးကောင်းတွေ ဖြစ်ပါမယ်။ စိတ်ကောင်း၊ နှလုံးကောင်းကနေ ကုသိုလ်ကံတွေပြုမိအောင် ဖန်တီးတယ်။ စိတ်ကောင်း၊ နှလုံးကောင်းရှိဖို့ ပထမ၊ လူဆိုတာ ကိုယ့်ကိုယ်ကို တော့ ကောင်းတယ် ထင်ကြသူချည်းပဲ ဖြစ်တယ်။ မောင်ကောင်း၊ မယ်ကောင်းတွေပါ။ စိတ်ကို ကောင်းအောင်ထားနိုင်ရေးက ဓမ္မတရားတွေကို ကျင့်ကြံကြိုးကုတ်အားထုတ်ခြင်းဖြင့်သာ ထားနိုင်ခြင်းဖြစ်တယ်။

သူ့အံ့လိုလို ကောင်းနေခြင်း မဟုတ်ပါ။ လော၊ ဒေါ၊ မောတွေရှိလို့ ဘယ်မှာ အလိုလိုကောင်းမှာလဲ။

သက်ရှိ သက်မဲ့ လောကကြီးတစ်ခုလုံးကို စိတ်က ဦးဆောင်ပါတယ်။ စိတ်ကြောင့်ပင် ကမ္ဘာလောကကြီး ဖြစ်ရ၊ ပျက်ရတယ်။ သတ္တဝါတွေရဲ့သန္တာန်မှာ လော၊ ဒေါ၊ မော အကုသိုလ်ကံတွေ ပြုပြီး ရင်းပြုကြ၊ စုပြီးရင်းစုကြတော့ ထုထည်များလာ၊ ဒီကမ္ဘာ ပျက်စီးရတော့တယ်။ သတ္တဝါတို့သန္တာန်မှာ ကမ္ဘာလောကကြီး အသစ်ပြန်ဖြစ်စေလိုသောစိတ်ကြောင့်ပင် ကမ္ဘာသစ်ကြီး ပြန်ဖြစ်လာရတယ်။

မိမိ၏စိတ်က ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာတို့ကို ကြိုက်နှစ်သက်သော စိတ်ကြောင့်ပင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ ဖြစ်ရတယ်။ လူ၊ နတ်၊ ဗြဟ္မာအဖြစ်ကို ကြိုက်နှစ်သက်တဲ့စိတ်ဖြစ်တော့လည်း လူ၊ နတ်၊ ဗြဟ္မာ အမျိုးမျိုးတို့ ဖြစ်ရတယ်။

အဲဒီအကြောင်းကိစ္စမှာ စောဒကတက်ဖွယ်ရှိတာက ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာကို ဖြစ်စေတတ်သော အကုသိုလ်ကံတို့ကို ပြုချင်စိတ်ရှိကြသောကြောင့်ပင်။ တိရစ္ဆာန်၊ ပြိတ္တာဘုံသို့ ရောက်စေတတ်သော အကုသိုလ်ကံတို့ကို ပြုဖြစ်ကြတယ်။ အဲဒီလို ပြုဖြစ်ခြင်းသည်ပင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘုံကို ကြိုက်နှစ်သက်သော စိတ်ဆန္ဒကြောင့် ဖြစ်ပါတယ်။ မကြိုက်သူက ငရဲ စသောဘုံဆိုးတွေကို ရောက်စေတဲ့ အကုသိုလ်ကံတွေကိုပြုချင်စိတ် ရှိမှာမဟုတ်။

လောကကြီးမှာ စိတ်အမျိုးမျိုး ဆန်းကြယ်လေတော့ လိုချင်မှု တဏှာအမျိုးမျိုး ဆန်းကြယ်လေတော့တယ်။ ဆန်းကြယ်လာတော့ တယ်ဆိုရင် ပိုမှန်မှာ ထင်တယ်။ လိုချင်မှုတဏှာ အမျိုးမျိုးဆန်းကြယ် တော့ (ကုသိုလ်ကံ၊ အကုသိုလ်ကံ)အမျိုးမျိုး ဆန်းကြယ်ဖြစ်လာရ တယ်။ အဲဒီကံအမျိုးမျိုး ဆန်းကြယ်၍ လူ၊ နတ်၊ ပြဟ္မာ၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ သတ္တဝါ အမျိုးမျိုး အဆန်းတကြယ် ဖြစ်လာရတယ်။ တစ်လောကလုံး ဆန်းကြယ်သမျှ စိတ်ကပြုလုပ်ခြင်း ဖြစ်ပါတယ်။

တုန္နိုင်းမဲ့ ဗုဒ္ဓမြတ်စွာက -

"စိတ္တံ ဒန္တံ သုခါ ဝဟံ"

*စိတ်ကို ကောင်းစွာထိန်းသိမ်း၍၊ ဆုံးမ၍ အသုံးချသွား နိုင်လျှင် ချမ်းသာသုခရမှာ မလွဲကောန်ဖြစ်ပါတယ်။*

အမှန်တကယ်၊ စင်စစ် လူတွေဖြစ်နေတဲ့၊ လုပ်နေတဲ့ (ကုသိုလ် ကံ၊ အကုသိုလ်ကံ)က ပထမဇာတ်လိုက်ကျော်ကြီး "စိတ်" စိတ်၊ စိတ်ပါကွယ်လို့သာ ဆိုရပါတော့မယ်။

■ ■ ■ ▣ ■ ■ ■

# စိတ်ကိုပြုပြင် တစ်ဆင့်တင်

သင့်ကံက သင် လွတ်အောင် မပြေးနိုင်။

ကံကြမ္မာကောင်းနှင့်သော်လည်းကောင်း၊ ကံကြမ္မာဆိုးနှင့်သော်လည်းကောင်း တွေ့ရ၊ ကြုံရ မလွဲမရှောင်သာဆုံရသောအခါမှာ စိတ်ကိုပြုပြင်၍၊ တစ်ဆင့်တစ်တန်းတင်၍ ထားပါလေ။ အကြောင်းမှာ စိတ်ပြင်လျှင် ရုပ်ပြင်ပြီးသား။ စိတ်ကောင်းလျှင် ရုပ်ပြောင်း။ ကံကောင်း၍ စိတ်မြင့်သည်လောက် လူမြင့်နိုင်သည်။ စိတ်မြင့်သည်ထက် လူပို မမြင့်နိုင်။ စိတ်သည် မိမိကိုလည်း ပြုပြင်၏။ စိတ်သည် လောကကြီးကိုလည်း ပြုပြင်၍နေ၏။ ထိုအကြောင်း၊ ထိုအကျိုးအကြောင်း စိတ်ကိုပြင်၍ စိတ်ကောင်းမွေး၊ ဓမ္မစိတ်မွေး၊ ကိုယ့်စိတ် ကိုယ်စစ်လော့။

■ ■ ■ ▣ ■ ■ ■

# မနောကံ သဘောမှန်မှ

အကုသိုလ်ကံဘက်တွင် အပြစ်အကြီးဆုံးကံမှာ နိယတမိစ္ဆာဒိဋ္ဌိ ဖြစ်သည်။ ယင်းနိယတမိစ္ဆာဒိဋ္ဌိကံသည် ကာယကံ၊ ဝစီကံမဟုတ်၊ မနောကံ ဖြစ်သည်။ ထို့ကြောင့် မနောကံသာလျှင် အပြစ်အကြီးဆုံး ဖြစ်သည်။

**(ကောဂ္ဂုတ္တရပါဠိ၊ အဋ္ဌကထာ)**

× × ×

အကုသိုလ် ဒုစရိုက်ပြုတဲ့အခါ ကံ(၃)ပါးမှာ ဘယ်ကံက အပြစ်ကြီးလဲ။

ကာယကံမြောက် ရိုက်မှု၊ ထိုးမှု၊ သတ်ဖြတ်မှု၊ အဖမ်းခံရ၊ ထောင်ချခံရတော့ ကာယကံက အပြစ်ကြီးတယ်လို့ ထင်စရာပါပဲ။

ထိုးမှ ဆိုးတယ် ထင်တယ်။

ဆဲဆိုကြိမ်းမောင်း၊ ခြိမ်းခြောက်၊ မုသားပြော၊ ဥစ္စာလိမ်ယူရင် တရားစွဲခံရလို့ ဒုတိယ အပြစ်ကြီးတယ် ထင်စရာပါပဲ။

စိတ်ထဲမှာ ဘယ်သူမှမသိဘဲ တွေးပြီး ပြစ်မှားတာ၊ ဘယ်မှာ အရေးယူ တရားစွဲခံရမှာလဲ။

တရားသဘော ဘုရားဟောမှာက မနောကံ အပြစ်ကြီးသတဲ့။

စေတနာပါမှ အပြစ်ကြီးတယ်ဆိုတော့ မနောကံက ကာယကံထက် အားကြီးတယ်။

စိတ်စွဲလမ်းရာ၌ ဖြစ်ရသည်ဟူသောအချက်က ကာယကံထက် မနောကံ အားကြီးတယ်။ စိတ်ပါလက်ပါဆိုတဲ့စကား ကြားဖူးကြမယ်။ စိတ်ပါမှ လက်ပါတယ်။ လေနောက် လက်ပါဆိုတာကတော့ ဝစီကံ ပြောပြီး လက်တွေ့လုပ်တာပါ။

တုန္နိုင်းမဲ့သော မြတ်စွာဘုရားက ကံကို (၃)ပါးပညတ်ခဲ့တယ်။ ကာယကံ၊ ဝစီကံ၊ မနောကံ ဖြစ်တယ်။ ကမ္မဝါဒဖြစ်တဲ့ အခြားနိဂဏ္ဍ ဂိုဏ်းကတော့ ကံဟုမပညတ်ဘဲ ကာယဒဏ်၊ မနောဒဏ်၊ ဝစီဒဏ် လို့ ပညတ်တယ်။ ပညတ်ချက်ကွဲပေမယ့် ဆိုလိုချက်က အတူတူပဲ လို့ ဆိုထိုက်ပါတယ်။ ဒါပေမဲ့ အပေါ်ယံတူပေမယ့် အနှစ်သာရက မတူဘူး။

မြတ်ဗုဒ္ဓက မနောကံက အကုသိုလ်ပြုရာမှာ အပြစ်အကြီးဆုံး လို့ ပြတ်ပြတ်သားသား၊ ရှင်းရှင်းလင်းလင်း မိန့်ဆိုဆုံးမတယ်။

စာရေးသူကိုယ်တွေမှာ စိတ်နှင့် ဖယောင်းတိုင်(၃)တိုင်မီးကို ငြိမ်းပြတာ တွေ့မြင်ဖူးပါတယ်။ ပါးစပ်က လေနှင့်မှုတ်တာ မဟုတ်ဘူး။

ဇာတ်တော်တွေထဲမှာတော့ ရသေ့တွေ စိတ်ဆိုးလို့ တိုင်းကြီး (၄)တိုင်းဟာ တောအတိဖြစ်သွားတာကို ဖတ်ခဲ့ဖူးပါတယ်။

စာရေးသူ လူမိန်းတွေး တွေးတယ်လေ။ စာရေးသူ စာရေးရင်၊ စိတ်မပါရင် မရေးချင်ဘူး။ ငွက်ရေးလည်း စိတ်မပါတော့ မကောင်းဘူး။ စိတ်မပါရင် စာကို ရေးကိုမရေးချင်တော့ဘူး။ စိတ်ပါတဲ့အခါကျတော့ ပဲပြုတ်သည်လာမှပဲ အချိန်ကို သိလာတော့တယ်။ စိတ်က အိပ်ရမှာကို မတွေးမိဘူး။

ပြီးတော့ လူတွေမှာ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်မရှိတာကိုက ကြီးမားတဲ့ပြဿနာတစ်ခု။ မနောကံ ယုံကြည်စိတ်မရှိတော့ ကာယကံ အားအင်းမပါတော့ဘူးလေ။ မနောကံအားကောင်းရင် စိတ်ချလက်ချ ရှိတယ်။ လုပ်ရကိုင်ရတာလည်း ပျော်ပါတယ်။

အချို့က စိတ်ပျက်ရင် ဘဝပျက်ပြီလို့တောင် ဆိုသဗျ။ မနောကံ ကောင်းမှ စာရိတ္တကောင်းတယ်၊ စာရိတ္တက လူရဲ့ အဓိကဥစ္စာဆိုတော့ မနောကံက အဓိကပေါ့။

မနောကံပျက်ရင် ဝစီကံ၊ ကာယကံတွေ လိုက်ပြီးပျက်ကုန်ရော။

* Where boasting ends, there dignity begins.

* မော်ကြွားတတ်တဲ့စိတ်တွေ ချုပ်ငြိမ်းသွားတဲ့အခါ ဂုဏ်သိက္ခာတွေ စပြီး တက်လာတော့တယ်တဲ့။

မနောကံကို ထိန်းချုပ်တဲ့အခါ ဝစီကံ၊ ကာယကံတွေလည်း ကောင်းမွန်မှန်ကန်လာတော့တာပဲ။

* Without the idea of progress life is a corrupting marsh.

* တိုးတက်မှုအတွက် ဘာစိတ်ကူးမှမရှိရင် ဘဝဟာ သုံးမရတဲ့ နွံတောကြီး ဖြစ်သွားတတ်တယ်လို့ တွေးခေါ်ရှင် အိဗ်(ချ်)ဂျီဝဲ(လ်)က အဆိုပြုတယ်။

ဘာမဆို စိတ်က စတာပဲ။ နှုတ်က မပြောသေးဘူး၊ လက်က မလှုပ်ရှားသေးဘူး။

မနောကံက လှုပ်ရှားမှုစ၍ ဖြစ်တယ်။ အဲဒါကြောင့် မနောကံ က သဘောမှန်မှ ဖြစ်မယ်။ သဘောမမှန်သမျှ ဇောထန်တာတွေက အပြစ်ဖြစ်လေတော့ စတင်တဲ့ မနောကံက အပြစ်အကြီးဆုံးပေါ့။

ကောင်းမှုကံ၊ မကောင်းမှုကံဆိုတဲ့ ကံ(၂)မျိုးလုံးဟာ စိတ်ကသာ စတင်ဖြစ်လေတော့ မနောကံထက် ပိုမိုအရေးကြီးတာ ဘာဆိုဘာမှ မရှိတော့ပါဘူး။

* Imganation is the greatest force on the earth.

* ကမ္ဘာကြီးမှာ စိတ်ကူးစိတ်သန်းသာ အင်အားအကြီးမားဆုံးပါပဲ။

မိမိရဲ့စိတ်တွင်းက ခံစားမှုဟာ မိမိလုပ်တဲ့ အလုပ်ပေါ်မှာ မူတည် နေကြောင်းကို သတိပြုပါ။ မိမိစိတ်တွင်းခံစားမှုကို ကိုင်တွယ်ထိန်းချုပ် ၍ မရပါ။

စိတ်ဟာ မကောင်းတဲ့ဘက်ကို ယိမ်းညွှတ်တာနှင့်အမျှ
ကိုယ့်ကျင့်တရားမြင့်မြတ်သူ မဖြစ်နိုင်တော့ဘူး။
ကြမ်းတမ်းရှန့်ရင်းတဲ့ မနောကံက သိမ်မွေ့နူးညံ့တဲ့ ကိုယ်ကျင့်
တရားကို လွှမ်းမိုးသွားရင် လမ်းမှားကို အလိုလိုလျှောက်သွားပါရော။
မနောကံကို မနိုင်နင်းရင် ဝစီကံ၊ ကာယကံ မနိုင်နင်းတော့တာ
အမှန်ပဲ။
မနောကံက နိုင်းနေတဲ့အမှားကို ဝစီကံက ခွင့်ပြုမိတယ်။ အားမရ
င်တော့ ကာယကံကပါ လိုက်ပြုတော့တယ်။
မနောကံက မျှော်လင့်ချက်မရှိရင် ကာယကံက လိုက်မပြုချင်၊
လှုပ်ရှားချင်တော့ဘူး။

***ကိုယ်နှုတ်နှစ်ဖြာ၊ ပြုကျင့်ရာ၌***
***စေတနာပါမှ၊ အပုညနှင့်***
***ပုညစင်စစ် ကံဟုဖြစ်၏။***

(မဃဒေဝ - ၂၀၉)

သင် ကံက ပြေးမလွတ်နိုင်ပါ။ မနောကံ သဘောမှန်မှသာ
လောကံခံဆိုးကောင်း ခံနိုင်ပေလိမ့်မယ်။

■ ■ ■ ▣ ■ ■ ■

# ဆန်းကြယ်သောကံ

*လူတို့ကိုစွ၊ လူ့လောကဋ္ဌ၊ ပြုသမျှမျိုး၊ ပြစ်အကျိုးတို့၊ ကောင်းဆိုး အတိ၊ မြဲမရှိဘူး၊ လောကီထုံးစံ၊ လောကဓံကား၊ မကြီးလည်းဖြစ်၊ ကြီးလည်းနှစ်၏။*

လူ့ဘဝခရီးမှာ မမျှော်လင့်သော၊ ဆန်းကြယ်သော ကံများနှင့်လည်း တွေ့ရတတ်ပါတယ်။

Weekly Eleven ဂျာနယ် ၂၃-၇-၂၀၀၈ မှာ သတင်းတစ်ပုဒ် ပါလာခဲ့ပါတယ်။ သတင်းရဲ့ခေါင်းစဉ်က -

"ခွေးတစ်ကောင် ဓာတ်လိုက်နေသည်ကို ဝင်ကယ်သူနှစ်ဦး ဓာတ်လိုက်သေဆုံး"

ခွေးတစ်ကောင် ဓာတ်လိုက်နေသည်ကို ဝင်ကယ်ရာမှ လူနှစ်ဦး ဓာတ်လိုက်သေဆုံးရသည့်ဖြစ်ရပ် ၂၀၀၈ ခုနှစ်၊ ဇူလိုင်လက လှိုင်ကာယာမြို့နယ်တွင် ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

စိတ်ဟာ မကောင်းတဲ့ဘက်ကို ယိမ်းညွတ်တာနှင့်အမျှ ကိုယ့်ကျင့်တရားမြင့်မြတ်သူ မဖြစ်နိုင်တော့ဘူး။

ကြမ်းတမ်းရုန့်ရင်းတဲ့ မနောကံက သိမ်မွေ့နူးညံ့တဲ့ ကိုယ်ကျင့်တရားကို လွှမ်းမိုးသွားရင် လမ်းမှားကို အလိုလိုလျှောက်သွားပါရော။

မနောကံကို မနိုင်နင်းရင် ဝစီကံ၊ ကာယကံ မနိုင်နင်းတော့တာ အမှန်ပဲ။

မနောကံက ခိုင်းနေတဲ့အမှားကို ဝစီကံက ခွင့်ပြုမိတယ်။ အားမရနိုင်တော့ ကာယကံကပါ လိုက်ပြုတော့တယ်။

မနောကံက မျှော်လင့်ချက်မရှိရင် ကာယကံက လိုက်မပြုချင်၊ မလှုပ်ရှားချင်တော့ဘူး။

***ကိုယ်နှုတ်နှစ်ဖြာ၊ ပြုကျင့်ရာ၌***
***စေတနာပါမှ၊ အပုညနှင့်***
***ပုညစင်စစ် ကံဟုဖြစ်၏။***

(မဃဒေဝ - ၂၈၉)

သင် ကံက ပြေးမလွတ်နိုင်ပါ။ မနောကံ သဘောမှန်မှသာ လောကံခံဆိုးကောင်း ခံနိုင်ပေလိမ့်မယ်။

■ ■ ■ ◙ ■ ■ ■

## ဆန်းကြယ်သောကံ

***လူတို့ကိုစွ၊ လူ့လောကဠ်၊ ပြုသမျှမျိုး၊ ဖြစ်အကျိုးတို့၊ ကောင်းဆိုး အတိ၊ မြဲမရှိဘူး၊ လောကီထုံးစံ၊ လောကဓံကား၊ မကြံလည်းဖြစ်၊ ကြံလည်းနစ်၏။***

လူ့ဘဝခရီးမှာ မမျှော်လင့်သော၊ ဆန်းကြယ်သော ကံများနှင့်လည်း တွေ့ရတတ်ပါတယ်။

Weekly Eleven ဂျာနယ် ၂၃-၇-၂၀၀၈ မှာ သတင်းတစ်ပုဒ် ပါလာခဲ့ပါတယ်။ သတင်းရဲ့ခေါင်းစဉ်က -

"ခွေးတစ်ကောင် ဓာတ်လိုက်နေသည်ကို ဝင်ကယ်သူနှစ်ဦး ဓာတ်လိုက်သေဆုံး"

ခွေးတစ်ကောင် ဓာတ်လိုက်နေသည်ကို ဝင်ကယ်ရာမှ လူနှစ်ဦး ဓာတ်လိုက်သေဆုံးရသည့်ဖြစ်ရပ် ၂၀၀၈ ခုနှစ်၊ ဇူလိုင်လက လှိုင် ...ကယာမြို့နယ်တွင် ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်ပွားပုံမှာ ၂၀၀၈ ခုနှစ်၊ ဇူလိုင်လ (၁၂)ရက်နေ့ ညနေ (၆)နာရီ(၅)မိနစ်အချိန်တွင် အင်းစိန်ဆေးရုံသို့ ဓာတ်လိုက်သေဆုံးသူ နှစ်ဦး ရောက်ရှိလာကြောင်း သက်ဆိုင်ရာက သတင်းရရှိသောကြောင့် သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ သွားရောက်စစ်ဆေးရာ လှိုင်သာယာစက်မှုဇုန်(၄)၊ ပြင်စည် မင်းသားကြီးလမ်းရှိ ပလတ်စတစ်စက်ရုံဝင်းအတွင်းတွင် မီးစက်ထား သည့်အဆောက်အအုံကို ကာရံထားသော သံဆန်ကာတွင် စက်ရုံ ပိုင်ခွေးတစ်ကောင် ဓာတ်လိုက်နေ၍ စက်ရုံလုံခြုံရေးအမျိုးသားတစ်ဦး က သွားရောက်ဖယ်ယူစဉ် လျှပ်စစ်စီးဝင်နေသော သံဆန်ကာအား ကိုင်မိပြီး ဓာတ်လိုက်ခဲ့ရာ ၎င်းအားကူညီရန်သွားသူ စက်ပြင်လုပ်သား တစ်ဦးပါ သံဆန်ကာနှင့်ထိမိပြီး ဓာတ်လိုက်ခံခဲ့ရကြောင်း သိရသည်။

စက်ရုံမှ တာဝန်ရှိသူများက လျှပ်စစ်မီးအား ဖြတ်တောက်ပြီး ဓာတ်လိုက်ခံရသူနှစ်ဦးကို အင်းစိန်ဆေးရုံသို့ပို့စဉ် လမ်း၌ သေဆုံးခဲ့ ကြောင်း သိရသည်။

သေဆုံးခဲ့သူများမှာ အသက်(၅၂)နှစ်ရှိသူ လုံခြုံရေးအမျိုးသား နှင့် အသက်(၂၅)နှစ်ရှိ စက်ပြင်လုပ်သားတစ်ဦးတို့ဖြစ်ပြီး၊ စက်ရုံ၌ပုင် နေထိုင်သူများဖြစ်ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်အား လှိုင်သာယာမြို့နယ် ရဲတပ်ဖွဲ့စခန်းက သေမှု သေခင်းအမှတ်(၂၀/၂၀၀၈)ဖြင့် အမှုဖွင့်စစ်ဆေးခဲ့ကြောင်း သိရသည်။

နောက် ဆန်းကြယ်သော ကံသတင်းတစ်ပုဒ်မှာ -

NEEKSWEEK ဂျာနယ် ၁၄-၈-၂၀၀၈ တွင် သတင်းခေါင်းစဉ်က -

"သင်္ဘောလုပ်သက်(၂)ပတ်မပြည့်မီ မိဘဆွေမျိုးများဆုံးပါးပြီ၊ ဆွေမျိုးဆုံးခဲ့သည့် သင်္ဘောသား"

မြန်မာသင်္ဘောသားတစ်ဦးသည် ပြည်ပသင်္ဘောလိုင်းတွင် (၁၁)ရက်မျှသာ သင်္ဘောလိုက်ပြီး မိသားစုအား သိန်း(၃၀၀)ကျော် ရှာဖွေပေးခဲ့ကြောင်း သိရသည်။ ကိုရီးယား-တရုတ်သင်္ဘောလိုင်းတွင် Citizen (ကိုယ်ပိုင်အမှတ်-၂၀၁၂၂)ဖြင့် လိုက်ပါသော အသက်(၄၈)နှစ် မြန်မာသင်္ဘောသားဦးခင်မောင်စန်းသည် ၂၀၀၈ ခုနှစ်၊ မတ်လ (၂၁)ရက်နေ့၌ စတင်သင်္ဘောလိုက်ပါခဲ့ပြီး ဧပြီလ (၂)ရက်နေ့တွင် တရုတ်နိုင်ငံ၊ နင်ဘိုးဆိပ်ကမ်း၌ နှလုံးရောဂါဖြင့် ရုတ်တရက်ကွယ်လွန်ခဲ့ပြီး ဦးခင်မောင်စန်းအား ဧပြီလ (၈)ရက်နေ့တွင် ကိုရီးယားတွင် သင်္ဂြိုဟ်ခဲ့ကြောင်း သိရသည်။

အဆိုပါအမှုကို မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများအသင်းမှ ဖြေရှင်းဆောင်ရွက်ပေးခဲ့ရာ ဇွန်လ (၁၉)ရက်နေ့က တစ်ဖက်နိုင်ငံသင်္ဘောလိုင်းမှ အမေရိကန်ဒေါ်လာနစ်သောင်းခွဲ လျော်ကြေးပေးအပ်ခဲ့ကြောင်း သိရသည်။

တစ်ချိန်က စာရေးသူ၏ အသိမိတ်ဆွေတစ်ဦးမှာ သင်္ဘောနှင့် ဆယ်သောလုပ်ငန်းကြီးတစ်ခုကို လုပ်ကိုင်ခဲ့သည်။ စစ်အတွင်းက သင်္ဘောများကို ဆယ်သောလုပ်ငန်းဖြစ်၏။ သိန်းကို ထောင်နှင့်ချီပြီး

ရင်းခဲ့သော်လည်း လုပ်ငန်းက မအောင်မြင်သည်ကများ၍ ငွေလည်း ဆက်မလိုက်နိုင်၍ အရှုံးနှင့်ရပ်ပြီး နယ်သို့ ပြန်သွားခဲ့ရသည်။ သူ့ ဇနီးသည်က မုန့်ဟင်းခါးဆိုင်ဖွင့်၍ ရှာဖွေကျွေးရ၏။

* It may happen thou not planned.

What is planned may fail. Wealth may not be obtained whenever tried.

* မကြံစည်ဘဲလျက် ဖြစ်တတ်၏။ ကြံရွယ်ထားလျက်လည်း ပျက်တတ်၏။ ဥစ္စာစည်းစိမ်ဟူသည် ကြံစည်ကြိုးစားတိုင်းလည်း မရနိုင်။

(လောကနီတိ)

■ ■ ■ ▣ ■ ■ ■

# စေတနာသည် ကံတရားအစစ်

*** Cetana, the real Kamma.**

* စေတနာသည် ကံတရားအစစ်။

တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီး အရှင်ဦးဥတ္တမသာရက -

- စေတနာကောင်းလျှင် ကံကောင်းမယ်၊
- စေတနာဆိုးလျှင် ကံဆိုးမယ်၊
- စေတနာမြတ်လျှင် ကံမြတ်မယ်၊
- စေတနာဖြောင့်လျှင် ကံဖြောင့်မယ်၊
- စေတနာကောက်လျှင် ကံကောက်မယ်၊
- စေတနာမွဲလျှင် ကံမွဲမယ်၊
- စေတနာဌေးလျှင် ကံဌေးမယ်၊
- စေတနာစင်ကြယ်လျှင် ကံစင်ကြယ်မယ်၊

- စေတနာညစ်ပတ်လျှင် ကံညစ်ပတ်မယ်၊
- စေတနာဖြူလျှင် ကံဖြူမယ်၊
- စေတနာမဲလျှင် ကံမဲမယ်၊
- စေတနာမြင့်လျှင် ကံမြင့်မယ်၊
- စေတနာနိမ့်လျှင် ကံနိမ့်မယ်၊

ဒါကို မြဲမြဲမှတ်ထားကြပါလို့ မိန့်ဆို ဆုံးမမှာကြား အသိတရား သွင်းပေး ညွှန်ပြပေးခဲ့ပါတယ်။

ကံတရားလို့ ပြောလေ့ရှိကြရာမှာလည်း ကံတရားအစစ်ဟာ ဘာကို ဆိုလိုသလဲ။

ကံတရားဆိုတာ မိမိတို့၏ စိတ်ရင်းထဲမှာ ဖြစ်ပေါ်လာကြတဲ့ စေတနာပင် ဖြစ်တယ်။ စေတနာဆိုတာ ကံတရားအစစ်ပဲ။

တုန္နိုင်းမဲ့သော မြတ်ဘုရားရှင်က -

"စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ" လို့ ဟောတော်မူခဲ့ပါတယ်။

ဘိက္ခဝေ = ချစ်သားရဟန်းတို့

စေတနံ = စေတနာကို

ကမ္မံ = ကံဟူ၍

အဟံ = ငါဘုရားသည်

ဝဒါမိ = ဟောတော်မူ၏။

■ ■ ■ ◙ ■ ■ ■

# ကိုယ့်ကံ ကိုယ်ဖန်တီးနိုင်ရမယ်

* You must create your own n Kamma.

* ကိုယ့်ကံ ကိုယ်ဖန်တီးနိုင်ရမယ်။

တိပိဋကဓရ ယောဆရာတော်ဘုရားကြီးက ဟောကြားဆုံးမသွန်သင်ပြတာက -

* သာသနာဆိုတာ နှစ်ဖက်လုဖို့၊ အပေါင်းလက္ခဏာပြဖို့ ပေါ်လာတာပါ။

- ကံငယ်သူတွေ ကံကြီးစေရမယ်၊
- ကံနည်းသူတွေ ကံများစေရမယ်၊
- ကံနိမ့်သူတွေ ကံမြင့်စေရမယ်၊
- ကံဆိုးသူတွေ ကံကောင်းစေရမယ်၊

- ကံညံ့သူတွေ ကံတက်စေရမယ်၊
- ကံမှိန်သူတွေ ကံတောက်စေရမယ်၊
- ကံရှားသူတွေ ကံပေါ်စေရမယ်၊
- ကံတုံးသူတွေ ကံချွန်စေရမယ်၊
- ကံမြင့်သူတွေ ကံမြင့်သည်ထက် မြင့်စေရမယ်၊
- လမ်းပျောက်သူတွေ လမ်းတွေ့စေရမယ်၊
- ရှုပ်သူတွေ ရှင်းစေရမယ်၊
- ပူသူတွေ အေးစေရမယ်၊
- မြုပ်သူတွေ ပေါ်စေရမယ်၊
- အနှောင်အဖွဲ့တွေ ကျွတ်လွတ်ဆိုတဲ့ ရည်ရွယ်ချက်နှင့် သာသနာပေါ်လာတာပါ။ သာသနာကို မှီခွင့်ရထားတဲ့ မိမိတို့ရဲ့ စိတ်အစဉ်ဟာ ကိုယ့်စိတ်ကြိုက် မြှင့်တင်ပြီး အပေါင်းလက္ခဏာပြခွင့်ရှိပါတယ်။

ကိုယ့်ကံကို ကိုယ့်စိတ်ကြိုက် ဖန်တီးနိုင်ခွင့်ရှိပါတယ်လို့ ဟောဖော်ဆိုမိန့် ညွှန်ပြတော်မူပါတယ်။

သတ္တလောကကြီးအတွင်းမှာ ကိုယ့်ကံ ကိုယ်ကြိုက်သလို ဖန်တီးနိုင်ကြတယ်။ ကိုယ်ကြိုက်သလို ဖန်တီးယူနေခြင်းဖြစ်တယ်။

မူသေ ကံ၏အခြင်းအရာကို သိထားကြလျက် မိမိတို့ရဲ့ကံကို မိမိကြိုက်သလို ဖန်တီးယူနိုင်ကြောင်း နားလည်ကြရမယ်။

အမှန်မှာ နားလည်သူဖြစ်စေ၊ နားမလည်သူပဲဖြစ်စေ ကိုယ်၏ ကံကို နေ့စဉ် ကိုယ်တိုင်ဖန်တီးယူနေသူချည်း ဖြစ်ပါတယ်။

လုံ့လရှိသူ ကံက ကူတယ်။

ရှင်းလင်းသိသာတဲ့ ဥပမာတစ်ခုက မှန်ထဲကို ကြည့်ပါ။ မိမိက ပြုံးလျှင် မှန်ထဲမှာပြုံးတာ မြင်ရပါမယ်။ မိမိမဲ့ပြရင် မဲ့နေတာ တွေ့ရမှာပဲ။

မျက်နှာလှရင် ကြေးမုံပြင်မှာထင်တဲ့အရိပ်က လှပါတယ်။ မျက်နှာ မလှရင် အရိပ်က ဘယ်မှ လှနိုင်မှာလဲ၊ အဲဒီပုံသဏ္ဍာန်ကို မိမိမှ တစ်ပါး အပြင်အပက ဘယ်တန်ခိုးရှင်၊ ဘယ်ဘုရားသခင်ကမှ ဖန်ဆင်းပြီး ပြုလာကြတာ မဟုတ်ဘူး။

■ ■ ■ ▣ ■ ■ ■

## ဥပစ္ဆေဒကကံ

■ ဥပစ္ဆေဒကကံဖြင့် သေဆုံးရခြင်းဟာ အတိတ်ကံ၊ ပစ္စုပ္ပန်ကံ နှစ်မျိုးလုံးနှင့် ဆိုင်တယ်။

ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သူဟူသော ရန်သူမျိုးငါးပါးတို့ကြောင့် လတ်တလောသေရခြင်း၊ ကား၊ ရထား၊ လေယာဉ်ပျက်ကျ၍၊ တိုက်၍ သေရခြင်းတို့မှာ ဥပစ္ဆေဒကကံဖြင့် သေဆုံးရခြင်းတို့ဖြစ်ပါတယ်။

အတိတ်ကံနှင့် သေရတတ်သလို ပစ္စုပ္ပန်အကုသိုလ် ထူပြောလာလျှင်လည်း တစ်နည်းနည်း ဥပစ္ဆေဒကကံဖြင့် ပျက်စီးကြရကုန်တယ်။

အတိတ်အကုသိုလ်ကံသည် ဓမ္မနိယာမအတိုင်း တူသောအကျိုးကို ပေးတယ်။ ကုသိုလ်ကံလည်း တူသောအကျိုးကို ပေးတယ်။

ဥပဒ္ဒေဒကာကံကို တကယ်ခံရမယ့်လူဟာ ယခြားချေလို့လည်း မလွှတ်ပါဘူး။ ဘယ်လို ရှောင်ပြေးမရ။ ကုသိုလ်ပဲဖြစ်ဖြစ်၊ အကုသိုလ်ပဲဖြစ်ဖြစ် အားအလွန်ကြီးမားလာရင် တားဆီးနိုင်ခြင်းမရှိဘူး။ အကျိုးပေးတတ်တာပဲ။

အကုသိုလ်ဖ.လုပ်ဆိုတာ အားကြီးလာပြီဆိုရင် နောက်ဘဝတွင် ဘယ်ကမလဲ၊ ယခုလက်ငင်းဘဝမှာပင် အကျိုးပေးတယ်။ ယခုဘဝ အကုသိုလ်အားကြီးလို့ ဥပဒ္ဒေဒကာကံခံရသူတွေ တွေ့ဖူးကြမှာပါ။ (Accident) ရုတ်တရက် ထိခိုက်သေရတာကလည်း အတိတ်ကံ ပါဝင်မယ်လို့ စာရေးသူ ယူဆမိပါတယ်။

ယခုခေတ် ကားတိုက်တာ၊ ကားမှောက်တာ၊ သင်္ဘောနစ်တာ၊ လေယာဉ်ပျက်တာ၊ လေဘေး ရေဘေးသင့်၍ သေကျေပျက်စီးရခြင်းစသော ဥပဒ္ဒေဒကံများဟာ ပစ္စုပ္ပန်ကံ၊ အတိတ်ကံလို့ ပြောရမှာ။ သူ့ကံ၊ ငါ့ကံလို့ ပြောရမှာ ခက်လှတယ်။

အရက်မူးနေတဲ့ ကားမောင်းသူရဲ့ ပစ္စုပ္ပန်ကံမကောင်းမှုကြောင့် ခရီးသည်တွေသေရခြင်းကို ဥပဒ္ဒေဒကံလို့ ပြောရမှာ ခက်မယ်ထင်ပါတယ်။

တစ်ဦးတစ်ယောက် မကောင်းမှုကံကြောင့် အများစုသေကျေပျက်စီးရသည်လည်း ရှိတယ်။

ဗိမ္ဗိသာရမင်းကိုသတ်သော အဇ တသတ်မျိုးဆက်တို့ ငါးဆက်တိုင်တိုင် အဖမင်းကို သားက သ◌်ကြ◌ာယ်။ သူတို့လည်း ပြန်ပြီး

ဥပဒ္ဒေကကံထိုက်ပါတယ်။

လူ့ဘ၀ ရတောင့်ရခဲကို ရပြီး ဥပစ္ဆေဒကကံထိုက်ရတာ အလွန် ဆုံးရှုံးတာပဲ။

* Fortune lost, nothing lost. Courage lost much lost. Homour lost more lost. Soul lost, all lost.

* ကံကြမ္မာဆုံးရှုံးသွားလျှင် ဘာမှ မဆုံးရှုံး။ သတ္တိဆုံးရှုံးသွားလျှင် များစွာဆုံးရှုံးသည်။ ဂုဏ်သိက္ခာဆုံးရှုံးလျှင် ပို၍ပင် ဆုံးရှုံးသည်။ အသက် ဆုံးရှုံးလျှင် အကုန်ဆုံးရှုံးသည်။

(ဒတ်ချ်စကားပုံ)

နောက်နောင် သံသရာဘ၀တွေမှာ ဥပစ္ဆေဒကကံ မထိ၊ မနာ ရလေအောင် ဘ၀တစ်လျှောက်လုံး နေ့စဉ်နှင့်အမျှ အနန္တော အနန္တ ငါးပါးမမေ့ဘဲ ကုသိုလ်ကံကိုဆောင်၊ အကုသိုလ်ကံမှန်သမျှကို ရှောင် ပါလေလော့။

■ ■ ■ ▣ ■ ■ ■

## ကံဆိုသည်မှာ . . .

■ ကံဆိုသည်ကား နာမ်အစဉ်မှာ စိတ်ဝိညာဉ်နှင့်အတူ ပါလာသော စေတနာဓာတ်ကြီးကို ဆိုသတည်း။

ထိုစေတနာဓာတ်ကြီးသည် ခပ်သိမ်းသောအရေးကိစ္စတို့၌ စိတ်ဝိညာဉ်ကို အတွင်းလှုံ့ဆော်၍ ထကြွသမားကြီးဖြစ်၏။

ထို့ကြောင့် စေတနာလည်း ခေါ်၏။ စိတ်ဝိညာဉ်ကို အတွင်းလှုံ့ဆော်ခြင်းမရှိက ဘယ်ကိစ္စတစ်ခုမျှ ပြီးစီးမည်မဟုတ်။ စိတ်ဝိညာဉ်ကို အတွင်းထကြွလှုံ့ဆော်သူရှိပေ၍သာလျှင် ထိုထိုကိစ္စ ပြီးစီးကြ၏။

ထို့ကြောင့် ထိုလှုံ့ဆော်မှုကြီးသည် ခပ်သိမ်းသောကိစ္စတို့မှာ အမှုသည်ရင်းကြီး ဖြစ်ပေ၏။ ထို့ကြောင့် ကံဟူ၍လည်း ဆိုရ၏။

**(လယ်တီဆရာတော်ဘုရားကြီး၊ နိယာမဒီပနီ)**

■ ■ ■ ▣ ■ ■ ■

## ဒီအချိန်
## ဒီကံ

* Do not look back, and do not dream about the future.

It will neither give your back the past nor satisfy your day dreams.

Your duty, your reward your destiny are here and now.

* အတိတ်ကို နောက်ပြန် လှည့်မကြည့်နှင့်။ အနာဂတ်ကို လည်း စိတ်ကူးယဉ်အိပ်မက်တွေ မက်မနေနှင့်။ ဒါဆိုရင် အတိတ်ရဲ့ နွေလယ်အိပ်မက်တွေရဲ့ ကျေနပ်သာယာမှုတွေ ပျောက်သွားလိမ့်မယ်။ ကိုယ်လုပ်ရမယ့်တာဝန်၊ ရလာမယ့်ဆုလာဘ်နဲ့ ကြုံတွေ့လာရမယ့် ကံကြမ္မာတွေဟာ ဒီအချိန်မှာ ဒီနေရာကို ရောက်နေပါပြီ။

[ဒက်(ဂ်)ဟမ်းမား(စ်)ရှီး]

ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း

■ ■ ■ ▣ ■ ■ ■

## လက်ရှိအချိန် ပြုသောကံ

* The present is the only reality and the only certainly.

* အမှန်တကယ် ဖြစ်ပျက်နေတာ၊ သေချာပေါက် ဖြစ်နေတာ ဆိုလို့ လက်ရှိအချိန်ကာလတစ်ခုပဲ ရှိတယ်။

× × ×

* ဘယ်အချိန် အရေးကြီးသလဲ၊ ဘယ်ကံ အရေးကြီးသလဲ။ ယနေ့ ယခုအချိန်ဟာ အရေးကြီးတယ်။ အလွန်အရေးပါလှတဲ့ ပစ္စုပ္ပန်ကံဖြစ်တယ်။

မနေ့က ပြီးသွားပြီလေ။ မနက်ဖြန်က ဖြစ်မှမဖြစ်သေးတာပဲ။ ဘာပူစရာ လိုသလဲ၊ လိုတာက ယခုအချိန်၊ ယခုကာလ။ ကံအရပြော ရရင် ပစ္စုပ္ပန်ကံမဟာကြီးပဲ၊ မဟာကံကြီး။

ဆရာတော်ဘုရားကြီးများ ဆုံးမဩဝါဒအပေးများလှတဲ့ ပစ္စုပ္ပန် တည့်တည့်ဆိုတာကြီးပေါ့ဗျာ။ တည့်ဖို့က အရေးကြီးလှပါတယ်။

တည့်တည့်ကြီးက အရေးကြီးပါတယ်။ အတိတ်ကတော့ ထားခဲ့တော့။ ဟိုသီချင်းလို သဘောထားပေါ့လေ။

"××× အတိတ်ကို အတိတ်မှာပဲ ××× ထားခဲ့ပါရဂစေလား××× နှောင်းခဲ့တဲ့ သစ္စာရှင်ကြီးရယ်ပေါ့ ×××"

အတိတ်က ပြန်တမ်းတလို့ မရတော့ဘူး။ အိပ်မက်တစ်ခုလို ပြီးဆုံးခဲ့ပြီ။ လုပ်လို့၊ ကိုင်လို့ရတာ၊ ကြိုးစားရင် ကြိုးစားသလောက် အကျိုးများတာ ပစ္စုပ္ပန်ကံပဲ။

ပစ္စုပ္ပန်ကံဆိုသော ကာယ၊ ဉာဏဆိုင်ရာ ဆောင်ရွက်လုပ်ကိုင်မှုတွေ မှန်ကန်ကောင်းမွန်တည့်မတ်နေရင် အတိတ်ကံအကျိုးပေးချိန်ကလည်း ဆုံစည်းလာတော့ ပွဲပြီးရော၊ ပွဲပြတ်ရောပေါ့။ လက်ခမောင်းခတ်ရမှာ ကေန်ပဲ။

ဘက်တူရင် လူမရွေးတဲ့၊ တက်လူကလေး အောင်သာဘဝမျိုးဆိုတာက ပစ္စုပ္ပန်ကံကောင်းလွန်းလို့ ရတာ။ ပစ္စုပ္ပန်ကံ ကောင်းသူ မှန်သမျှဟာ စိန်ခေါ်ရင် တိမ်ပေါ်အထိ တက်ပြိုင်နိုင်ပါတယ်။ သီလချင်း၊ သမာဓိချင်း၊ ပညာချင်း ပြိုင်ရဲတယ်လေ၊ ပြိုင်မလားပဲ။

ပစ္စုပ္ပန်ကံ ကောင်းတော့ လောကဓံလားဟော့လည်း လာစမ်းပါ။ သီလ၊ သမာဓိ၊ ပညာနဲ့ ရင်ဆိုင်ပစ်လိုက်မယ်။

ပစ္စုပ္ပန်ကံ ကောင်းနေရင်၊ မှန်နေရင် လောကဓံကို အမောခံနိုင်တယ်။ ဒုက္ခကိုလည်း ကုံန်းမခံဘဲ ရုန်းကန်နိုင်တယ်။

အေး - ယနေ့၊ ယခု ပစ္စုပ္ပန်ကံတွေ မကောင်းထားရင်တော့

အနာဂတ်မှာ ဖျာပတ်ပြီး သင်္ချိုင်းသွားရတဲ့အထိကို မကောင်းတော့ပါဘူး။

ဒီဘဝမှာပြုလုပ်တဲ့ ကံဟာ ဒီဘဝမှာပဲ ချက်ချင်းလက်ငင်း အကျိုးပေးရင်. . .

**ဒိဋ္ဌဓမ္မ ဝေဒနီယကံလို့ ခေါ်တယ်။**

ဘဝ အငြိမ်းစားယူပြီး နောက်ဘဝမှ ရမှာမဟုတ်ဘူး။ ချက်ချင်း ရမှာ။ ချက်ချင်းပဲ "အိုကေ. . .စိုပြည်"သွားမှာ။

လယ်တီဆရာတော်ဘုရားကြီးက **သမ္မာဒိဋ္ဌိဒီပနီမှာ** -

■ အလုံးစုံ ပစ္စုပ္ပန်အကြောင်းဖြစ်သော လုံ့လပယောဂ စိတ်ဆန္ဒကိုပယ်၍ ရှေးကံကိုသာလျှင် အမြဲယုံကြည်သောသူတို့၏ ဝါဒကို မိစ္ဆာဝါဒဟု သိအပ်ပေသတည်းလို့ ဆိုမိန့်တယ်။

ကံပေး ရမှပေါ့ဆိုပြီး ရှေးကံအားကိုးရင် ဘေးကျန်ခဲ့မှာပဲ၊ ရှေ့တန်းတော့ရောက်မှာ မဟုတ်ချေဘူး။ အချို့က ခက်တယ်ဗျာ ဘယ့်နှယ် - ရှေးကံလဲ။ ရှေးကံကို ကိုယ်သိတာမှတ်လို့။ စာရေးသူတော့ ပြောချင်တယ်။ သုံးနှစ်သမီးမြေးလေးပြောသလို "တူ တိလည်တိပဲနဲ့"လို့လေ။ မသိလည်း မသိကြဘဲနဲ့ဗျာ။

ပစ္စုပ္ပန်ကံ ကောင်းလျက်နဲ့ အကျိုးမရသေးလည်း ဘာမှမပူနဲ့ ပူစရာ မလိုဘူး။

အဲဒါ သံသရာကို အတိုးနဲ့ချေးထားတာ ဖြစ်တယ်။ ကိုယ် ပြန်ရမှာ။

မြန်မာလူမျိုးတွေဟာ တုနှိုင်းမဲ့သော ဗုဒ္ဓဝါဒအတိုင်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သောကံနှင့် ကံ၏အကျိုးကို လက်ခံယုံကြည်မှသာ ဗုဒ္ဓဘာသာဝင်စစ်စစ် ဖြစ်တယ်။ မယုံဘဲ ပုံပြင်ထဲကစကားမျိုးပဲ ထင်ရင် ဗုဒ္ဓဘာသာဝင် မဟုတ်တော့ဘူး။ မိစ္ဆာဒိဋ္ဌိလူသားပဲ။

ပစ္စုပ္ပန်မှာ အကုသိုလ်ဒုစရိုက်တွေ မလုပ်တာ၊ ရှောင်တာ။ ကုသိုလ်သုစရိုက်တွေလုပ်တာ မကောင်းဘဲနေပါ့မလား။ ငွေကြေး မချမ်းသာဘဲ ဆင်းရဲနေလည်း ကောင်းတယ်။ အလွန်ကောင်းမြတ်တဲ့ သန့်သန့်လေးဆင်းရဲခြင်းပဲ။

သသ်ကရိုက်ဘာသာ စကားပုံတစ်ခုမှာ -

* Look to this day, for yesterday is but a dream, and tomorrow is only a vision, but today, well lived, makes every yesterday a dream of happiness, and every tomorrow a vision of hope. Look well, therefore to this day.

**(Sanokrit Proverb)**

■ ဒီနေ့ကို အာရုံပြုပါ။ မနေ့ကဆိုတာ အိပ်မက်တစ်ခုမျှသာ ဖြစ်နေလို့ပါ။ မနက်ဖြန်ဆိုတာလည်း မှန်းမြင်မှုတစ်ခုမျှသာပင်။ သို့သော်ငြားလည်း ကောင်းစွာနေလိုက်ရသော ယနေ့သည် မနေ့က အချိန်ကာလတိုင်းအား ရွှင်လန်းချမ်းမြေ့သော အိပ်မက်တစ်ခုစီ ဖြစ်စေပါတယ်။ ပြီးတော့ မနက်ဖြန်တိုင်းကိုလည်း မျှော်လင့်ချက်နှင့် လုမ်း

မြင်သောအမြင် ဖြစ်စေပါတယ်။ ဒါကြောင့်မို့ ဒီနေ့ကို ကောင်းစွာ အာရုံပြုဂရုထားပြီး ဆောင်ရွက်ပါ။

× × ×

■ လက်ရှိအချိန်ပြုသော ကံလောက် ပိုပြီး အရေးကြီးတာ မရှိပါ။ နောင်မှပြုမယ့်ကံက စိတ်ကူးယဉ်တာ။

* The most important time was now.

* အရေးအကြီးဆုံးအချိန်သည် ယခု။

ယခုပြုသော၊ လုပ်သော၊ လှုပ်ရှားသော စေတနာကံ၏စွမ်းအင်သည် ဝိပါကခေါ် ရင့်ကျက်မှုအချိန် ရောက်ရှိပါမှ အကျိုးကောင်း၊ အကျိုးဆိုး ပေးလေတယ်။

ယခုလုပ်သော ပစ္စုပ္ပန်ကံ ယခု အကျိုးခံစားနေရခြင်းမှာ ရှေးကံ၏ ပစ်ချရာနယ်ပယ်တွင် မိမိတို့ ဉာဏ်၊ ဝီရိယအလျောက် လက်တွေ့လုပ်ဆောင်မှု၏ ရလဒ်များပင် ဖြစ်တယ်။

ကံသည် ပစ္စက္ခပြုလုပ်လှုပ်ရှားမှုများကို မျက်ကွယ်မပြုပါ။

ပါးရှင်းစကားပုံတစ်ခုကတော့ -

* မနက်ဖြန်အကြောင်းကို မနက်ဖြန်ရောက်မှ စဉ်းစားပါဟု ဆိုတယ်။

■ ■ ■ ▣ ■ ■ ■

# အိမ်တက်ဆွမ်း

■ အတိတ်ကံဆိုသည်···
အရိပ်သဏ္ဍာန် လိုက်ပါတတ်ပါတယ်။

× × ×

"အိုဗျာ - ဆရာ့အိမ်ရှာရတာ မောလိုက်တာ၊ အိမ်လိပ်စာရတော့လည်း ဆရာနဲ့ တွေ့ပါ့မလား၊ ဆရာ အိမ်မှာရှိပါ့မလားလို့ ရင်မောလိုက်ရတာ၊ အောင်မင်းက မင်းတို့ရွာမနေနဲ့၊ ဆရာ ရန်ကုန်မှာမရှိဘူး၊ မကွေးတိုင်း၊ မင်းလှဘက်ကဘုန်းကြီးကျောင်းတစ်ကျောင်းမှာ စာသွားရေးနေတယ် ပြောတယ်၊ စာရေးဆရာညီညီနိုင်ကတော့ ဆရာရှိတယ်၊ ရန်ကုန်ပြန်ရောက်နေတာ ဆယ်ရက်လောက်ရှိပြီ သိရလို့ ကျွန်တော် ဆရာ့ကိုတွေ့ရဖို့ ဆက်ကြိုးစားတာ၊ ဆရာ့လိပ်စာကို (၂၉)လမ်း၊ စံလှစာပေက ရတယ်၊ ဆရာ့ကိုတွေ့ရတာ သိပ်ဝမ်းသာတာပဲဗျာ"

ကျွန်တော့်အိမ်သို့ ခင်မင်လှသော လမ်းပေါ်ပလက်ဖောင်းရောင်းစာအုပ်ဟောင်းသည်လေး ကိုသန်းထွန်း ရောက်လာတယ်။ သူက စကားတွေဆက်တိုက်ပြောနေလို့ ဘာအကြောင်းနဲ့ရောက်လာတယ်ဆိုတာ ချက်ချင်း မသိပါဘူး။ သူ ဘာပြောမှာလဲဆိုတာကိုသာ ကျွန်တော် မျှော်လင့်နေမိပါတယ်။

"ဆရာ ကျွန်တော်ပြောတာကို အံ့ဩမှာပဲ၊ လုံထမ်းလာတာသာ မြင်ရ၊ ကံထမ်းလာတာကို မမြင်ရဘူးဆိုတဲ့စကားက တကယ်ပဲ မှန်ပါတယ်၊ ကံထမ်းလာတာက မယုံနိုင်စရာမျိုးပါပဲ"

ကိုသန်းထွန်းက ပြုံးရွှင်တက်ကြွစွာ စကားပြောနေတယ်။ ကိုသန်းထွန်းနဲ့ ကျွန်တော် ရင်းနှီးတာ နှစ်ပေါင်းသုံးဆယ်လောက် ရှိပါပြီ။ ကျွန်တော် သုတေသီဘုန်းမြင့်သွေး ကလောင်အမည်နဲ့ မရေးခင်၊ မောင်မြင့်သွေးကလောင်အမည်နဲ့ မေတ္တာဘွဲ့လုံးချင်းတွေ ရေးစဉ်ကတည်းကပါ။

"ဆရာပြောတတ်တဲ့ ကံမရင် ဟန်ကျတယ်ဆိုတာ ကျွန်တော် လက်တွေ့မြင်ပြီ၊ ဟား. . .ဟား. . .ဟား"

ကိုသန်းထွန်းက ပြောရင်းရယ်၊ ရယ်ရင်းပြောနေတယ်။ ကျွန်တော် သူဘာပြောလာမယ်ဆိုတဲ့ အကြောင်းအရာကို ယခုထိ ဖွင့်မမေးမိသေးဘူး။ သူပြောလာမယ့်စကားကိုသာ စိတ်ရှည်ရှည်နဲ့ မျှော်လင့်စောင့်စားနေမိခဲ့ပါတယ်။

"ဆရာ ပြောတတ်တယ်လေ၊ အတိတ်ကံမရင် သိပ်ဟန်ကျ

တယ်ဆိုတာ ဟား . . . ဟား . . . ဟီ . . . ဟီ . . . ဟိ"

ကျွန်တော် ကိုသန်းထွန်းကိုကြည့်ပြီး စိတ်ကြည်နူးသွားမိတယ်။ စိတ်ထဲကလည်း ကိုသန်းထွန်းတစ်ယောက် တရားမဝင် လောင်းကစားပဲတိုးပြီလား၊ တရားဝင် အောင်ဘာလေထီကြီး ပေါက်လို့လား၊ ဒါမှမဟုတ် စာပေတိုက်ကြီးတစ်တိုက်က အဟောင်းဈေးချတာပဲ ရလို့လား၊ တစ်ကြိမ်က ကျွန်တော်ဆက်သွယ်ပေးရာက ကိုသန်းထွန်းတစ်ယောက် စာအုပ်လက်ကျန်တွေ အဟောင်းဈေးချတာ ရခဲ့ဖူးပါတယ်။

ထိုစဉ်က သူမြိုးမြိုးမြက်မြက်လေး ရခဲ့တယ်။ ကျွန်တော်လည်း ထိုအကြောင်းအကျိုးကြောင့် ဦးဂျမ်းပုဆိုးတစ်ထည်နဲ့ ဆီချက်ခေါက်ဆွဲတစ်ပွဲ စားခဲ့ရတယ်လေ။

ကျွန်တော် သူ့ကို ဘာအကြောင်းလဲမမေးဘဲ အိမ်ကနေပြီး လမ်းထိပ်လက်ဖက်ရည်ကို ခေါ်ခဲ့တယ်။

"ဆရာ့ကို အိမ်တက်ဆွမ်း လာဖိတ်တာပါ ဆရာ"

လမ်းလျှောက်ရင်း ပြောလာတယ်။

"မင်း အိမ်သစ်ပြောင်းလို့လား"

သူလာရင်းအကြောင်းကို ကျွန်တော် သိခဲ့ရပါပြီ။ ယောက္ခမအိမ်မှ ဆင်းခဲ့ပြီဟု ထင်လိုက်တယ်။

"ကျွန်တော် အိမ်ပြောင်းတာ မဟုတ်ဘူး ဆရာ၊ ဆရာတပည့်ကြီးစိုးလွင်က ရွှေပေါက်ကံမှာ အိမ်ဝယ်ပြီး အိမ်တက်ဆွမ်းကျွေးတာ"

"အိမ်ထားပြီး အိမ်တက်ဆွမ်းကျွေးမှာလားကွ"

"မဟုတ်ဘူး ဆရာ၊ အိမ်အပိုင်ဝယ်ပြီးတော့ အိမ်တက်ဆွမ်းကျွေးမှာ"

"မင်း နောက်ပြောင်နေတာလား"

ကျွန်တော် မယုံမရဲ မေးလိုက်ပါတယ်။ ကျွန်တော့်တပည့်လေးဖြစ်တဲ့ မောင်စိုးလွင်ကလည်း ပလက်ဖောင်းစာအုပ်ဟောင်းသည်လေးပါ။ ကျွန်တော်နဲ့ ခင်မင်ရင်းနှီးတာ ကြာပါပြီ။ သူက စီးပွားရေးအရ ဒုက္ခသည်လေးပဲ ပြောရမယ်။

သူ့ဘဝကို ကျွန်တော် ထဲထဲဝင်ဝင်သိပါတယ်။ ဆင်းရဲလှပေမယ့် သဘောထားအလွန်ကောင်းတယ်။

ကျွန်တော်တို့ ရောဝတီတိုင်းသားကလေးပါ။

သူ့ဘဝကိုပြောရမှာ၊ အတိုချုံးပြောရရင် တစ်ချိန်က လှိုင်သာယာဘက်မှာ အိမ်ခန်းလေးငှား နေထိုင်နိုင်ခဲ့ပေမယ့် အိမ်လခမှန်မှန်မပေးနိုင်လို့ အိမ်ကဆင်းရပြီး သမီးလေးကို သူ့သူငယ်ချင်းအိမ်မှာထားပြီး ကျောင်းတက်နိုင်းတယ်။ မိန်းမကို ရွာပြန်ပို့ထားရသူပါ။ သူကိုယ်တိုင်ကတော့ မြို့လယ်က ရုံးတစ်ရုံးက ညစောင့်ကင်းတဲမှာ ညစောင့်နဲ့ အတူအိပ်ဆက်ရသူပါ။ ဒီလောက်ဆိုရင် သူ့ရဲ့ဆင်းရဲချို့တဲ့မှုကို သိလောက်ပါပြီ။

"ထီပေါက်လို့ ဝယ်နိုင်တာ ဆရာ"

"စိုးလွင် ထီပေါက်တာလား"

ကျွန်တော် အလျင်စလို သိချင်စွာ မေးလိုက်မိပါတယ်။

"စိုးလွင်ထိပေါက်တာ မဟုတ်ဘူး ဆရာ၊ သူ့ယောက္ခမ သီလရှင် အမေအိုကြီးပေါက်လို့ သူ့ကို အိမ်ဝယ်ပေးတာ"

စိုးလွင်၏ယောက္ခမက သမိုင်းဘက်မှာ သီလရှင်ကျောင်းမှာ နိကပ်နေရာမှ နောင်တွင် သာသနာ့ဘောင်ဝင်ခဲ့ပါတယ်။ စိုးလွင်က ဆင်းရဲတဲ့ကြားက အမြဲတစေလို တတ်နိုင်တာလေးတွေ လှူတတ်တယ်။ သီလရှင်ကြီးက မျက်စိမှုန်ပါတယ်။ တစ်ခါကတော့ ကျန်းမာရေးချို့ယွင်းလို့ ကျွန်တော်ကိုယ်တိုင်ပဲ ဇီဝိတဒါနဆေးရုံတင် ကုသခဲ့ပေးဖူးတယ်။

"စိုးလွင် သိပ်ကံကောင်းတယ် ဆရာ"

ကျွန်တော် ရင်တွေခုန်လာတယ်။ အသက်ရှူကြပ်လာပါတယ်။ ရင်မှာ ဝမ်းသာလွန်းမှုကြောင့် ဆို့နစ်လာပါတယ်။ လက်ဖက်ရည်ဆိုင် ရောက်ခါနီးပြီ။ လက်ဖက်ရည်ဆိုင်ရဲ့ ခပ်လှမ်းလှမ်းက ကုက္ကိုပင်အောက် ကခုံမှာ ထိုင်လိုက်မိတယ်။ ဇရာနောက်မှ ဗျာဓိ လိုက်နေပြီလေ။

"ကိုသန်းထွန်းရေ - ဟိုရှေ့က အောင်သုခဆိုင်းဘုတ်နဲ့ ဆေးဆိုင်မှာ ရှူဆေးဘူးတစ်ဘူး သွားဝယ်ပါကွာ၊ ကျွန်တော် ဒီမှာ ခဏထိုင် နေမယ်"

× × ×

■ ကောင်းမှုကုသိုလ်ကံက မည်မျှပင် အတိုင်းအတာအရ နည်းသည်ဖြစ်စေ၊ ထိုစေတနာကံက အကျိုးပေးသောအခါ ကြီးမားတတ်ပါတယ်။ မမျှော်လင့်တဲ့အကျိုးပေး ရတတ်လေတယ်။

ကုသိုလ်ကံသည် ကိုယ်ခံအားကောင်းတစ်ခု ဖြစ်သည်။ မဟာဘုတ်ကောင်းသူသည် အခြားဂြိုဟ်စီးဂြိုဟ်နင်း မကောင်းစေကာမူ အလွန်အကျွံမကောင်းကျိုးများ မဖြစ်တတ်ဟု ဗေဒင်လောကသားတို့ ပြောဆိုကြပါသည်။

* မုချမြဲရှု၊ ကိုယ်လျှင်ပြုတိုင်း
အမှုကောင်းကျိုး၊ စေ့စိုက်ပျိုးသည်
မျိုး၏ပမာ၊ ကာလကြာသော်
နာနက္ခဏိက၊ အခွင့်ရတိုင်း
ပွင့်ကြ သီးကြ၊ ဝိပါကဖြင့်
ရင်းကြမြဲစွာ၊ မလွှဲသာဘူး။

(မဃဒေဝ - ၂၆၄)

■ ■ ■ ▣ ■ ■ ■

# ဂန္ထဝင်အိမ်ကြီး

* A single moment may transform everything.

* ဘာမဟုတ်တဲ့ ခဏတာအချိန်ပိုင်းလေးတစ်ခုဟာ အရာရာကို အပြောင်းအလဲ ဖြစ်သွားစေနိုင်တယ်။

× × ×

ကိုစန်းမောင်အိမ်ကို ကျွန်တော်ရောက်တော့ နံနက်(၆)နာရီထိုးရန် (၁၅)မိနစ် လိုပါသေးတယ်။ ကိုစန်းမောင်က နံနက်(၆)နာရီ အရောက်လာရန်မှာတာကို ကျွန်တော် တာဝန်ကျေပွန်ခဲ့တယ်။

ကိုစန်းမောင်အိမ်က ပေ(၅၀)၊ ပေ(၃၀)ရှိတဲ့ နှစ်ထပ်အိမ်ကြီးပါ။ ခြံကျယ်ကြီးနဲ့ အိမ်ကြီးက ထည်ဝါတယ်။ ကျွန်းတိုင်၊ ကျွန်းတံခါးတွေနဲ့ ရှေးဟောင်းအိမ်ကြီး။ သူ့ရဲ့ အဘိုး၊ အဘွားတွေက ဆောက်ခဲ့တာ။ စတင်ဆောက်လုပ်ခဲ့တာ အင်္ဂလိပ်လက်ထက်က ဖြစ်တယ်။

နှစ်ပေါင်းရာချီခဲ့ပါပြီ။ ဒါပေမဲ့ ပြုပြင်တဲ့အတွက် ရှေးဟောင်းဆန်ဆန်ပဲ သစ်လွင်နေတယ်။

ကိုစန်းမောင်နဲ့ ကျွန်တော်က မကွေးဘက်ကို ခရီးသွားစရာရှိပါတယ်။ ကိုစန်းမောင်တို့ ဇနီးမောင်နှံလှူဒါန်းတဲ့ ကမ္မဋ္ဌာန်းကျောင်းငယ်လေးအလှူကို ပြီးစီးလို့ ရေစက်ချ အမျှဝေရန်ကိစ္စပါ။

ကျွန်တော်ရောက်တော့ ကိုစန်းမောင်တို့ဇနီးမောင်နှံ ယူစရာရှိတာတွေ ထုပ်ပိုးပြင်ဆင်နေကြပါတယ်။

ဧည့်ခန်းမှာထိုင်ရင်း ဟိုဟိုဒီဒီကြည့်မိတာ ရှေးဟောင်းဗီရိုတွေ၊ ရှေးဟောင်းစားပွဲ၊ ကုလားထိုင်တွေ၊ ရှေးလက်ရာပန်းချီကားတွေနှင့် မြင်ရတာ စိတ်ဝင်စားစရာ ကောင်းလှတယ်။ သားစဉ်မြေးဆက် ထိန်းသိမ်းထားနိုင်တာ ချီးကျူးစရာမက အံ့သြစရာကောင်းတယ်။

အဲဒီနေ့က နံနက်(၇)နာရီ အိမ်ကထွက်မယ်ဆိုပေမယ့် မထွက်ဖြစ်ဘူး။ သူတို့ဒရိုင်ဘာက (၈)နာရီကျော်မှ ရောက်လာခဲ့ပါတယ်။

နံနက်အစာပြေစားဖို့ နောက်ဘက်ထမင်းစားခန်းကို ကျွန်တော်ရောက်ပြန်တော့လည်း အံ့သြစရာပါပဲ။ ကျွန်းတိုင်ကြီးတွေက တစ်ပွေ့တစ်ပိုက်၊ ထမင်းစားပွဲ ကျွန်းခုံကြီးကလည်း ဘေးဘောင်မှာ၊ အောက်ခြေတိုင်မှာ ကနုတ်တွေ၊ ပန်းတွေနဲ့။ မြင်နေကျမဟုတ်တော့ အတော့်ကို ဆန်းကြယ်လှပါတယ်။

ကျွန်တော့်မိတ်ဆွေ ကိုစန်းမောင်က ဗဟိုတရားရုံးရှေ့နေ၊ သူ့ဇနီးက အထက်တန်းပြဆရာမတစ်ယောက် ဖြစ်တယ်။ သူတို့မှာ

တစ်ဦးတည်းသောသမီးတစ်ယောက် ထွန်းကားခဲ့တယ်။ သမီးဖြစ်သူက သံရုံးအမှုထမ်းတစ်ဦးနှင့် အိမ်ထောင်ကျပြီး နိုင်ငံရပ်ခြားမှာ ရောက်ရှိနေခဲ့ပါတယ်။

သူတို့နဲ့အတူတူနေတဲ့ သမီးဆိုသူလေးမှာတော့ မွေးစားသမီးလေး ဖြစ်တယ်။ ယဉ်ကျေးမှုတက္ကသိုလ်ကျောင်းသူလေး ဖြစ်တယ်။ သူတို့အိမ်မှာအတူနေတဲ့ ဦးလေးကြီးတစ်ယောက်က သူ့ဖခင်လက်ထက်ကတည်းက အိမ်မှာနေတဲ့ သူ့ဖခင်လုပ်ငန်းက လူယုံတော်အမှုထမ်းကြီး ဖြစ်တယ်။

ကိုစန်းမောင်တို့သည် အိမ်ကြီးမှာ အိမ်ဖော်သားအမိနှစ်ယောက်နှင့် စုစုပေါင်းငါးဦး နေထိုင်ကြပါတယ်။ အိမ်ကြီးက ကျယ်ဝန်းခမ်းနားသလောက် နေသူကတော့ နည်းပါတယ်။

ကိုစန်းမောင်နှင့် ကျွန်တော်ဟာ ခင်မင်ရင်းနှီးတာ အနှစ်နှစ်ဆယ်ခန့်ရှိခဲ့ပေမယ့် သူ့အိမ်ကိုတော့ ဒီတစ်ကြိမ်သာ ရောက်ခဲ့ဖူးတာပါ။

- ကျွန်တော်တို့ မကွေးကိုသွားကြတာက (၇-၇-၇၄)
- အလှူရေစက်ချတဲ့နေ့က (၉-၇-၇၄)
- မကွေးကနေ အဲဒီနေ့ညမှာပဲ ချက်ချင်းအရေးပေါ် အိမ်ကို ပြန်ပါတယ်။
- ကိုစန်းမောင်တို့ခြံကိုရောက်တော့ (၁၀-၇-၇၄) နံနက်(၆)နာရီ။ ကျွန်တော့်မျက်လုံးတွေကို ကျွန်တော် မယုံကြည်နိုင်ပါဘူး။ ဂန္ထဝင်အိမ်ကြီး . . .။

ကိုစန်းမောင် အဘိုး၊ အဘွားတွေ ဆောက်လုပ်ခဲ့ပြီး သူ့အဖေ၊ အမေတွေ၊ သူ့အစ်ကို၊ အစ်မတွေ ပြုစုမွမ်းမံ တည်တံ့စေခဲ့တဲ့ ဂန္ထဝင်အိမ်ကြီးဟာ မီးလောင်ထားတဲ့ငုတ်တိုလေးတွေသာ မြင်ရတော့တယ်။

လူသာ သင်္ခါရမဟုတ်။

အိမ်ကြီးလည်း သင်္ခါရပါလားလို့ စိတ်ထဲမှာ ဝမ်းနည်းစွာ တွေးမိတယ်။

လူကိုသာ ကံတရားက ဖန်တီးတာမဟုတ်ဘဲ ရုပ်ဝတ္ထုကိုလည်း ကံတရားက ဖန်တီးတတ်ပါကလား။

ဘာမှ မရှိတော့ဘူး။

ဘာမှ မကျန်တော့ဘူး။

နှစ်ပေါင်းများစွာ ထိန်းသိမ်းလာခဲ့တဲ့ ဂန္ထဝင်အိမ်ကြီးရော၊ ဂန္ထဝင် အသုံးအဆောင်တွေပါ ပျောက်ဆုံးသွားခဲ့လေပြီ။

ဝါယောရှေ့ဖြစ်ရာက အိမ်ကြီးမှာ လူတစ်ယောက်မှမရှိတော့ ဂန္ထဝင်အိမ်ကြီး ပျောက်ဆုံးရတဲ့အဖြစ်ကို ရောက်ခဲ့တယ်။

ဩော် - ပစ္စည်းသင်္ခါရ၊ လူသင်္ခါရ။

ဩော် - လူလည်း ကံစေရာ၊ ရုပ်ဝတ္ထုပစ္စည်းလည်း ကံစေရာ။

လောကမှာ ဘာများ မြဲတဲ့တရား ရှိမှာပါလဲ၊ အားလုံး အနန္တပဲ လို့သာ ကျွန်တော် မှတ်ချက်ချမိပါတယ်။

ကိုစန်းမောင်တို့လင်မယားက မျက်နှာပျက်နေကြပေမယ့် မျက်ရည်မကျပါဘူး။

အလွန်အမင်း စိတ်မှာ ခံစားမိခဲ့တဲ့ ကျွန်တော့်မှာ မျက်ရည်မကျအောင် မထိန်းသိမ်းနိုင်ခဲ့ပါဘူး။

■ ■ ■ ▣ ■ ■ ■

## ကံ၏ကျေးကျွန်

■ ခန္ဓာငါးပါး ရုပ်နာမ်တရားအစုသာလျှင်ဖြစ်တဲ့ လူသားတွေဟာ သတ္တဝါတစ်မျိုးသာ ဖြစ်တယ်။

သို့သော် သတ္တဝါများထဲတွင် လူသားတို့သည် အသိဉာဏ်အကြွယ်ဝဆုံးဖြစ်သော်လည်း ကံအကြောင်းတရားကိုမှီ၍ ဖြစ်ရလေသောကြောင့် ကံ၏သားကောင်ဘဝမှ လွတ်မြောက်အောင် ရုန်းထွက်နိုင်စွမ်းမရှိဘဲ ကံစီမံရာ ခံကြရကာ ကံ၏သားကောင်၊ တစ်နည်းဆိုရသော် ကံ၏ကျေးကျွန် ဖြစ်နေကြရလေတယ်။

(ရှင်ဉာဏ၊ ဖျာပုံ)

■ ■ ■ ▣ ■ ■ ■

# ကံအကြောင်းတရားကိုမှီ၍

- မိမိ၏ စိတ်စေတနာသည်သာလျှင် ကံဟူ၍ နားလည်ကြရမည်။
- ဤကံကို မိမိသာ ပိုင်ဆိုင်သည်။
- ကောင်းမှုပြုက ကောင်းကျိုးခံစားရသည်။
- မကောင်းမှုပြုက မကောင်းကျိုးခံစားရသည်။
- ကုသိုလ်၊ အကုသိုလ် နှစ်မျိုးစလုံးသည် အဟောသိကံ။ (အချည်းနှီးဟူ၍မရှိ)
- ကုသိုလ်ကံကြောင့် ရယူရမည်ဖြစ်ပြီး
- အကုသိုလ်ကံကြောင့် ပေးဆပ်မှုလည်းပြုရမည် ဖြစ်သည်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ဒုတွဲ၊ ၃၆၃)

× × ×

■ သံသရာဘဝမှာ အပြန်တစ်ရာမက ဖန်လာတတ်တဲ့ ကံတရားဟာ ဆန်းကြယ်လွန်းပါတယ်။ မထင်မှတ်တာတွေ၊ မမျှော်လင့်

တာတွေ ဖြစ်လာတတ်သလို မျှော်လင့်တာတွေလည်း ဖြစ်ချင်မှ ဖြစ်တာပါ။ မမျှော်လင့်တာတွေက မတော်မသင့်တာတွေဖြစ်တဲ့အခါ လောကကြီးကို ဒေါသကြီးမိတတ်ပါတယ်။ စိတ်မှာ အဝိဇ္ဇာဖုံးတယ်။ စိတ်အနေမကျလို့ အအိပ်အနေအစားပါ ပျက်သွားတတ်ကြတယ်။ အအိပ်အစားပျက်တာထက် စိတ်ထားပျက်ရတာက ဆိုးရွားလွန်းလှပါတယ်။ မမျှော်လင့်တဲ့ကံကြမ္မာဆိုးကို တိုးတဲ့အခါမှာ အချို့က အရက်၊ ရမ္မက်၊ မတော်ရာ၊ မလျော်ရာ လုပ်မိတတ်ကြတယ်။

■ ကိုစန်းမောင်ဟာ အလွန်ရိုးသားဖြောင့်မတ်ပြီး ကြိုးစားတဲ့လူ တစ်ယောက်ပါ။ စာရေးလေးဘဝမှစလို့ ရုံးအုပ်ကြီးအဆင့်ထိ ရာထူး တဖြည်းဖြည်းမြင့်ခဲ့တယ်။ အသက်(၄၀)အရွယ်ရောက်မှ သူ့ဇနီးက ဖောက်ပြန်လို့ အဲဒီကိစ္စကို အကြောင်းခံပြီး သူ အရက်သမားဘဝ ရောက်ခဲ့တယ်။ အမှားမှား အယွင်းယွင်းတွေ ဆက်တိုက်ဖြစ်ပြီး အရက်သမားဘဝ (၅)နှစ်အကြာမှာ သူဟာ အစာအိမ်ရောဂါနှင့် သေတယ်။ သူရှာဖွေစုဆောင်းခဲ့တဲ့ အိမ်ခြံမြေ၊ ဥစ္စာတွေနှင့် ကျန်ခဲ့တဲ့ သူ့ဇနီးက ဖောက်ပြန်သူနှင့် အိမ်ထောင်ထပ်ပြုတယ်။ ကိုစန်းမောင် ကို ကံဆိုးရှာသူလို့ ပြောရမလား။

■ ချိုချိုသန်းလေးက ဆယ်တန်း (၄)ဘာသာဂုဏ်ထူးရှင်လေး ပါ။ ဆယ်တန်းအောင်ပြီး တက္ကသိုလ်စတက်တဲ့နှစ်မှာ သံစူးတာကို ပေါ့ဆမိရာက မေးခိုင်ပိုးဝင်ပြီး ဘဝကို ဇာတ်သိမ်းသွားရှာတယ်။

■ ခေတ်ဆန်းစာပေမှာ နာမည်ကျော် စာရေးဆရာကြီး

သိပ္ပံမောင်ဝဟာ၊ မြို့ပိုင်ကြီးဟာ စားပြသတ်လို့ သေရကြောင်းကို စာအုပ်ထဲမှာဖတ်ပြီး သိခဲ့ရတယ်။

■ စာရေးသူ ကျွန်တော်သုတေသီဘုန်းမြင့်သွေးရဲ့ စာအုပ် မျက်နှာဖုံးတွေ ပန်းချီဆွဲတဲ့ ပန်းချီဆရာရွှေစိုးဟန်ဟာ အသက်(၅၀) အရွယ်မှာ သေသွားရှာတယ်။ မသေခင်ရက်(၂၀)မှာ သူနှင့် ကျွန်တော် သေခြင်းအကြောင်းတွေ ပြောမိကြပါတယ်။

■ စာရေးသူရဲ့ ငယ်ဆရာ၊ ကဗျာဆရာကြီး ဒေါင်းနွယ်ဆွေက အသက်ဆုံးပါးခါနီး ရက်အနည်းငယ်အလို ဆေးရုံပေါ်မှာ သူရေးခဲ့ဖူး တဲ့ ကဗျာတစ်ပုဒ်ကို ရွတ်ပြသွားခဲ့တယ်။

"သေခြင်းတရား၊ တံခါးဖွင့်ပိတ်
ရင်ထိတ်စရာ၊ မဟုတ်ပါတည်း"တဲ့။

■ (၁၂-၁၀-၂၀၀၇) နိုင်ငံကျော် ဂီတပညာရှင်ကြီး ဂီတလုလင် မောင်ကိုကို နာရေးယပ်တောင်မှာ -

**မင်းကွန်းဆရာတော်ဘုရားကြီး**
**သတိရတမ်းတာသံဝေဂ**

* ကံစေရာနောက်၊ ကောက်ကောက်ပါအောင်
ပုန်းရှောင်မရ၊ ငါလိုက်ရပြီ
ငါကအမှန်၊ မလိုက်ချင်သေးပါ။
ဖွေရှာသိမှီး၊ ပစ္စည်းရွှေငွေ
အထွေထွေနှင့်၊ ငါ့မြေ ငါ့အိမ်

စည်းစိမ်ဥစ္စာ၊ ရတနာကို
ငါကခုံမင်၊ ပစ္စန့်ချင်လည်း
ငါပင်စွန့်ရ၊ ပစ်ခဲ့ရပြီ
ငါကအမှန်၊ မစွန့်ချင်သေးပါ။
(ဩော်) မလိုက်မနေ၊ နေချင်မရ
မစွန့်ချင်လည်း၊ စွန့်ပစ်ခဲ့ရ
ကံကစီမံ၊ ငါ့ကံအတိုင်း
အချိန်ပိုင်းလာ၊ ခိုနားရာမှာ
ပြန်လည်ကာလုမ်း၊ ဘဝကြမ်းပြင်
ခရီးနှင်ပြီ၊ ငါသည်အရင်
သွားနှင့်ပြီ။ ။

■ မန္တလေးက မြည့်ပွန့်ဆွေစာပေက ကိုဝင်းဆွေကို သူ ကား အက်စီးဒင့်ဖြစ်မယ့်ညက ညဦးမှာ တွေ့ခဲ့သေးတယ်။

■ ဆရာဒေါင်းနွယ်ဆွေရဲ့ ကဗျာတစ်ပုဒ်မှာ -

"အို - သဒ်ါရ. . .
ဤမေ့ကား၊ လောကအားလုံး
လွှမ်းမိုးဖုံးသည်၊
ဆုံးရိပ်မထင်နိုင်အောင်ရှိဘကား" တဲ့။

■ ဘိုကလေးက စာရေးသူမိတ်ဆွေ ကိုသန်းမြင့်ဟာ နာဂစ် မုန်တိုင်းခံရတော့ တစ်ညလုံး လှိုင်းထဲ၊ ရေထဲ သစ်တုံးဖက်မျောနေ

ပြီး အသက်မသေဘူး။ သစ်တုံးကို မှီတာလား။ ကံအကြောင်းတရားကို မှီတာလား မသိဘူး။

■ စာရေးသူအဒေါ်ရဲ့သား ယနေ့ ပါရဂူဆရာဝန်ကြီးတစ်ဦး ဖြစ်နေသူဟာ မွေးစဉ်က ခဲရာခဲဆစ် ဗိုက်ခွဲမွေးခဲ့ရတာ။ အသက်ခြောက်နှစ်သားအရွယ်မှာ သုံးထပ်တိုက်ပေါ်က ကျခဲ့ဖူးတယ်။

■ စာရေးသူမိတ်ဆွေ ကွန်ပျူတာစက်ရိုက်သမား မောင်ဆန်းဦးရဲ့အမေက ထီတစ်စောင်ထိုးတာ သိန်းငါးရာဆုပေါက်လို့ အပိုဆုနှင့်ပါ သိန်းတစ်ထောင်ရတယ်။ ထီပေါက်တဲ့လမှာပဲ မောင်ဆန်းဦးမိန်းမက နှစ်မြွာပူး ကလေးမွေးတယ်။

■ တွေးခေါ်ရှင်၊ ရှက်(ဖ်)တက်(စ်)ဘူရီလော့(စ်)၊က တွေးခေါ်ဆိုမိန့်ခဲ့ပါတယ်။

"လူ့စိတ်ဆိုတာ မထိန်းချုပ်နိုင်ရင် စိတ်က လူတစ်ကိုယ်လုံးကို စိုးမိုးချယ်လှယ်သွားတော့တာပဲ"တဲ့။ (စာရေးသူရဲ့ တပည့်မလေးတစ်ဦးဟာ တစ်ဖက်နိုင်ငံ သွားရောက်လည်ပတ်ချင်စိတ်ကနေ မကောင်းတဲ့မိန်းမကလေးဘဝ ရောက်သွားရှာတယ်။)

■ အမြွာညီအစ်ကို သာမြင့်နှင့် သာတင့်ဟာ တစ်ဦးက ဝါ(၄၀)ကျော် ဆရာတော်ကြီး၊ တစ်ဦးက မူးယစ်ဆေးဝါးမှုနှင့် ထောင်ဒဏ်အနှစ်(၂၀) ကျနေတယ်။ သာမြင့် ကံသာ မြင့်ရတယ်။ သာတင့် ကံသာ တင့်ရတယ်။ လူတိုင်းဟာ ကံအကြောင်းတရားကို မှီတယ်။

■ ပညာရေးလည်းတော်၊ ရုပ်ကလေးကလည်း လှပသိမ်မွေ့

လိမ္မာရေးခြားရှိလှတဲ့ မလှဲ့ပွင့်ဖြူကလေးဟာ ပန်းနာရင်ကြပ်ဖြစ်စဉ် အကြောဆေးထိုးရာက အိပ်ချိအိုင်ဗွီပိုး ဝင်ရရှာသတဲ့။ သူ့အဘွား ရွာအလည်သွားစဉ်က ရွာမှာ ဒေါက်တာရမ်းကုလက်ချက် ခံခဲ့ရတယ်။

■ မြတ်ယုတ်မျိုးရိုး၊ တန်ခိုးတင်းတိမ်
စည်းစိမ်သုခ၊ ရ မရနှင့်
ရောဂနည်းများ၊ ပိုင်းခြားခန့်တွက်
အသက်တိုရှည်၊ လှသည်ရုပ
မလှရုပ်ပါ၊ ပညာရှိမဲ့
တစ်ဆယ့်လေးပါး၊ ဤအပြားလည်း
သိကြားပါရမီ၊ ပြဟ္မာနတ်ခေါင်
တောတောင်မီးရေ၊ မိုးလေခပင်း
ဖန်ဆင်းမတတ်၊ ကမ္မသသကာ
ဆင်မှတ်ရာသည်၊ ယင်းသာဘူတာဝါဒီတည်း။ ။

■ ခပ်သိမ်းကုန်သော သတ္တဝါတို့သည် "ကံ"ကိုပင် ကိုယ်ပိုင် ဥစ္စာ ရှိကြကုန်၏။ ကံ၏ အမွေခံဖြစ်၏။ ကံသာလျှင် အကြောင်းရင်း ရှိ၏။ ကံသာလျှင် အဆွေအမျိုးရှိ၏။ ကံသာလျှင် ကိုးကွယ်မှီခိုရာ ရှိ၏။ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ မိမိပြုသောကံ၏ အမွေသာ ဖြစ်ရပေမည်။

■ ■ ■ ▣ ■ ■ ■

# ကာမေသုမိစ္ဆာစာရကံ

■ ကာမေသုမိစ္ဆာစာရကံကြံခဲ့ရင် စိတ်မှာ အနာတရဖြစ်ရုံမက ရုပ်မှာပါ ထာဝရ အပြစ်တွေက အမြစ်ရှည်တွယ်လေတော့တယ်။

ယခုဘဝ ကာမေသုမိစ္ဆာစာရကံက နောက်ဘဝမှာ ပေါက်ကရ ဖြစ်တော့တယ်။ ကမောက်ကမ၊ ပေါက်ကရ ရောက်ရတဲ့ဘဝက လူဖြစ်ရှုံးပေါ့။

အတောင်နှစ်ဆယ်ဝတ် မင်းယောက်ျားဘဝကလည်း "ဂျယ်ဂျယ်လေး"၊ "ရှာရှာလေး"၊ "ဂုံဂုံလေး"၊ "ဒူးဒူးလေး"အဖြစ် ထူးခြား ကူးသွားရတဲ့ဘဝ။

"သူများ၊ သူများ"၊ "သူများဟာ သူများ"နဲ့ တစ်မူခြားပြီး ရောက်သီးဆေးပြားရောင်းလို့ ယောက်ျားစကားကောင်း ပြောတော့ဘူး၊ ပြောတတ်ဘူး။

အချို့က "ပူးနောင်း ဂျိန်ဂျိန်း၊ ပူဂျိန်ဂျိန်း"နဲ့ သူနဲ့တော်ရာမှာ ပျော်နေပါတော့တယ်။ အလုဖန်တီးပြီး ဘဝမာန်ကို မိန်းမဂွဲနဲ့ နွဲတော့တာပါပဲ။ မောင်နှမထဲမှာ "ဂျယ်"တစ်ယောက်ပါရင် ကျန်သူတွေ အာရုံနောက်တယ်။ ရှက်ကိုးရှက်ကန်း ဖြစ်ရတယ်လေ။ စိတ်ညစ်ရတယ်။

အဲဒါ ဘာတုန်း၊ ဘာ့ကြောင့်တုန်း။

ဘဝဟောင်းက ကာမေသုကံ၊ ယခုဘဝ ခံရတာပဲ။

(ခွင်းချက်) စိတ်ပိုင်းဆိုင်ရာ ခံစားချို့တဲ့မှု၊ ပတ်ဝန်းကျင်ဖန်တီးမှုနှင့်လည်း မိန်းမရှာဖြစ်တတ်တယ်ဟု ဆေးပညာရပ်စာအုပ်များတွင် လေ့လာခဲ့ဖူးပါတယ်။

အမျိုးသမီးတွေမှာတော့ နောက်ဘဝမပြောနင့်၊ ပစ္စုပ္ပန်ဆိုးကျိုးများ၊ ခါးသီးသောဘဝဒုက္ခများ၊ အခက်အခဲ အမျိုးမျိုး အဖုံဖုံ ကြုံနေ၊ ဆုံနေ၊ ရင်ဆိုင်နေရတတ်တယ်။ အချို့မှာတော့ ကာမေသုမိစ္ဆာစရိကံကြောင့် ဘဝခက်ရုံမက ဘဝပျက်ကြုံရတဲ့အထိပါ။ မိန်းကလေးများက ဘဝပျက်မည့်အရေး မျှော်တွေးပြီး အထူးကို ရှောင်ကြဥ်သင့်လှပါတယ်။

အမျိုးသမီးကောင်းတို့ရဲ့ ဂုဏ်အင်္ဂါ ပျက်စီးတယ်၊ အရှက်တကွဲအကျိုးနည်းဖြစ်တယ်၊ တန်ဖိုးမဲ့သော အမျိုးသမီးဘဝရောက်ရတယ်ဆိုရင် လူဖြစ်ရကျိုးမနပ်၊ လူတောမတိုး၊ လူရာမဝင်တော့ဘူး။ ကြောက်

စရာကောင်းလှတဲ့ ပစ္စုပ္ပန်ဒုက္ခဆိုးကျိုးကို မိန်းကလေးတန်မဲ့ ခံရတယ်။ အလှည့်ကျတော့ နွဲ့မရဘူး။ ကာမေသုက စာတွေပြုရရင် နာစေတဲ့အမှုတွေက တွေးမဆုံး၊ ရေးမဆုံးပါ။

လူငယ်မောင်မယ်တွေအများစုဟာ ကာမေသုမိစ္ဆာစာရကံကို သိပ်မရှင်းလင်း၊ သဘောမပေါက်ကြဘူး။

(ဝန်ခံချက်) စာရေးသူလည်း အသက်အရွယ် တတိယအရွယ် ဝင်စရောက်မှသာ ထဲထဲဝင်ဝင်လေ့လာမိလို့ သိတန်သလောက် သိခဲ့ပါတယ်ခင်ဗျား။ မသိနားမလည်ချိန်က လူကျွံဘောဖြစ်မိတာကလေး တွေ ပြန်တွေးမိတဲ့အခါ တင်ပါးတွေ ကျိန်းသလို ခံစားရ၊ နောက်ဘဝ နတ်ကတော်ဖြစ်ခဲ့ရင်လေ။

စာဖတ်သူ အရွယ်ကောင်းအားမာန်နဲ့ လူငယ်မောင်မယ်တို့ရေ-

* ကာမေသုမိစ္ဆာစာရကံ ဘယ်လိုထိုက်သလဲ။

ကာမေသုမိစ္ဆာစာရကံ ထိုက်ဖို့ရန်မှာ အင်္ဂါလေးချက် စုံရပါမယ်။

၁။ မေထုန်အမှု မကျူးလွန်၊ မသွားလာထိုက်သောသူများ ဖြစ်ရမည်။

၂။ မေထုန်အမှု မှီဝဲကျူးလွန်လိုသော စိတ်လည်း ရှိရမည်။

၃။ မေထုန်အမှု ကျူးလွန်ရန် လုံ့လအားထုတ်ခြင်းလည်း ရှိရမည်။

၄။ အမျိုးသား၊ အမျိုးသမီးနှစ်ဦးတို့ စပ်ယှက်ခြင်းသာယာမှု လည်း ရှိရမည်။

အဲဒီလေးချက်နဲ့ပြည့်စုံရင် ကာမေသုမိစ္ဆာစာရကံ ထိုက်တယ်။ နံပါတ်(၂)နှင့် (၃)အင်္ဂါများလည်း ညီညွတ်နေမယ်။ နံပါတ်(၄)အနေဖြင့် မေထုန်အမှုကို အောင်အောင်မြင်မြင်ကျူးလွန်မိလျှင် ကာမေသုမိစ္ဆာစာရကံထိုက်ပါမည်။ ကာမေသုမိစ္ဆာစာရကံထိုက်ခြင်းမှာ နံပါတ်(၁)နှင့် (၄)အင်္ဂါများသာ လိုရင်းဖြစ်ပါတယ်။

သိသင့်ထားတာက နံပါတ်(၄)အင်္ဂါအဖြစ် မေထုန်အမှုကို အောင်အောင်မြင်မြင် မကျူးလွန်ကြသော်လည်း မေထုန်ငယ်များအဖြစ် တစ်ဦးနှင့်တစ်ဦး ပွေ့ဖက်ပွတ်သပ်သာယာခြင်း၊ တခစ်ခစ်ရယ်မော၍ ကိုယ်လက်ထိပါး ပြက်ရယ်ရွှင်မြူးကစားခြင်း၊ မျက်စိဖြင့် တစိမ့်စိမ့်ကြည့်၍ သာယာခြင်း၊ အပြန်အလှန် သာယာဖွယ်အသံလေးများ ပြောဆိုနှားထောင်နေရသည်ကို သာယာခြင်း၊ ရေးကချစ်ရည်လူး၍ ချစ်တင်းနှောနေသော စုံတွဲများကိုကြည့်၍ သာယာနေခြင်းတို့သည်လည်း မေထုန်ငယ်များဖြစ်၍ ဆိုင်ရာဆိုင်ရာ အပြစ်ကြီးငယ်အလိုက် အပြစ်ရှိသည်သာ ဖြစ်ပါတယ်။

အဲဒီ မေထုန်ငယ်များက အပါယ်ငရဲသို့ပို့စေနိုင်သော ကာမေသုမိစ္ဆာစာရကံအဖြစ်သို့ကား မရောက်ပါ။

အပါယ်မရောက်ဘူးဆိုလို့ တကယ်မကြောက်ဘဲ မနေပါနှင့်။ ဒါတွေ ကြွတော့၊ ကြွတာများတော့၊ ဘာတွေညာတွေ ထလာ၊ စလာ ရော၊ ခက်ပါတယ်။ မလွယ်ပါဘူး။ အလုကြည့်ပြီး အစရှိရာကနေ ဘဝပိပြားလာမှာတွေ သတိရှိပါ။ ဒါတွေဆုံတော့ ဘာတွေကြုံလာ

မလဲ။ ဆုံ၊ ကြုံ၊ ပုံတော့ မယုံရရင် မခက်လား။ ယုံရသည်ဖြစ်စေ၊ မယုံရသည်ဖြစ်စေ ကာမေသုကိုရှောင်၊ အိုတောင် နာမည်ကောင်းနဲ့ အိုရမှာပါ။ သန့်သန့်လေး အိုမှာ။

"ကာမေသုမိစ္ဆာစာရာ၊ ဝေဒါမဏီ သိက္ခာဘယံ၊ သမ္မာဒိယာမိ"

ကာမေသု မမိဖို့က သတိကြီးမှ ရတယ်။ ထိ၊ သိ၊ သံတိပဲ။

စာရေးသူလို အသက်အရွယ်၊ တတိယအရွယ်ရောက်မှ ပြန်တွေး၊ ရင်လေး သောကမရောက်စေချင်ပါဘူး။ နောင်မှ တတတ်တဲ့ နောင်တက ပူတယ်။

မသိလို့မှားတာ ဆိုချင်ပေမယ့် ကိုယ်ပြုတဲ့ကံ ကိုယ်ခံရမှာပဲ မဟုတ်လား။

ဘယ်သူကမှ လာခံပေးမှာမဟုတ်။

ညောင်ကန်ဆရာတော်ဘုရားကြီး အရှင်ဣန္ဒက မိန့်တော်မူခဲ့တာက -

* သတ္တဝါတွေမှာ ပူးကပ်စွဲဝင်နေတဲ့ ကိလေသာများဟာ တကယ့်အနာရောဂါများပဲ။ ဆိုးဝါးတဲ့ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတွေဟာ ကိလေသာအနာရှိလို့ဖြစ်တဲ့ ဖောက်ပြန်မှုတွေပဲ ဖြစ်တယ်လို့ ဆိုမိန့်ဆုံးမခဲ့တယ်။

စွန်းလွန်းဆရာတော်ဘုရားကြီးကလည်း -

* မသိတော့ လိုချင်

လိုချင်တော့ စွဲလမ်း

စွဲလမ်းတော့ ပြုလုပ်
ပြုလုပ်တော့ ရရှိ
ရရှိတော့ ခံကြပေတော့လို့ ရှင်းရှင်းလင်းလင်း၊ ပြတ်ပြတ်သားသား၊ တိုတိုလိုရင်း ဟောဖော်ညွှန်ပြခဲ့တယ်။

"ခံကြပေတော့"တဲ့၊ "ခံတော့"တဲ့။

ကာမေသုမောင်မောင်တွေ၊ မမတွေ နောင်ဘဝမှာ ခံကြရမှာပဲ။ အချို့ဆို ယခုဘဝမှာပင် ခံနေကြရပါတော့တယ်လေ။ စံချင်လို့ ပြုမိ၊ မှားမိတာ ခံရချက်က မသက်သာ။

* Here he suffers ; after death he suffers ; the evidoer suffers in both places. He suffers to think, "I have done evil," yet more does he suffer, gone to a place of suffering.

* မကောင်းမှုလုပ်သူဟာ ဒီဘဝမှာလည်း ပူပန်ရတယ်။ သေပြီးနောက်ဘဝမှာလည်း ပူပန်ရတယ်။ ဒီဘဝ၊ နောင်ဘဝ နှစ်ဘဝလုံး ပူပန်ရတယ်။ "ငါ မကောင်းမှုတွေ လုပ်ခဲ့မိလေပြီ"လို့တွေးပြီးတော့လည်း ပူပန်ရတယ်။ မကောင်းတဲ့ဘဝ(ဒုဂ္ဂတိ)ရောက်တဲ့အခါမှာတော့ ပိုပြီး ပူပန်သွားရတယ်။

(ဓမ္မပဒ)

■ ■ ■ ▣ ■ ■ ■

# အမျိုးသမီး(၂၀) ကာမေသုမြဲမယ်

■ ယောက်ျားတွေမှာ ချစ်ဇနီး ရှိရှိ၊ မရှိရှိ သိကို သိထားရမှာက -

အမျိုးသမီး(၂၀) ကာမေသုမြဲမယ်။ ဘဝခရီးမှာ သိက္ခမ်းလာရင် ငြိစွမ်းအောင်အထိကို မခံလေနှင့်။ သတိကို အပြန်တစ်ရာ ရှိပါ။ မရှိမိပါက သံသရာအထိ ခံစရာ ရှိပါမယ်။

မောင်မင်းကြီးသား ယောက်ျားသားတွေ သတိပြုရမှာက -

အစောင့်အရှောက်ရှိသော အမျိုးသမီး(၁၀)ဦး၊ မယား(၁၀)ဦး ပေါင်း(၂၀)ဦးတို့ကို ကျူးလွန်ပါက ကာမေသုမိစ္ဆာစာရကံ ထိုက်ပါတယ်။

အမျိုးသမီး(၁၀)ဦးမှာ -

၁။ အမိစောင့်ရှောက်သောမိန်းမ၊

၂။ အဖစောင့်ရှောက်သောမိန်းမ၊

၃။ မိနင့်ဖ နှစ်ဦးလုံး စောင့်ရှောက်သောမိန်းမ၊
၄။ အစ်မ၊ ညီမစောင့်ရှောက်သောမိန်းမ၊
၅။ မောင်ကြီး၊ မောင်ငယ်စောင့်ရှောက်သောမိန်းမ၊
၆။ ဆွေမျိုးစောင့်ရှောက်သောမိန်းမ၊
၇။ အနွယ်(မျိုးနွယ်တူ)တို့စောင့်ရှောက်သောမိန်းမ၊
၈။ တရားကျင့်ဖက်(သီလရှင်၊ ယောဂီ)တို့စောင့်ရှောက်သော မိန်းမ၊
၉။ မင်းပြစ်မင်းဒဏ်မကင်းသော၊ မင်းရည်မှန်းထားသော မိန်းမ၊
၁၀။ မယားပြုမည်ဟု ကြောင်းလမ်းထားသော၊ သတ်မှတ်ထားသောမိန်းမ။

အဲဒီမိန်းမ(၁၀)ယောက်အပြင် နောက်ထပ်(၁၀)ယောက် ရှိပါသေးတယ်။

နောက်(၁၀)ယောက် ထောက်ညွှန်ပြရရင်တော့ဖြင့် -

တစ်ယောက်က ငွေဖြင့် တင်တောင်းခြင်း၊ ဝယ်ယူခြင်းဖြင့် ရရှိသောမယား။

နှစ်ယောက်က ဆန္ဒအလျောက် သဘောတူ အကြင်လင်မယားဖြစ်နေသောမယား။

သုံးကတော့ စည်းစိမ်ပေး၍နေသောမယား။

လေးမှာ အဝတ်တန်ဆာပေး၍နေသောမယား။

ငါးက ရေခွက်၌ လက်စုံချခြင်း စသော လက်ထပ်နည်းမျိုးစုံဖြင့် လက်ထပ်ယူထားသောမယား။

ခြောက်ကတော့ ခေါင်းခုကိုချစေ၍ မယားအဖြစ်သိမ်းဆည်းထားသောမယား။

ခုနစ်က ကျွန်အဖြစ်၊ စစ်နိုင်၍ သိမ်းပိုက်ထားသောမယား။

ရှစ်က ချစ်မိသော အစေခံလည်းဟုတ်၊ မယားလည်းဟုတ်သော မယား။

ကိုးက တစ်မျိုးဆိုရမှာ ကျွန်လည်းဟုတ်၊ မယားလည်းဟုတ်သောမယား။

တစ်ဆယ်က မလွယ်ပုံမှာ တန်ကြေးပေး၍ ခေတ္တမယားပြုထားသောမယား။

မြန်မာတွေရဲ့ဓလေ့မှာ အထက်ပါမယား(၁၀)မျိုးနှင့် (၁၀)မျိုးသော အစောင့်အရှောက်ကင်းသော အမျိုးသမီးဟူ၍ မရှိနိုင်ပါ။ လင်သေလျှင်သော်လည်း၊ ကွဲကွာသော်လည်း မိဘစတဲ့အစောင့်အရှောက်တွေရှိမြဲ။ အပျိုမလေးတွေမှာလည်း မိဘမရှိပေမယ့် ကျန်တဲ့ ညီအစ်ကို၊ မောင်နှမ၊ ဆွေမျိုး၊ မိတ်ဆွေ စတဲ့အစောင့်အရှောက်တွေက ကင်းတာမရှိဘူး။

အဲဒီလိုဆိုပြန်တော့ မောင်မင်းကြီးသား ကျားမှန်သမျှဟာ မိမိဇနီးချောနှင့် အခဖြင့်လုပ်စားတဲ့ ပြည့်တန်ဆာ၊ အကြံအဖန်အမျိုးသမီးများကလွဲပြီး ကျန်တဲ့မိန်းမမှန်သမျှ မလွတ်တာကို အမြဲမပြတ်

ရှုမှတ်ဆင်ခြင် သတိဝင်ပါလေ။

အဓိကံ့က အဓိကပဲ မတွေးမိပါနှင့်။ အဓိက.က မတိကျရင် ငြိရမှာက ကာမေသုမိစ္ဆာစာရကံကြီး။ ဖန်တီးမိတဲ့ ကံကြီးက ခံပြီးရင်း ခံနေရရင်ဖြင့် ဒု၊ သ၊ န၊ သော အော်အော်ပြီး ဟစ်ပြောနေရပေလိမ့်မယ်။ ငုပ်လိုက်၊ ပေါ်လိုက်။

အမျိုးသမီး(၂၀) ကာမေသုငြိမယ်။ ငြိရင် ကယ်လို့ မရလေဘူး။ အထူးသတိပြုပါလေ။

* Here he suffers ; after death he suffers ; the evildoer suffers in both places. He suffers, he is afflicted, seeing the impurity of his own past deeds.

**(DHAMMAPADA)**

* မကောင်းမှုလုပ်သူဟာ ဒီဘဝမှာလည်း ဝမ်းနည်းနေရတယ်။ နောက်ဘဝမှာလည်း ဝမ်းနည်းနေရတယ်။ ဒီဘဝ၊ နောက်ဘဝ နှစ်ဘဝလုံး ဝမ်းနည်းရတာ။ အဲဒီသူဟာ ကိုယ်လုပ်ခဲ့တဲ့ အကုသိုလ်ဒုစရိုက်တွေ မြင်ပြီးတော့ စိုးရိမ်ရတယ်၊ ပင်ပန်းရပါတယ်။

(ဓမ္မပဒ)

■ ■ ■ ◙ ■ ■ ■

# ကာမေသုကံ မထိုက်သော်လည်း

■ အမျိုးသမီးတွေမှာ မိဘစတဲ့ အစောင့်အရှောက်တွေ စောင့်ရှောက်ရှိသော စောင့်ရှောက်ပြီး ကာမဂုဏ်ကို ပိုင်ဆိုင်သူများ မဟုတ်တဲ့အတွက် မိမိကာမဂုဏ်ကို ပိုင်ဆိုင်သော ခင်ပွန်းလင်သား မရှိသေးတဲ့အတွက်ကြောင့် မိမိကာမဂုဏ် မိမိသာ ပိုင်တယ်။

မိမိပိုင်တဲ့ ကာမဂုဏ်ကိုပေးတဲ့အတွက် ကာမေသုမိစ္ဆာစာရကံ မထိုက်ပါ။

ကာမေသုမိစ္ဆာစာရကံ မထိုက်သော်လည်း • • •။

အမျိုးသမီးကောင်း။ မိန်းမမြတ်၊ သမီးပျိုအလိမ္မာ၊ ဗိုင်းကောင်းကျောက်ဖိ၊ မြန်မာမိန်းကလေးတို့အနေဖြင့် -

- ဂုဏ်အင်္ဂါပျက်စီးရခြင်း။
- မိဘ၊ ဆွေမျိုး၊ ပတ်ဝန်းကျင်မှာ နာမည်သတင်း ပျက်ယွင်းရခြင်း။

- မသေခင်မှာပင် အပုပ်သတင်းထွက်၊ အရှက်တကွဲ အကျိုးနည်းဖြင့် လူပုံအလယ်မတိုးရဲ၊ တိုးဝင်ပြန်တော့ မျက်နှာထားရခက်၊ မျက်နှာငယ် စိုးရွံ့နေရခြင်း။
- တန်ဖိုးမဲ့သော မိန်းမဘာဝရောက်ရခြင်းက `အဆိုးတကာ့အဆိုးဆုံးပါ။ သုံးမရ၊ သုံးသူရှိကလည်း တန်ဖိုးမထားချင်။ ခက်တယ်နော်။

အဲဒီအချက်တွေက ကာမေသုမိစ္ဆာစာရက်ထက်ပင် ကြောက်စရာကောင်းလှတဲ့ ပစ္စုပ္ပန်ဆိုးကျိုး၊ ဘဝဒုက္ခအမျိုးမျိုး တွေ့ရတတ်တယ်။ ဘဝမတက်၊ ဘဝပျက်တာ အဲဒီအချက်လည်း ပါဝင်တယ်။ အဲဒါတွေ မျှော်တွေး ဖြစ်လာမယ့်အခြေအနေရှိရင် ဝေးဝေးသာ ပြေးပြေးရှောင်ပါလေ။ (Selfishness)တစ်ကိုယ်တော် ကောင်းစားရေးအတွက်ပင် မစွန့်စားမိပါစေနှင့်။ (Pros and cons)အကောင်းနှင့်အဆိုး၊ အကျိုးနှင့် အပြစ်က ကွာခြားလွန်းလှလို့ရယ်ပါ။ မသာယာဘဲနာတာသာ များတယ်။

* It is the will that makes the action good or bad.

* စိတ်ဆန္ဒဆိုတာ အကောင်းနှင့် အဆိုး တစ်ခုခုကို ဖန်တီးပေးတတ်တယ်။

ဖိုနှင့်မ နီးစပ်လာခဲ့ရင်၊ ထိတွေ့မှုများလာရင်၊ ဆိတ်ကွယ်ရာမှာ သက်ရောက်မှုများလာခဲ့ရင် စိတ်ဆန္ဒတွေ ဖောက်ပြန်လှုပ်ရှားတတ်

လေတယ်။ သူစိမ်းဖိုနှင့် မကို မပြောလေနှင့်။ ဆွေမျိုးသားချင်း၊ ဝမ်းကွဲနီးရင်းတွေတောင် ရင်သိမ့်တုန်လာတတ်တယ်။ ရင်ခုန်စရာလေးတွေက ပျော်စရာလေးလိုလို၊ လွမ်းစရာလေးတွေလိုလိုနဲ့ ကာမေသုမိစ္ဆာစာရ တံခါးဝကို မသိမသာ ရောက်သွားပါလေရော။ ရောက်သွားရာက မှောက်မှားဖောက်ပြားမိရင်ဖြင့် ကြောက်စရာကောင်းလှတဲ့ အဖြစ်ဆိုးတွေ ဆက်ကာဆက်ကာ ကြုံလာ၊ ဆုံလာတော့တာပဲ။

အဲဒါမျိုးမကြုံရအောင် ဘာလုပ်ရမှာလဲ။ စိတ်ကိုထိန်း၊ ဖောက်ပြန်လှုပ်ရှားသက်ဝင်လာမိတဲ့စိတ်ကို ပြင်၊ အငွေ့တွေကို အတွေ့အဆင့် မရောက်ခင် စိတ်ကိုထိန်းချုပ်၊ အလိုမလိုက်မိစေနှင့်။ အလိုလိုက်မိရင် အမိုက်ဓာတ်ပဲ ကကြရတာ များပါတယ်။

* Against diseases the strongest fence is the defensive virtue: abstinence.

* မကောင်းမှု ချိုမွှင်းချက်တွေကို ကာကွယ်ဖို့အတွက် စိတ်အချရဆုံး အကာအကွယ်ကတော့ စိတ်အလိုကို မလိုက်ဘဲ ထိန်းချုပ်ထားနိုင်သော အရည်အချင်းကောင်းသာ ဖြစ်တယ်။

ဘသားချော ယောကျ်ားတွေ မောင်မောင်ဆိုလေ ထီးရိုးရှည်တွေမှာလည်း . . .

အကြံအဖန်မလေးတွေ၊ အိပ်မက်ကုန်သည်လေးတွေ၊ အိမ်မှမဝလို့ လိုက်ပွဲမလေးတွေ၊ ပြည့်တန်ဆာမလေးတွေကို ငွေပေးပြီး ပျော်ပါးသူများမှာ ကာမေသုမိစ္ဆာစာရကံ မထိုက်ပါလို့ဆိုပေမယ့်

အထက်ဖော်ပြရေးခဲ့သလို အမျိုးသမီး၊ မိန်းမများစောင့်ထိန်းသကဲ့သို့ ပင် လူသားမျိုးနွယ်အဆက်ဆက်ကို ပျက်စီးစေနိုင်သော အေအိုင် ဒီအက်စ်(AIDS) အိပ်ချ်အိုင်ဗွီ စသောရောဂါဆိုးများ ခွဲကပ်နိုင်ခြင်း၊ ကာလသားရောဂါရရှိနိုင်ခြင်း၊ စိတ်ဓာတ်ရေးရာ အကျင့်သီလဆိုင်ရာ အမျိုးမျိုးပျက်စီးနိုင်ခြင်း၊ စီးပွားဥစ္စာ၊ ပညာအမျိုးမျိုး ပျက်စီးနိုင်ခြင်း စသော လောကဆိုးကျိုး၊ သံသရာဆိုးကျိုး အမျိုးမျိုးတို့ကို ဖြစ်စေ နိုင်သဖြင့် အာထူးရှောင်ကြဉ်ရပါမယ်။

* Beauty ,unaccompanied by virtue, is a flower without perfume.

* ကောင်းမြတ်သော အကျင့်သိက္ခာနှင့် မယှဉ်သော အလှ ဟာ ရနံ့မရှိသော ပန်းနှင့်သာ တူပေတယ်။

■ ■ ■ ▣ ■ ■ ■

# ကံကောင်းအောင် လုပ်ရမည့်နည်း

■ စာပြုသူစိတ်မှာ အသက်အရွယ် တတိယအရွယ်ရောက်မှ သိလာခဲ့တဲ့အသိက ကံကောင်းအောင် လုပ်ရမည့်နည်းက ဘာမှ မခက်လှပါဘူး။ လွယ်လွယ်လေးပဲ။

တစ်နေ့မှာ စာပြုသူ တွေးမိခဲ့ပါတယ်။ မန္တလေး ဦးသုမင်္ဂလရဲ့ တရားခွေနားထောင်ပြီးမှ ဘာတွေးမိလဲဆိုတော့ တရားက နာလို့ ကောင်းတယ်၊ ရှင်းတယ်။ နာလို့ကောင်းတဲ့တရားကို ကိုယ်ကကျင့်ဖို့ လိုတယ်။ တရားနာထားတဲ့အတိုင်း တရားကို ကျင့်ရမှာပေါ့။ နာပြီး မကျင့်ရင် ဟောတဲ့ဆရာတော်ကို အားနာဖို့ကောင်းပါ့။ စာပြုသူဇနီး ဟာ တရားနာတဲ့အလုပ်ကို အလွန်စိတ်ဝင်စားတယ်။ တရားခွေတွေ ဝယ်တယ်၊ ငှားတယ်၊ ဖွင့်လည်း ဖွင့်တယ်။ သူနှစ်ခြိုက်တဲ့ ဆရာတော်

ခွေဆို ကိုယ်ပိုင် တစ်ခွေမကျန် ခွေစုံဝယ်တယ်။ သူ့ အလုပ်အား တာနဲ့ တရားခွေဖွင့်တာပဲ။

အဲဒီလို တရားနာတတ်ပေမယ့်၊ တရားခွေဖွင့်တာ "ခရေဇီ"ဖြစ် ပေမယ့် စာပြုသူငနီးဟာ အိမ်မှာ တရားထိုင်တာ၊ အားထုတ်တာ အိမ်ထောင်သက် အနှစ်(၄၀)နီးပါးမှာ တစ်ခါမှ မတွေ့ဖူးဘူး။ အဲဒီနေ့ မှာ အဲဒီလို တွေးမိခဲ့ပါတယ်။

အဲဒီနေ့မှာပဲ စာပြုသူ မှတ်စုစာအုပ်ထဲက ဓမ္မစာပိုဒ်တစ်ခုကို ဖတ်ပြီး အတွေးပေါက်လာခဲ့ပါတယ်။ အဲဒီစာပိုဒ်ကို ကူးမှတ်ထားခဲ့ တာ နှစ်ပေါင်း ဘယ်မျှကြာခဲ့ပြီဆိုတာ မမှတ်မိခဲ့တော့ဘူး။ ကြာလု ပြီ။ အဲဒီနေ့ကမှ အဲဒီစာပိုဒ်(ပါဠိ)လိုနှင့် အနက်ကို ဖတ်ပြီး . . .

"ဟာ - ဒီဩဝါဒဓမ္မစာစုဟာ ကံကောင်းအောင်လုပ်နည်းပဲ၊ လူတွေ ကံကောင်းအောင်လုပ်ဖို့ ဆုံးမထားတာပဲ၊ တိုတိုနဲ့ လိုရင်းပဲ" ရယ်လို့ တွေးမိခဲ့ပါတယ်။ လူကြီးတွေ သိပြီးသားပါ။

အဲဒီဆုံးမဩဝါဒဓမ္မက ကံဆိုးဖယ်နိုင်၊ ကံနိမ့်မြင့်နိုင်၊ ကံယုတ် မြှတ်နိုင်၊ ကံညစ်ပစ်နိုင်၊ ကံပူအေးနိုင်။ ကံမိုက် မလိုက်မိအောင် သတိပေးထားတဲ့ဩဝါဒ။

အဲဒီဆုံးမဩဝါဒဓမ္မက ကံတင့်လာအောင်၊ ကံပွင့်လာအောင်၊ ကံအောင်လာအောင်၊ ကံပြောင်လာအောင်၊ ကံတက်လာအောင်၊ ကံ ထက်လာအောင်၊ ကံသွက်လာအောင်၊ ကံစပ်လာအောင်၊ ကံထပ်လာ အောင်၊ ကံစွမ်းလာအောင်၊ ကံလန်းလာအောင် မိမိကံတွေ မြင့်

သထက်မြင့်ပြီး ဘဝအဆင့်တွေတက်၊ စားဝတ်နေရေးအဆင်ပြေ၊ ဒါန တွေပြု၊ အတ္တမက ပရဟိတပါလုပ်နိုင်တဲ့ (လိုတရ)ဓမ္မဩဝါဒ။

ကံပွင့်အောင် အမွေးတိုင်ထွန်း ဆုတောင်းတာလည်းပဲ ဆုတောင်း ပါ။ စိတ်အင်အား ဖြစ်စေပါတယ်။

ဆုတောင်းမှုနှင့်အတူ အဲဒီဆုံးမဩဝါဒကို လိုက်နာမယ်ဆိုရင် နေ့စဉ်နှင့် နေစဉ် (နေ့စဉ်နှင့် နေစဉ် မတူပါ) နေ့စဉ်က နေ့တိုင်း နေ့တိုင်း၊ နေစဉ်က လူ့လောက၊ လူ့ဘဝရနေစဉ်။ အဲဒီလိုလေး ကွာဟမှုရှိတယ်။

လူတိုင်း ကံကောင်းအောင်လုပ်ရမယ့် ဩဝါဒမမှုက ရှင်းရှင်း လေးပါ။

ရှေးဆရာတော်ဘုရားကြီးတွေ တရားဟောရာမှာ မိန့်လေ့ရှိတဲ့ ဝေါဟာရကို သုံးစွဲရရင်တော့ . . .

"ဘာတဲ့"

"သဘောက ဘာတဲ့"

စာပြုသူ သိမိ၊ တွေးမိ၊ နားလည်မိ၊ ခံစားမိခဲ့တဲ့ ကံကောင်း အောင်လုပ်နည်းက ဘာတဲ့လဲဆိုတော့ စာဖတ်သူတို့ တွေ့နေ၊ မြင်နေ၊ အချို့သိပြီးနေတဲ့ ဩဝါဒ။

"သဗ္ဗပါပဿ အကာရဏံ၊ ကုသလဿ ဥပသမ္ပဒါ။
သစိတ္တ ပရိယောဒါပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ။"

အနက်အဓိပ္ပာယ်က -

၁။ မကောင်းမှုမှန်သမျှ မလုပ်ကြပါနှင့်။

၂။ ကောင်းတာတွေကို ဆထက်ထမ်းပိုးတိုးပြီး လုပ်ကြပါ။

၃။ ကိုယ့်စိတ်၊ မိမိစိတ်ကို ဖြူစင်သန့်ရှင်းအောင်ထား။

အဲဒီဩဝါဒမဲ့ကို လူကြီးတွေ၊ အရွယ်ရောက်ပြီဖြစ်တဲ့ လူငယ်တွေ သိကြပါတယ်။ သိကြပေမယ့် အဲဒီတရားရှိအောင် မနေကြသူများပါတယ်။ စာပြုသူကိုယ်တိုင်ပင် ဒီလိုတွေးမိလို့ ရေးမိတာပါ။ အဲဒီတရားကို လက်ကိုင်ပြုပြီး ဘဝခရီးကို မဖြတ်သန်းမိဘူး။ အချို့မကောင်းမှုတော့ မလုပ်ဘူးပေါ့။ မလုပ်တာ ကြောက်လို့မလုပ်တာလည်း ပါတယ်လေ။ အချို့ မကောင်းမှုမျိုးတော့ နှစ်နှစ်ခြိုက်ခြိုက်ကို လုပ်ခဲ့မိတာ။ ဥပမာ- သေရည်သေရက်သောက်တာမျိုး။

မကောင်းမှန်းသိလျက် လုပ်ကိုလုပ်မိတယ်။ နေ့စဉ်ဆိုသလို "သောက်မယ်"ကြီးပဲ။ အဲဒီ မကောင်းမှုလုပ်တတ်တော့ ဘယ်လာကံကောင်းတော့မှာလဲ။ လူတောသူတော ဘယ်ကံက လာပွင့်မှာတုန်း။

"အလကားကောင်းပါ၊ မြင့်သွေးက ယစ်ထုပ်ကြီးပါ၊ အိမ်ပိုင်ယာပိုင်လည်း ရှိတာမဟုတ်ပါဘူး"

အဲဒီလို ဝေဖန်ပြစ်တင်သတ်မှတ်ခံရတာ ကံနိမ့်တာ၊ ကံနိမ်တာ၊ မကောင်းမှုထဲက တစ်ခုခုကို "သောက်မယ်"၊ "လုပ်မယ်"ကြီးပဲ ဖြစ်နေမိခဲ့လို့ပေါ့။

ကံကောင်းအောင်လုပ်နည်း ဆုံးမထားတဲ့ဓမ္မက ရှင်းရှင်းလေးမှ ရှင်းရှင်းလေးရယ်။

အဲဒါကို လူတော်တော်များများပင် ကွင်း ကွင်းရှောင်ပြီး ဘဝ ခရီးဖြတ်သန်းကြတယ်။

* မကောင်းမှုမှန်သမျှ မလုပ်ပါနှင့်ဆိုတာကို မကောင်းမှုအကြီး တွေမလုပ်အောင် လုပ်နိုင်သလောက်လေး လုပ်ကြတယ်။ အချို့ဆို မကောင်းမှုကြီးတောင် လုပ်မိပြီး ကံတွေဆိုးကုန်ရော။ မကောင်းမှု မှန်သမျှ မလုပ်ပါနှင့်ဆိုစာ လုပ်တော့ ဘယ်မှာလာကံကောင်းကြ မှာတုန်း။ ဩော် - စိတ်ဆိုတာလည်း မကောင်းမှုမှာ ပျော်မွေ့တယ်။

* ကောင်းတာတွေ ဆထက်ထမ်းပိုးတိုးပြီး လုပ်ပါတဲ့။

ကံကောင်းအောင်လုပ်နည်း ဆုံးမထားတဲ့ ဓမ္မဒုတိယပိုဒ်ကလည်း ရှင်းရှင်းလေးပါ။

အဲဒါကလည်း ရှုပ်တာမဟုတ်ပေမယ့် လူတော်တော်များများက မလုပ်တာပါ။ လုပ်သူ မရှိဘူးတော့ မဟုတ်ဘူး။ ရှိတော့ ရှိတယ်၊ ရှားတယ်။

လူတော်တော်များများက ကောင်းတာနည်းနည်း၊ မကောင်းတာ လေးတွေ လော၊ ဒေါ၊ မောတွေ လုပ်တတ်ကြပါတယ်။

ကံကောင်းအောင်လုပ်နည်း တတိယဩဝါဒ ဓမ္မကတော့ အရေး အကြီးဆုံးပါပဲ။

* မိမိစိတ်ကို ဖြူစင်သန့်ရှင်းအောင် ထားပါတဲ့ခင်ဗျ။ ပွဲပြတ် တဲ့ ဩဝါဒပါ။ လောကမှာ စိတ်ကောင်းရှိဖို့ ပထမပဲဗျာ၊ အရေးကြီး လုတဲ့ ကျန်းမာရေးတောင်မှ ဒုတိယပဲ။

စာဖတ်သူ လူငယ်မောင်မယ်၊ အရွယ်ကောင်း အားမာန်ပိုင်ရှင်လေးတို့ရေ...

ကံကောင်းအောင်လုပ်နည်းက မကြာခဏ ဓမ္မစာအုပ်၊ စာပေတွေမှာ မြင်နေ၊ တွေ့နေ၊ ရိုးနေတဲ့ ဩဝါဒပါ။

* Learn to do good,
Cease to do evil,
This is the teaching
of all the Buddhas.

* မကောင်းမှုရှောင်
ကောင်းမှုဆောင်
ဖြူအောင်စိတ်ကိုထား
ဘုရားတိုင်းသာ မိန့်ခဲ့ရာ
သုံးဖြာ ဤစကား။

ဒါများ သိသားပဲ၊ ဒါလေးများ ဆန်းတာမှတ်လို့ မလုပ်ပါလေနှင့်။ မမေ့မလျော့၊ မပေါ့မဆ ဓမ္မတရားလိုက်နာပွားရင် ကံများပွင့်၊ ကံများအောင်၊ ကံများကောင်းမှာ မလွဲပါလေ။ အဲဒီ ဓမ္မဩဝါဒကို လိုက်နာနိုင်ခဲ့ရင် တစ်နေ့ထက်တစ်နေ့၊ တစ်လထက်တစ်လ၊ တစ်နှစ်ထက်တစ်နှစ် ကံကောင်းမှုတွေ ရလာ၊ ခံစားလာရမှာ ကေန်မုချ။ သင်လိုက်နာဖြစ်အောင် လိုက်နာပါ။

# အတိတ်ဘဝက ပြုမူဆောင်ရွက်ခဲ့တဲ့ကံတွေ

* Good deeds you do now are the treasure of the future.

* သင် ယခုပြုလုပ်သည့် ကောင်းမွန်သောလုပ်ရပ်များ သည် အနာဂတ်၏ ရတနာပင် ဖြစ်သည်။

(ဖိလစ်ပိုင်စကားပုံ)

အတိတ်မှာ ကံတွေ ပြုခဲ့ကြတယ်။ ဘဝအဆက်ဆက်၊ သံသရာ အသက်သက်တွေမှာ ကုသိုလ်ကံရော၊ အကုသိုလ်ကံပါ ပြုခဲ့ကြ၊ စုခဲ့ကြပါတယ်။

လူသတ္တဝါဟူသမျှ မိမိရဲ့ကံကို တည်ဆောက်ခဲ့တဲ့သူတွေ ဖြစ်ပါ တယ်။ ကိုယ့်သမိုင်း ကိုယ်ပဲ ရေးခဲ့ကြတာပါပဲ။

ကံကြမ္မာဆိုတာက မမျှော်လင့်ဘဲ ပေါ်ပေါက်လာတဲ့ အခွင့်တစ်ရပ်မဟုတ်ပါ။ ကိုယ်ရွေးချယ်လုပ်ကိုင်ခဲ့တဲ့ အလုပ်တွေ၊ ကုသိုလ်ကံတွေ၊ အကုသိုလ်ကံတွေအတိုင်း ဆက်လက်ဖြစ်ပေါ်လာတာပါပဲ။

လူဟူသမျှ မိမိ၏ကံကြမ္မာဗိမာန်ကိုတည်ဆောက်သော ဗိသုကာတွေဖြစ်တယ်။ ဘဝ၊ ဘဝအဆက်ဆက်၊ သံသရာ အသက်သက်မှာ တည်ဆောက်ခဲ့တယ်။ အတိတ်ဘဝမှာ တည်ဆောက်တယ်၊ ပစ္စုပ္ပန်ဘဝမှာလည်း တည်ဆောက်နေပါတော့တယ်။ ကာယကံ၊ ဝစီကံ၊ မနောကံတွေကို တည်ဆောက်ပြီးရင်း တည်ဆောက်နေပါတယ်။

အတိတ်ကံဆိုတာက မမြင်နိုင်၊ မသိနိုင်။ ဘာတွေ ဘယ်လိုလုပ်ခဲ့၊ ကံတွေပြုခဲ့တယ်မသိ။ အဲဒါကြောင့် လက်ရှိဘဝမှာ၊ အချိန်မှာ အကောင်းဆုံးဖြစ်အောင် ပြုမူပြောဆို နေထိုင်မယ်ဆိုရင်ဖြင့် ထိုက်တန်သလောက် အကျိုးကောင်းတွေ ရလာမယ်။

အတိတ်အကြောင်းတွေ မေ့ပျောက်ထားပြီး ပစ္စုပ္ပန်တည့်တည့် ရှုမှတ်ပါ။

ဒုကနိပါတ်၊ သာကေတဇာတ်မှာ - အတိတ်ဘဝ၌ ရင်းရင်းနှီးနှီး ဆက်ဆံဖူးလျှင်ဖြစ်စေ၊ ပစ္စုပ္ပန်ဘဝ၌ ရင်းရင်းနှီးနှီး ဆက်ဆံဖူးလျှင်ဖြစ်စေ တစ်ဦးနှင့်တစ်ဦး တွယ်တာမှုသံယောဇဉ်သည် ဖြစ်တတ်တယ်ဟု ဆိုပါတယ်။

ယခုလောလောဆယ် (ပစ္စုပ္ပန်)ကံ လူတို့ရဲ့ လုပ်ဆောင်ချက်တွေဟာ အနာဂတ်မှာ ခံစား၊ စံစားရမှာပါ။ ဒီနည်းအားဖြင့် အတိတ်

နှင့် ပစ္စုပ္ပန် အကြောင်းနှင့် အကျိုး နိယာမက အကျိုးသက်ရောက် စေတယ်။

အတိတ်ကံနေ့ရက်တွေမှာ ဦးနှောက်က ထိန်းသိမ်းမိခဲ့ကြလို့ ပစ္စုပ္ပန်မှာ ဒုက္ခမခံရဘဲ သုခစံနေရသူတွေ ရှိတယ်။

အင်္ဂလိပ်ဆိုရိုးစကားတစ်ခု ရှိတယ်။

သင်က ယနေ့ကို ဂရုစိုက်လျှင် မနက်ဖြန်က သူ့ကိုယ်သူ ဂရုစိုက်ပါလိမ့်မယ်လို့ ဆိုတယ်။

အတိတ်ဘဝက ပြုမူဆောင်ရွက်ခဲ့တဲ့ အတိတ်ကံတွေက ယခု ဘဝကို ဖန်တီးပေးတတ်လေတယ်။

* If we open a quarre ! between the past and the present, we shall fine lost the future.

* အတိတ်ကာလနှင့် ပစ္စုပ္ပန်ကာလအကြားမှာ အဆင်မပြေ စရာ ပဋိပက္ခလေးတွေဖြစ်လာအောင် လုပ်ထားမိရင်တော့ အနာဂတ် ကာလမှာ ဆုံးရှုံးမှုတွေနှင့် တွေ့လာရပါလိမ့်မယ်။

ဗုဒ္ဓဘာသာရဲ့ ကံဝါဒဟာ အတိတ်ကို မပစ်ပယ်ဘဲ အနာဂတ် ကိုလက်ခံသော ဝါဒဖြစ်တယ်။ ကံကို မယုံကြည်တဲ့ဝါဒဟာ အတိတ် ကိုလည်း ပစ်ပယ်တယ်၊ အနာဂတ်ကိုလည်း လက်မခံသော အယူ ဖြစ်တယ်။

■ ■ ■ ◙ ■ ■ ■

သင်သည်

# ကံက လွတ်အောင် မပြေးနိုင်

သဇင်နွယ်(နတ်မောက်)

# မောင်ကံထူး၏
# ကံတရား

ဓမ္မမဆင်၊ သူတော်ကောင်းအား၊ ပျက်ကြောင်းစင်စစ်၊ အပြစ်တစ်ခု၊
မပြုနိုင်ရာ၊ မှန်လှစွာ၏။ သဟာဒါန၊ ကုသလဉ္စ၊ ဝါဒတည်ကြား၊ ယူမမှားနှင့်၊
တရားဟုဆို၊ ကံကုသိုလ်သာ၊ ကိုယ်ကိုစောင့်တတ်၊ ကိုယ်စောင့်နတ်တည်း။

(မဃဒေဝ - ၂၈၁)

× × ×

"ကျွိ . . . ကျွိ . . . ကျွိ . . . ဂျိမ်း"

ဘဝဆိုတာ အခု ကျွန်တော်စီးနင်းလိုက်ပါလာသော ရန်ကုန်-မော်လမြိုင် ရထားကြီးအတိုင်းပါပဲလား။ တစ်ဘူတာထွက် တစ်ဘူတာဝင်နဲ့ဟု အတွေးနယ်ချဲ့နေစဉ်မှာပင် ကြားလိုက်ရသောအသံပင် ဖြစ်ပါသည်။ "ဟာ" "ဟင်" "ဘာဖြစ်တာပါလိမ့်"ဟု ခရီးသည်များ၏ အထိတ်တလန့်အသံ၊ အာမေဋိတ်အသံများအဆုံးတွင် "ရထား

ဘီးချော်သွားပြီ"ဟူသော ရထားစျေးသည်တစ်ဦး၏ အသံစာစာ ထွက်ပေါ်လာပါတော့သည်။

ဟုတ်ပါသည်။ ကျွန်တော်တို့စီးနင်းလိုက်ပါလာသော ရန်ကုန်-မော်လမြိုင်ရထားကြီးသည် ကျိုက်ထိုဘူတာမရောက်ခင် လမ်းခုလတ်တွင် ဘီးချော်ကျသွားခြင်း ဖြစ်ပါသည်။

"ဘာဆက်လုပ်မလဲ မောင်ရင်"

ကျွန်တော်သည် ကျွန်တော်သွားလိုရာမရောက်ခင် အခုလိုဖြစ်ပျက်ကြုံတွေ့ရမှု၊ အထူးသဖြင့် မကျွမ်းကျင်သော နယ်စိမ်းတွင် ရင်းနှီးသူအဖော်မပါ တစ်ယောက်တည်းဖြစ်နေမှုမှာ အလွန်မတန်စိတ်ပျက်စွာ တွေးတောရင်း တွေးမောနေချိန်ဝယ် ကျွန်တော်နှင့်မျက်နှာချင်းဆိုင်ထိုင်ခုံတွင် စီးနင်းလိုက်ပါလာသော အသက်(၅၀)ဝန်းကျင်ခန့်ရှိမည့် လူကြီးတစ်ဦး၏ ဖော်ရွေသောမျက်နှာနှင့် "ဘာဆက်လုပ်မလဲ မောင်ရင်"ဟု မေးလိုက်သောအသံပင် ဖြစ်ပါသည်။

သူ့အမေးသည် ကျွန်တော့်အတွက် ဖြေစရာမရှိပါပေ။ ထို့ကြောင့် အမေးကို အမေးနှင့်ပင် တုံ့ပြန်သည့်အနေဖြင့် "ဒီမှာ ဘယ်လောက်ကြာမလဲ"ဟု စပ်စုကြည့်မိရာ "မလွယ်ဘူး။ ရွာဆက်နည်းနည်းဝေးတယ်၊ ညနေမိုးချုပ်နေပြီဆိုတော့ ဒီမှာပဲ ညအိပ်ကြမယ်နဲ့ တူတယ်"ဟူသောအဖြေကို ကြားသိရပေသည်။

"ဦးက ဘယ်ကိုခရီးဆက်ရမှာလဲ"ဟု ထပ်ပြီး လေခွန်မဆောင်ရသည့်အတွက် စပ်စုကြည့်ရာ သူ့အနေနဲ့ သွားမည့်ခရီးသည် သိပ်

မဝေးတော့ကြောင်း၊ တစ်နာရီခန့် လမ်းလျှောက်လျှင် ရောက်နိုင်ကြောင်းနှင့် ကျွန်တော့်အတွက်လည်း ရထားပေါ်တွင်ညမအိပ်လိုလျှင် သူနှင့်လိုက်နိုင်ကြောင်း ဖိတ်ခေါ်ပြောကြားရာ ကျွန်တော့်အနေနဲ့လည်း ရထားပေါ်တွင် တစ်ညလုံး ဒုက္ခမခံလို၍ ရိုးသောလူကြီးကို စိတ်ချယုံကြည်မှုအပြည့်ဖြင့် လိုက်ပါသွားခဲ့မိပါသည်။

ခြေလျင်ခရီးတွင် ထိုဦးကြီးက မိမိသည် ကျောင်းကပ္ပိယကြီးဦးစိန်လုံးဖြစ်ကြောင်း၊ အခုသွားသောနေရာသည် ဆရာတော်ဦးကဝိန္ဒနှင့် မိမိတို့ ဆရာ၊ ဒကာ အတူနေထိုင်ရာ တောကျောင်းကလေးဖြစ်ကြောင်းနှင့် ဆရာတော်သည် ငယ်ဘဝဖြစ်ရပ်ဆန်းလေးတစ်ခုကြောင့် အခုဒီနေရာတွင် သီတင်းသုံးနေထိုင်ကြောင်းတို့ကို ရှေ့မှခပ်သွက်သွက်လမ်းလျှောက်ရင်း ပြောပြသွားပါသည်။

"ဆရာတော်၏ ငယ်ဘဝဖြစ်ရပ်ဆန်းလေး"ဆိုသည်မှာ စပ်စုမေးမြန်းချင်သော်လည်း ဟိုရောက်မှပဲ မေးတော့မည်ဟု မျိုသိပ်ရင်း ခပ်သွက်သွက်လျှောက်ရာ မကြာခင် ကြီးမားသောညောင်ပင်ကြီးတစ်ပင်အနီးရှိ ဝါးကျောင်းလေးတစ်ကျောင်းသို့ ရောက်ခဲ့ပါတော့သည်။

ကျောင်းပေါ်သို့ရောက်သော် ဆရာတော်မရှိသဖြင့် ဘုရားဦးချပြီး ကပ္ပိယကြီးဦးစိန်လုံးကျွေးမွေးသော ငှက်ပျောသီး၊ မုန့်နှင့် ရေနွေးကြမ်းတို့ကို ဆာဆာနှင့် စားသောက်နေမိပါသည်။ ဆရာတော်ကတော့ ညောင်ပင်ကြီးအောက်ရှိ ကွပ်ပျစ်ပေါ်တွင် တရားထိုင်နေကြောင်း သိရပါသည်။

ခဏအကြာတွင် "ဒကာကြီး ပြန်ရောက်နေပြီလား၊ ဩော် - ညော့်သည်လည်း ပါလာတာကိုး" ဟူသော အသံနှင့်အတူ သက်တော် (၄၅)နှစ် ဝန်းကျင်ခန့် ဆရာတော်တစ်ပါး ကြွလာပါသည်။

ကျွန်တော်တို့လည်း ဆရာတော်ကို ဝတ်ဖြည့်ရင်း ကြုံတွေ့ခဲ့ပုံကို အကျဉ်းချုံး၍ လျှောက်တင်ခဲ့ပါသည်။ ဆရာတော်၏ မျက်နှာတော်ကို ဖူးတွေ့ရတော့မှ လမ်းတုန်းက ကပ္ပိယကြီး၏ "ဆရာတော့ငယ်ဘဝဖြစ်ရပ်ဆန်း" ဆိုသည်ကို သိချင်စိတ် မအောင့်အည်းနိုင်တော့ဘဲ ထုတ်မေးမိပါတော့သည်။

ထိုအခါမှ ဆရာတော်က "ဩော် - ကပ္ပိယကြီးက ဘာတွေပြောထားလို့လဲ၊ တကယ်တမ်းကျတော့ ဖြစ်ရပ်ဆန်းဆိုတာဟာ ဖြစ်လေ့ဖြစ်ထရှိတဲ့ ဖြစ်ရပ်တွေထဲက အဖြစ်အပျက်ကလေးတွေပါပဲ" ဟု အစချီကာ ငယ်ဘဝတွေ့ကြုံခဲ့ရသော ဆန်းကြယ်သော အဖြစ်အပျက်ကလေးတစ်ခုနှင့် အခု ဒီနေရာတွင် ကျောင်းဆောက်သီတင်းသုံးနေရခြင်းတို့၏ ဆက်စပ်မှုတို့ကို တည်ငြိမ်စွာ မိန့်ကြားသွားပါသည်။

ဆရာတော်၏မိန့်ကြားမှုအရ ဆရာတော်၏ ငယ်နာမည်၊ လူနာမည်မှာ မောင်ကံထူးဖြစ်ကြောင်း၊ အခု ကျောင်း၏အနောက်ဘက် တစ်မိုင်နီးပါးရှိ "သပြေကန်" အမည်ရှိရွာကလေးတွင် သာမန်ဆင်းရဲသားများဖြစ်ကြသော ဦးမောင်မြ၊ ဒေါ်အေးကြည်တို့မှ အသက်အရွယ်ကြီးရင့်မှ မွေးဖွားသော တစ်ဦးတည်းသောသားဖြစ်ကြောင်း သိခဲ့ရပါသည်။

မောင်ကံထူးကလေး (၇)နှစ်သားအရောက်တွင် ဖခင်ဦးမောင်မြမှာ ရုတ်တရက် ရောဂါတစ်ခုဖြင့် ကွယ်လွန်ခဲ့၏။ ကလေးတစ်ယောက်အမေ မုဆိုးမ ဒေါ်အေးကြည်မှာ ဘဝကို ဆင်းရဲပင်ပန်းကြီးစွာဖြင့် ဖြတ်သန်းနေရတော့သည်။ တောထဲ၊ တောင်ထဲမှာ အလေ့ကျပေါက်ဟင်းရွက်များကို လိုက်လံခူးပြီး ရွာရိုးလျှောက်ကာ ရောင်းချစားသောက်ရပါသည်။

မောင်ကံထူးကလေးသည် အသက်(၇)နှစ်ကျော်သည်အထိ ကျောင်းမနေရပါ။ ရွာတွင်လည်း စာသင်ကျောင်းမရှိပါ။ ဒီလိုနဲ့ပဲ "မြွေပွေးရာ ကင်းမှောက်"ဆိုသလို ဆင်းရဲချို့တဲ့လှတဲ့ ဒေါ်အေးကြည်မှာ ရင်ကြပ်ရောဂါက မဖိတ်ခေါ်ဘဲ ဝင်လာပါတော့သည်။

ဒါ့ကြောင့် အရွယ်နဲ့မလိုက်အောင် အသိတရားရှိလှသော မောင်ကံထူးကလေးသည် ရွာမြောက်ပိုင်းရှိ ဦးသာစည်၏ နွား(၁၃)ကောင်နှင့် ဆိတ်အကောင်(၂၀)ကျော်ကို မောင်စိန်လုံး အခု(ကပ္ပိယ)ကြီးနှင့် အတူ အငှားကျောင်းရင်း ဝမ်းရေးကိုကူ၍ ဖြေရှင်းရပါတော့သည်။

မောင်ကံထူးနှင့် မောင်စိန်လုံးတို့၏ နွားစားကျက်မှာ အခုညောင်ပင်ကြီးအနီးတစ်ဝိုက်ရှိ ကွင်းပြင်ကြီးဖြစ်ပါသည်။ မောင်စိန်လုံးနှင့် မောင်ကံထူးအတွက်တော့ ဒီညောင်ပင်ကြီးသည် ပျော်စရာကမ္ဘာ (HAPPY WORLD) ဖြစ်ပါတော့သည်။

ဒီလိုနဲ့ မောင်ကံထူး အသက်(၁၀)နှစ်ကျော် (၁၁)နှစ်ထဲအရောက်တွင် ဆိုးရွားတဲ့ကံကြမ္မာ အဆိုးနှင့် ထူးခြားတဲ့ဖြစ်ရပ်တစ်ခု တွဲလျက်

ပေါ်ပေါက်လာရာ "အခုမှ မောင်ကံထူး"အစစ်ဟု လူတိုင်းလူတိုင်း ထူးဆန်း အံ့ဩထောမနာ ပြုရပါတော့သည်။ အကြောင်းမှာ ဤသို့တည်း။

မောင်ကံထူး၏ ရင်ထဲ၊ ဝမ်းထဲတွင် နာကျင်ကိုက်ခဲနေသည်မှာ ကြာခဲ့ပါပြီ။ ဒီနေ့တော့ လုံးဝမထနိုင်အောင်ကို နာကျင်နေသည့်အတွက် လူးလိမ့်နေရပါသည်။

ဘေးဝတ်ဝန်းကျင်မှ လူကြီးသူမများ လာရောက်ကြည့်ရှုကြရာမှ "အူအတက်ပေါက်တာပဲလား။ အစာအိမ်ရောင်တာပဲလား။ အသည်းရောင်တာပဲလား"ဟူသော မသေချာသည့် "ပဲလား"များစွာဖြင့် ထင်ကြေးပေးပြီး သွားကြပါသည်။

အဒေမ ဒေါ်အေးကြည်ကတော့ "သားလေးဖြစ်မည့်အစား ကျုပ်ကိုတာ ဖြစ်လိုက်ပါတော့"ဟု ချုံးပွဲချ၍ ငိုကြွေးနေရသည်မှာ အချိန်ပြည့်ပင်။ သားကလေးသည်သာ သူ့ အသက် မဟုတ်ပေလော။

တစ်ဖက်ရွာမှ နာမည်ကြီးဆေးဆရာကြီး ဦးရွှေမှန်၏ ဆေးမြီးတိုများသည်လည်း ထူးခြားမှုမရှိလာခဲ့ပေ။ မောင်ကံထူး အစာမဝင်တော့သည်မှာ ကြာပေမည်။ အခုဆို ရေကိုတောင် ဝါဂွမ်းနဲ့ဆွတ်ပြီး ပါးစပ်ထဲမှာ ညှစ်ထည့်နေရပါသည်။

မောင်ကံထူးလေး၏ ဘဝနိဂုံးသည် နေ့လား၊ ညလားဆိုသလို ဖြစ်နေ၍ ရွာမှ လူကြီးမိဘများ အနားတွင်ထိုင်၍ စောင့်ကြည့်နေရပါတော့သည်။

ဒီမနက်တော့ ထူးခြားခဲ့ပေပြီ။ မောင်ကံထူးတစ်ယောက် မရှိတော့ဘူး။ မရှိတော့ဘူးဆိုတာ ဆုံးသွားခြင်းမဟုတ်။ ပျောက်သွားခြင်း၊ အိပ်ရာထဲမှ ပျောက်သွားခြင်းပါပဲ။ ဟုတ်ပါသည်၊ ဒီလောက် အစာမဝင်၊ ရေမဝင်ဘဲ ချည့်နဲ့နေတဲ့လူနာတစ်ယောက် အိပ်ရာထဲမှ အများအိပ်နေသည့်အခိုက် ခဏရုတ်တရက် ပျောက်သွားခြင်းအတွက် လူတိုင်း အံ့ဩနေကြပါတော့သည်။ သို့သော် မောင်ကံထူးကိုတော့ ရှာမတွေ့သေးပေ။

နွားများစားကျက်သို့လွှတ်ချိန် (၆)နာရီကျော် (၁၀)နာရီဝန်းကျင်ခန့်တွင် နွားကျောင်းသား မောင်စိန်လုံးတစ်ယောက် အူယားဖားယားနဲ့ ရွာထဲသို့ ပြေးဝင်လာပြီး မောင်ကံထူးတစ်ယောက် ရွာထိပ်က ညောင်ပင်ကြီးပေါ်တွင် အိပ်နေကြောင်း လာပြောပါသည်။

ဒါကြောင့် ရွာမှလူကြီးများစုရုံးပြီး ညောင်ပင်ကြီးဆီသို့သွားကြရာ ဟုတ်ပေသည်။ ညောင်ပင်ကြီး၏ခွ(ဂွ)ဆုံ ကိုင်းကြီးပေါ်တွင် လဲလျောင်းနေသော မောင်ကံထူးကို တွေ့ကြပါသည်။ လူများ၏ အံ့ဩဆူညံသံများကို ကြားရသောအခါ မောင်ကံထူးတစ်ယောက် ထထိုင်လာသည်။ သို့သော် အားမရှိသည့်အတွက် အောက်သို့ မဆင်းနိုင်ပေ။ ထို့ကြောင့် ရွာမှလူငယ်များတက်၍ ပွေ့ပြီး အိမ်သို့ ပြန်ခေါ်ခဲ့ပါသည်။

သေခါနီးလူနာတစ်ယောက် တစ်မိုင်နီးပါးမျှဝေးသောအရပ်ရှိ ညောင်ပင်ကြီးပေါ်သို့ ရောက်ရှိနေခြင်းမှာ ပဟေဠိဆန်သလို သေလု

နီးပါးဖိစီးနေသည့် ရောဂါဝေဒနာသည်လည်း ပဟေဠိဆန်စွာ ပျောက်ဆုံးသွားပါတော့သည်။

ထို့နောက် မောင်ကံထူးသည် ပြန်လည်ကျန်းမာဝဖြိုးလာပါတော့သည်။ ဤသည်တို့မှာ ဆရာတော်ကြီး ဦးကဝိန္ဒကိုယ်တိုင် သူ၏ငယ်ဘဝမှန် အဖြစ်အပျက်ကို ပြောပြသည့်အတွက် ကျွန်တော်ကိုယ်တိုင် အံ့ဩစွာပဲ ယုံကြည်လိုက်ပါသည်။

"ဒါနဲ့ ဆရာတော်ရဲ့ ရဟန်းဘဝ ရောက်လာရတဲ့အကြောင်းကကော"ဟု လျှောက်တင်ကြည့်ရာမှ ဆရာတော် (၁၉)နှစ်သားအရောက်တွင် မိမိ၏မယ်တော်မှာ ပန်းနာရင်ကြပ်ရောဂါဖြင့် ဆုံးသွားကြောင်း၊ ရက်လည်ဆွမ်းကျွေးသည့်ညတွင် သူမမြင်ဖူးသည့် သူစိမ်းလူတစ်ယောက်က ရဟန်းဝတ်၍ သာသနာပြုရန် တိုက်တွန်းကြောင်း၊ သို့သော် တန်းပြီး မဝတ်ဖြစ်သေးဘဲ (၁)နှစ်ခွဲခန့်အကြာ အသက်(၂၀)ကျော်တွင် ထပ်မံ၍ အလားတူ အိပ်မက်မက်ပြီး တောင်းတောင်းပန်ပန်နဲ့ပြောကြားသဖြင့် ရဟန်းလောကထဲသို့ ရောက်ရှိ၊ သာသနာပြုနေကြောင်းတို့ကို မိန့်ကြားပါတော့သည်။

ဒီလိုနဲ့ အချိန်မှာလည်း တော်တော်ညဉ့်နက်လာပြီဖြစ်သည့်အတွက် ဆရာတော်ကို အားနာလှသဖြင့် စကားဝိုင်းရပ်လိုက်ရပါတော့သည်။

နံနက်မိုးလင်း၍ အိပ်ရာထ၊ မျက်နှာသစ်၊ နံနက်စာစားပြီး ခရီးဆက်ရဦးမည်ဖြစ်သည့်အတွက် ဆရာတော်ကိုကန်တော့ပြီး ကျောင်း

ရေအတွက်တွင် ယွန်းအစ်တစ်လုံးထဲတွင် အစာအတူစားနေကြသည့် ကြောင်ဖြူလေးတစ်ကောင်နှင့် ခွေးနက်တစ်ကောင်တို့ကို တွေ့မိသဖြင့် ကပ္ပိယကြီးဦးစိန်လုံးအား အံ့သြစွာဖြင့် မေးကြည့်ရာ -

ကျွန်တော်၏စကားသံကို ကြားသွားသော ဆရာတော်ဦးကဝိန္ဒက ကျွန်တော်တို့ရှိရာသို့ လျှောက်လာပြီး "ဘာလဲ၊ အံ့သြနေလား ဒကာလေး။ မအံ့သြနဲ့၊ ဖြစ်ရပ်ဆန်းဆိုတာဟာ ဖြစ်လေ့ဖြစ်ထရှိတဲ့ ဖြစ်ရပ်တွေထဲက အဖြစ်အပျက်ကလေးတွေပါပဲ၊ တကယ်တော့ မနှာလိုမှု၊ ရန်လိုမှု၊ ဒေါသ၊ မာန်မာနတွေဆိုတာဟာ မေတ္တာတရားခေါင်းပါးလို့ပါပဲ၊ တစ်ဦးနဲ့တစ်ဦး မေတ္တာတရားလေးသာထားကြည့်၊ ရန်သူဆိုတာလည်း ဘယ်တော့မှ မရှိဘူး" ဟု နောက်ဆုံးသြဝါဒ ပေးလိုက်ပါတော့သည်။

ဤသည်မှာ လမ်းခရီးအခက်အခဲကြောင့် ခရီးတစ်ထောက်ဝင်နားခဲ့ရသော "သပြေကန်" ရွာကလေး၏ အရှေ့ဘက်တစ်မိုင်နီးပါးမျှအကွာတွင်ရှိသော ညောင်ပင်ကြီးအနီးရှိ တောရဝါးကျောင်းကလေးမှ ဆရာတော်ဦးကဝိန္ဒ၏ ငယ်ဘဝ ကံကြမ္မာဖြစ်ရပ်ဆန်း။ ဖြစ်ရပ်မှန်ကလေးပါပဲ။

ဆရာတော်ကြီးအနေနဲ့ မအံ့သြပါနဲ့လို့ မိန့်ကြားသော်လည်း ကျွန်တော့်အနေနဲ့ မအံ့သြဘဲ မနေနိုင်ခဲ့ပေ။ ဆရာတော်ဦးကဝိန္ဒ၏ အတိတ်က ကံကြမ္မာ၏အမိန့်ကို တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် မလွန်ဆန်ဝံ့ဟူ၍သာ မှတ်ချက်ချရင်း ပြော - သတ္တဝါတစ်ခု၊ ကံ

တစ်ခုဟုဆိုသောစကားသည် မောင်ကံထူးအတွက် ဖြစ်ရပ်မှန်ဇာတ်လမ်းလေးက သက်သေခံအဖြစ်ပြလို့ နေပါပြီကောဟု သတ္တဝါတိုင်း ကံကလွတ်အောင် မပြေးနိုင်ချေဟုတင်ပြရင်း နိဂုံးချုပ်တင်ပြလိုက်ပါသည်။

# ဆံပင်ဖြတ်၍ ဆွမ်းကပ်သူရဲ့ ကံတရား

သမဏာ ဗြဟ္မဏာ၊ ယာစကာအာ၊ သဒ္ဓါကြည်ဖြူ၊ ပေးလှူသည်မှာ၊ သံသရာဝယ်၊ လိုရာမညှိုး၊ သုံးရန်မျိုးဖြင့်၊ ရွှေအိုးမြှုပ်သည်၊ မည်လတ်ရောင်း၏။

(မဃဒေဝ)

× × ×

သင်သည် ကံနှင့်မကင်းခဲ့သော သတ္တဝါထဲတွင် လူသတ္တဝါတော့ ဖြစ်ခဲ့ပါချေပြီ။ ကံလူသားတစ်ယောက်အနေနဲ့ မိမိဘဝ၊ မိမိကြမ္မာ၊ မိမိကံတရားကို မိမိကိုယ်တိုင် မိမိကံဘုံတွင်ရှိနေခိုက် မိမိအား ရွေးချယ်ခွင့်တွေ ပေးနေခဲ့ပါပြီ။

သင်သည် မည်သည့်အလုပ်ကို ရွေးချယ်မည်နည်း။

အလုပ်ကို လုပ်ကိုင်လိုသော သတ္တဝါများသည် -

၁။ သက်သောင့်သက်သာအလုပ်ကား တစ်ခု။

၂။ ကြမ်းတမ်းသောအလုပ်ကား တစ်ခု။

၃။ မြူးတူးခြင်း၊ အကြောင်းခံသောအလုပ်ကား တစ်ခု။

ဤလောကဌ် ကံလူသားတစ်ယောက်ပြုလုပ်ခွင့်ရသော အလုပ် သုံးခုထဲက သင် လုပ်လိုရာ ရွေးချယ်ခဲ့ပါဆိုလျှင် သင့်အဖို့ အဘယ် အလုပ်ကို ရွေးချယ်လေမည်နည်း။

(က) ကာမဌာန - ကံများကို စုဆောင်းခြင်း၊ ပြုပြင် မွမ်းမံခြင်းအလုပ်။

(ခ) ဗြဟ္မဌာန - ဈာန်များကို စုဆောင်းခြင်း၊ ပြုပြင် မွမ်းမံခြင်းအလုပ်။

(ဂ) အရိယာဌာန - ဉာဏ်များကို စုဆောင်းခြင်း၊ ရင့်ကျက် စေခြင်းအလုပ်။

အထက်ပါ ဌာနကြီးသုံးခုသည် ကိုယ့်လုပ်စာ ကိုယ်စားလျက် ကား နေခွင့်ရကြလေသော သတ္တဝါများအတွက် အလုပ်ပေးဌာနကြီး သက်သက် ဖြစ်၏။

သို့ရာတွင် (က)(ခ)ဌာနကြီးနှစ်ခုသည်ကား သုံးဆယ့်တစ်ဘုံ ဝယ် မည်သည့်ဘုံ ခိုလှုံခွင့်ရမည်ကို လက်မှတ်ယူရာဌာနကြီးများ ဖြစ်ကြ၏။

သို့မဟုတ် မိမိသွားလိုရာဘဝ၊ မိမိခံစားလိုရာအရသာ၊ ခံစားခွင့်၊ သွားခွင့်ရရေးအတွက် ရှေ့ပြေးပြုကျင့်ရမည့် အရည်အချင်းစစ်ဌာနကြီးများ ဖြစ်ကြ၏။

သုံးခုမြောက်ဌာနကြီးမှာမူကား ထိုသို့မဟုတ်ချေ။ အလုပ်၌ လုပ်လိုမှုဆန္ဒ မရှိတော့ခြင်း၊ အလုပ်၌ လုပ်လိုသော်လည်း လုပ်နိုင်စွမ်းသော စွမ်းအင်သတ္တိ မပြည့်မရှိတော့ခြင်းများကြောင့် အလုပ်မှ ထွက်လိုခြင်း၊ လုပ်သက်ဖြင့် အနားယူလိုခြင်း၊ သို့တည်းမဟုတ် အလုပ်မှ အငြိမ်းစားယူလို၊ လူသက်ပြည့်ဖြင့် အနားယူလိုခြင်း။

ထိုနှစ်မျိုးတို့အတွက် လုပ်သက် ပြည့်၊ မပြည့် စစ်ဆေးခံရသည့် ဌာနကြီးမျိုးကဲ့သို့ ဘုံအားလုံးကို မုန်းနေသူ၊ ဘုံအမြောက်ကြောက်နေသူများအတွက် ကျင့်သက်နှင့် ရင့်သက် ချင့်တွက်ပေးရာ ဌာနကြီးမျှသာ။

ပထမ အမှတ်စဉ်ပြ အလုပ်သမားများက အပါယ်လေးဘုံသား။ ဒုဂတိ အလုပ်ကြမ်းသမား ဖြစ်သည်။

ဒုတိယ အမှတ်စဉ်ပြ အလုပ်သမားကား လူ၊ နတ်အဆင့်ရောက် သုဂတိဘုံသား အပျော်တမ်းသမားများ ဖြစ်သည်။

တတိယ အမှတ်စဉ်ပြ အလုပ်သမားကား ဗြဟ္မာ့ဘုံသား၊ ဈာန်ရှင်ဗြဟ္မာများ ဖြစ်ပေသည်။

အလုပ်ကြမ်းသမားကလွတ်လိုသော သင်သည်ကား အပျော်တမ်းသမားများဖြစ်ဖို့ကိုတော့ အလုပ်လျှောက်မများဖို့ အရေးကြီးလှပေသည်။

ဒီနေရာမှာ အလုပ်လျှောက်မှန်လို့ ပျော်သွားရသူလေးရဲ့ သာဓက ဝတ္ထုလေးတစ်ခုကို သက်သေပြရမည်ဆိုပါလျှင် · · ·

ပဒုမုတ္တရ မြတ်စွာဘုရားလက်ထက်တော်အခါကာလက ဖြစ်သည်။ ဟံသာဝတီမြို့တော်ကြီးမှာ ပစ္စည်းဥစ္စာ ဆင်းရဲနွမ်းပါးရှာသည့် အမျိုးသမီးကလေးတစ်ယောက် ရှိသည်။

ရုပ်ဆင်းအင်္ဂါက ချောမောလှပတင့်တယ်သလောက် သဒ္ဓါတရား နဲ့လည်း ပြည့်စုံလေသူ အမျိုးသမီးလေးဖြစ်သည်။

ပစ္စည်းက နွမ်းပါးရှာတော့ သူဌေးကြီး၊ သူဌေးကတော်များရဲ့ အိမ်မှာ အစေခံကျွန်ဘဝနဲ့ အလုပ်လုပ်ကိုင်နေရသူလေး ဖြစ်သည်။

တစ်နေ့သောအခါ ပဒုမုတ္တရမြတ်စွာဘုရား၏ အဂ္ဂသာဝကဖြစ်တော်မူသည့် အရှင်သုဇာတမထေရ်က ခုနစ်ရက်တိတိ နိရောဓသမာပတ် ဝင်စားတော်မူနေပါသည်။ ခုနစ်ရက်ပြည့်လို့ သမာပတ်မှ ထလာတော်မူသည့်အခါ -

"ငါ ဒီနေ့ တယ်သူ့ကို ချီးမြှောက်ရမလဲ"လို့ ဆင်ခြင်တော်မူတဲ့အခါမှာ ဆင်းရဲနွမ်းပါးရှာတဲ့ အမျိုးသမီးလေးကို ဉာဏ်နဲ့ မြင်တော်မူခဲ့ပေသည်။ နိရောဓသမာပတ်မှ ထလာတဲ့ပုဂ္ဂိုလ်ကို လှူလိုက်ရလို့ ရှိလျှင် ချက်ချင်းလက်ငင်းဆိုသလို အကျိုးပေးမည် ဖြစ်သည်။

အဲ့ဒီအကျိုးတရားတွေကို သဒ္ဓါတရားရှိတဲ့ပုဂ္ဂိုလ်တွေ ရကြပါစေ တော့ဆိုတဲ့ စေတနာနဲ့ သူတော်ကောင်းတွေက သဒ္ဓါတရားရှိတဲ့ ပုဂ္ဂိုလ်ကို ချီးမြှောက်လိုခြင်း ဖြစ်ပေသည်။

အကယ်၍သာ အစေခံ ကျွန်မကလေးက သဒ္ဓါတရားမရှိဘူး ဆိုလျှင် ရဟန္တာမထေရ်မြတ်က သူ့ကို ထည့်မစဉ်းစားဘူး။ "ဩော် - သူ့ခမျာ ဆင်းရဲနွမ်းပါးရှာပေမယ့် သဒ္ဓါတရားလေးက ရှိရှာသားပဲ၊ ငါသွားပြီး ချီးမြှောက်မှပဲ"ဆိုပြီးတော့ အရှင်သုဇာတာမထေရ် ကြွလာခဲ့ပေသည်။

အစေခံ ကျွန်မကလေးကလည်း ဟံသာဝတီမြို့တော်ကနေပြီးတော့ ရေအိုးကလေးတစ်လုံးနဲ့ ရေခပ်ထွက်လာရင်း လမ်းမှာ တွေ့ရလေသည်။ အရှင်သုဇာတာမထေရ်ကို တွေ့ရသည့်အခါ ရေခပ်ရင်း အဆာပြေစားဖို့ပါလာတဲ့ မုန့်လေးကို သူမစားဘဲနဲ့ အရှင်သုဇာတာမထေရ်ကို လှူဒါန်းလိုက်ခြင်း ဖြစ်သည်။

အစေခံ ကျွန်မကလေးသည် မိမိစားမည့်မုန့်လေး လှူရုံနဲ့ အားမရဘဲ "အရှင်ဘုရား - တပည့်တော်မနေထိုင်တဲ့ နေရာသို့ ကြွပါအုံးဘုရား"လို့လျှောက်ကာ အိမ်ခြေရာခြေမရှိသော ကျွန်မကလေးသည် သူဌေးကြီး၊ သူဌေးကတော်ကြီးများရဲ့ အိမ်နောက်ဖေး အစေခံအလုပ်သမားတွေနေတဲ့ တန်းလျားကို ပင့်သွားခဲ့လေသည်။

"အရှင်ဘုရား - ဒီပေါ်မှာ ခဏသီတင်းသုံးပါအုံးဘုရား"လို့ ထိုင်ခုံလေးတစ်လုံးချပေးကာ အဲဒီနောက် အမျိုးသမီးကလေးသည် ဆံပင်အလုပြင်တဲ့ဆိုင်ကိုသွားပြီး "ဟောဒီ ကျွန်မခေါင်းက ဆံပင်က ဖြစ်လည်းဖြစ်ပါတယ်၊ သန့်သန့်ရှင်းရှင်းလည်း ရှိပါတယ်၊ ဒီဆံပင်ကို ဖြတ်ရောင်းပြီးတော့ ရတဲ့ငွေနဲ့ ကျွန်မ ဆွမ်းဒါနပြုချင်လို့ပါ၊ ကျွန်မ

ကို ကျူညီတဲ့အနေနဲ့ သင့်တော်သည့်ဈေးပေးပြီး ဝယ်စေလိုပါတယ်" လို့ တောင်းတောင်းပန်ပန်ပြောကာ ရောင်းချနေပေသည်။

ဆံပြင်အလှပြင်ဆိုင်ကလည်း သေသေချာချာကြည့်ပြီး ဆံပင်ကလည်း ကောင်းတယ်၊ သပ်သပ်ရပ်ရပ်၊ သန့်သန့်ရှင်းရှင်းလည်းရှိတယ်ဆိုတော့ ခေါင်းကဆံပင်ကို ကတ်ကြေးနဲ့ဖြတ်ပြီး ဝယ်ယူထားလိုက်ပေသည်။

ရလာတဲ့ပိုက်ဆံလေးနဲ့ ထမင်းဆိုင်သွားပြီး ဆွမ်းတွေ၊ ဆွမ်းဟင်းတွေ၊ ခဲဖွယ်ဘောဇဉ်တွေ ဝယ်လာပြီး အရှင်သုဇာတာမထေရ်မြတ်ရဲ့ သပိတ်တော်ထဲ လောင်းထည့်လှူဒါန်းလိုက်လေသည်။

အရှင်သုဇာတာမထေရ်က ဆွမ်းအကျိုးတရားငါးပါးတွေလည်း ဟောပြ၊ ဆွမ်းကို ဘုဉ်းပေးရလို့ သံဃာတော်များ ဂန္ထဓုရ၊ ဝိပဿနာဓုရတာဝန်တွေ ထမ်းဆောင်နိုင်သည့်အကြောင်းတွေကို ဆွမ်းအနုမောဒနာအဖြစ် ဟောပြနေလေသည်။

အရှင်သုဇာတာမထေရ်လည်း အနုမောဒနာတရားများဟောကြားပြီးလို့ ပြန်ကြွသွားခဲ့လေသည်။ သူဌေးကြီး၊ သူဌေးကတော်ကြီးများက "ဩော် - သူခမျာ သဒ္ဓါတရားရှိပါပေတယ်၊ ခေါင်းကဆံပင်တောင် ဖြတ်ပြီတော့ ဆွမ်းဒါနပြုတာ သူ့ရဲ့သဒ္ဓါတရားသည် သိပ်မြင့်မြတ်လှပေတယ်"လို့ ချီးမွမ်းထောမနာပြုကာ နှစ်သက်သဘောကျပြီး အဲဒီအစေခံ ကျွန်မကလေးကို သူဌေးသားနဲ့ လက်ထပ်ထိမ်းမြားပေးစားလိုက်တာ ချက်ချင်းပဲ သူဌေးသမီးဖြစ်ရပေသည်။

၁။ သဒ္ဓါတရားရှိတဲ့ပုဂ္ဂိုလ်ကို သူတော်ကောင်းတွေက သနား စောင့်ရှောက် ချီးမြှောက်ကြတယ်။

၂။ ကြွစရာရှိလျှင်လည်း သဒ္ဓါတရားရှိတဲ့ပုဂ္ဂိုလ်ထံမှာ ကြွလာပါတယ်။

၃။ အလှူခံစရာရှိလျှင်လည်း သဒ္ဓါတရားရှိတဲ့ပုဂ္ဂိုလ်ထံမှာပဲ အလှူခံပါတယ်။

၄။ တရားဟောစရာရှိလျှင်လည်း သဒ္ဓါတရားရှိတဲ့ပုဂ္ဂိုလ်ကိုပဲ တရားဟောပါတယ်။

အစေခံ အမျိုးသမီးကလေးဘဝမှနေ သူဌေးကတော်အဖြစ် သူကိုယ်တိုင် ရွေးချယ်ခဲ့ရာ အဲဒီဘဝကနေ စုတိမနေ၊ သေလွန်သည့်အခါ နတ်ပြည်ရောက်၊ နတ်စည်းစိမ်တွေ စံစားခံစားရ၊ နေရပေသည်။

ဤကဲ့သို့ ကံကောင်းသွားခြင်းသည် ကောင်းကံတွေကို သူကိုယ်တိုင် သူ့ရဲ့ယုံကြည်မှုကို အဓိပတိပြုကာ ဆံပင်ရောင်းဖြတ် ကောင်းမြတ်သောကံတရားတွေကို စုဆောင်းခြင်း၊ မွမ်းမံခြင်း၊ ပြုပြင်ခြင်း အလုပ်ကို သူကိုယ်တိုင် ရွေးချယ်ခဲ့ခြင်းဆိုသည်ကို မှားလိမ့်မည် မဟုတ်ပါပေ။ သတ္တဝါတိုင်း ကောင်းကံ၊ ဆိုးကံ နှစ်ဖြာကမှ မလွတ်ကြမြဲသည်သာလျှင် ဖြစ်ပေတော့သည်။

■ ■ ■ ▣ ■ ■ ■

## သူ ကံကောင်းသွားပြီ

တကယ်တော့ သင်သည် ကံနှင့်မကင်းခဲ့လို့ လူဖြစ်လာခဲ့ရခြင်း ဖြစ်သည်။ သင်ကိုယ်တိုင် ကံမကောင်းဘူးဆိုတဲ့စကားကို မပြောခင်မှာ သင်ကိုယ်တိုင်ကော ကံကောင်းကြောင်းတွေ ဘယ်နခါ အနည်းငယ်မျှ ပေးလှူဖူးခဲ့ပြီလဲ ဟူ၍သာ မေးခဲ့သော်...

စဏ္ဍာပဇ္ဇောတမင်းကြီးသည် ဘုရားရှင်ကိုပင့်ရန် ကစ္စာယနလုလင်ကို စေလွှတ်ခဲ့ရာ နောက်ပါခုနစ်ယောက်နှင့်အတူ ဘုရားမြတ်ထံရောက်ခဲ့၏။ ဘုရား၏တရားကို နာရသောအခါ အားလုံးရဟန္တာဖြစ်ကြသည်။

ရဟန္တာဖြစ်ပြီးနောက် စဏ္ဍာပဇ္ဇောတမင်းကြီး၏ ပင့်ချက်ကို လျှောက်သောအခါ "သင်သွားလျှင်လည်း မင်းကြီး ကြည်ညိုပါလိမ့်မည်"ဟု ကစ္စာယနမထေရ်ကိုသာ လွှတ်လိုက်၏။

မထေရ်လည်း နောက်ပါခုနစ်ပါးနဲ့အတူ ကြွခဲ့ရာ လမ်းခရီးအကြား၌ တေလပနာင်ဋ္ဌမည်သော နိဂုံးသို့ ဆိုက်ရောက်၏။

ထိုနိဂုံး၌ သူဌေးသမီးနှစ်ယောက်ရှိခဲ့ရာ တစ်ဦးမှာ ပစ္စည်းပျက်၍ ဆင်းရဲ၏။ အထိန်းသည်ကို မှီလျက် အသက်မွေးရရှာ၏။ ရုပ်အဆင်းလည်း လှပပြေပြစ်ကာ ဆံပင်မှာလည်း အလွန်မတန်မှကောင်းမွန်လှပေသည်။

တစ်ယောက်မှာကား ပစ္စည်းဥစ္စာချမ်းသာကြွယ်ဝလှသော်လည်း မိန်းမတို့၏ ကျက်သရေဖြစ်သည့် ဆံပင်သည်ကား လုံးဝမရှိခဲ့။ ၎င်းသူဌေးသမီးသည် ဆံပင်ကောင်းသော သူဌေးသမီးထံ ဆံပင်ကို မိမိအားရောင်းရန် တစ်ရာအစ တစ်ထောင်အထိ တက်ပေးသော်လည်း ဆင်းရဲသောသူဌေးသမီးသည် မရောင်းခဲ့။

မထေရ်များလည်း ထိုနိဂုံး၌ ဆွမ်းခံလှည့်လည်ရာ ထိုဆံပင်ကောင်းသောသူဌေးသမီး မြင်ရသောအခါ "ဩော် - အရှင်များဆွမ်းလည်းမရသေးပါလား၊ ငါ့မှာလည်း လှူစရာမရှိ"ဟု စိတ်မကောင်းဖြစ်မိပြီး မိမိဆံပင်ကို သူငယ်ချင်းသူဌေးသမီး ဝယ်ဖူးသည်ကို အမှတ်ရလျက် မထေရ်များကို ပင့်ခိုင်း၍ အိမ်တွင်း၌ သီတင်းသုံးစေပြီး အခန်းထဲဝင်ကာ ဆံပင်ကို အထိန်းသည်အား ဖြတ်ခိုင်းလေတော့သည်။

သူဆင်းရဲသူဌေးမသည် စေတနာအလွန်ထက်သန်၍ မိမိအလွန်နမြောစုံမက်ခဲ့သောဆံပင် ဖြတ်ရသည်ကို မည်သို့မျှမဖြစ်သော်လည်း

အထိန်းသည်ကြီးမှာ ဤမျှကောင်းသောဆံပင်ကို ဖြတ်လိုက်ရသည့်အတွက် နမြောလွန်း၍ ဝမ်းနည်းကာ မျက်ရည်မဆည်နိုင် ဖြစ်ရရှာသည်။

ထို့နောက် မထေရ်များမမြင်အောင် ဆံပင်ကို ကွယ်အုပ်လျက် ထွက်ခွာလာကာ ဆံပင်ဝယ်လိုသူ သူဌေးမထံသွား၍ ရောင်းချလေသည်။ ၎င်းသူဌေးသမီးလည်း ဈေးနှိမ်၍ ရှစ်ကျပ်သာ ပေးနိုင်မည်ဟု ဆိုကာ ဝယ်ယူထားလေသည်။

သူဆင်းရဲသူဌေးသမီးသည် ရသမျှယူလာပြီးလျှင် တစ်ပါးတစ်ကျပ်တန် ဆွမ်းချက်၍ သပိတ်ထဲ လောင်းလှူ၏။ အရှင်ကစ္စာယန မထေရ်သည် ဤအကြောင်းသိ၍ သူဌေးသမီးကိုမေးရာ သူဌေးသမီးလည်း မနေသာတော့ဘဲထွက်လာကာ မထေရ်များကို ဦးချလေသည်။

ထိုသူဌေးသမီး ဦးချသည်နှင့်တစ်ပြိုင်နက် ဆံပင်များမှာ နဂိုအတိုင်း ပြန်ပေါက်လာပေသည်။ ကုသိုလ်၏ ဒိဋ္ဌဓမ္မအကျိုးသည် ပစ္စုပ္ပန်မှာပင် ချက်ချင်းလက်ငင်းဆိုသလို အကျိုးကို ဖြစ်ထွန်းစေခဲ့ပါသည်။

ထို့နောက် မထေရ်များလည်း ဆွမ်းကိုခံယူ၍ ကောင်းကင်ခရီးဖြင့် စဏ္ဍပဇ္ဇောတမင်းကြီး၏ ကဉ္စနဝနဉယျာဉ်တော်သို့ ကြွကာ ဆွမ်းဘုဉ်းပေးတော်မူကြသည်။

ဉယျာဉ်စောင့်၏ လျှောက်ထားချက်အရ စဏ္ဍပဇ္ဇောတမင်းကြီး ရောက်လာ၏။ မထေရ်မြတ်ထံမှ ဘုရားမကြွကြောင်းသိရပြီးနောက်

"ယနေ့ ဘယ်မှာဆွမ်းဘုဉ်းပေးပါသနည်း"ဟုလျှောက်ရာ ကစ္စာယန မထေရ်က သူဌေးသမီးကလေး၏ ပြုနိုင်ခဲ့သောအမှု ပြုခဲ့ပုံများကို မိန့်ကြားခဲ့လေရာ...။

မင်းကြီးလည်း ထိုနေ့မှာပင် ၎င်းသူဌေးသမီးကို ဆောင်ယူပြီး မိဖုရားကြီးအရာ၌ တင်မြှောက်လေတော့သည်။ ထိုသို့သော အကြောင်းအရာတွေကို ပြန်လည်ဆန်းစစ်ကြည့်သောအခါ ကံကောင်းချင်သူတိုင်း ကံကောင်းကြောင်းတွေကို စွန့်စားခန်းဝင်၍ မိဖုရားကြီးအဖြစ်သို့ ရက်ရောစွာ ပေးကမ်းခြင်းဖြင့်ပင် ပြောင်းယူခဲ့ပါပေသည်။

ကံနှင့် မကင်းသေးသော သတ္တဝါတိုင်းမှာ ' တကယ်တော့ ကောင်းကံတွေကို ဖန်တီးယူဆောင်ပြီး ဘဝသံသရာအဝန်းကြီးထဲမှာ ပျော်ရွှင်ပြေးတတ်ဖို့ အရေးကြီးလှပါပေတော့သည်။

**အင်္ဂုတ္တရ တေဒဂ္ဂဋ္ဌကထာ၊ မဟာကစ္စာယနဝတ္ထုလာ အမျိုးသမီးတစ်ဦးအကြောင်းကို ဖွင့်ပြခြင်းဖြစ်သည်။**

**(အံ-ဋ္ဌ-၁-၁၆၂)**

■ ■ ■ ▣ ■ ■ ■

# ကံကောင်းချင်လျှင် သတ္တဝါမွေးပြီး လှူပါ

ဤလောက၌၊ စိတ်ကကြည်စွာ၊ စေတနာနှင့်၊ သဒ္ဓါဝမ်းတွင်း၊ ပေးကမ်းခြင်းကား၊ ရခြင်းထက်သာ၊ ဝမ်းမြောက်စွာသည်၊ မင်္ဂလာလွန်မြတ်၊ ဖြစ်သတတ်ရှင့်။

(မဃဒေဝ)

× × ×

မလှူခင်စဉ်းစား ပြတ်သားမှလှူ၊ လှူပြီးမှ မနှမြောနဲ့ဆိုသလို အပေးရဲမှ သွေးထဲထိအောင် သတ္တိကံတရားတွေ လိုက်ကိန်းနေမည်

ဖြစ်သည်။ အပေးတော်လို့ အရေးပေါ်တိုင်းဟုပင် လိုလေသေးမရှိ၊ ပြီးပြည့်စုံသူဖြစ်ချင်ပါလျှင် သင့်ရဲ့စေတနာတွေကို မည်သည့် တစ်စုံတစ်ယောက်ကိုမျှ ကိုယ်ကျိုးမဖက် သူ့အကျိုးတွက် ရက်ရက်ရောရော ပေးကမ်းလိုက်မည်ဆိုပါလျှင် . . .။

မြတ်ဘုရားက "စေတနာ ဟံ ဘိက္ခဝေ ကမ္မံဝဒါမိ" လို့ ဟောကြားခဲ့သည့်အတိုင်း "ချစ်သား၊ ချစ်သမီးတို့ - စေ့ဆော်ခြင်းဟူသော သဘောတရားကို ငါသည် ပြုလုပ်ခြင်းဟူ၍ ဆိုတယ်" လို့ အဓိပ္ပာယ်စကားကို မိန့်ဆိုခဲ့ပေသည်။

ဘုရားရှင်သည် ကံ၏အစဖြစ်ရာ အခြေခံဖြစ်ပေါ်ရာ အကြောင်းအရင်းအစကလေးကို ဟောကြားခဲ့ခြင်းဖြစ်ပေသည်။ ဘုရားရှင်ရဲ့ ဉာဏ်တော်ဟာ သိပ်ပြီးတော့ ကြီးမားပါတယ်။ အဘယ့်ကြောင့်ဆိုသော် ကံပြုလုပ်ခြင်းရဲ့ အစဖြစ်ပေါ်ရာလေးကို မြင်နိုင်ခဲ့တာဖြစ်ပြီး စေတနာဖြစ်ပေါ်လာတာဟာ ကံဖြစ်ပေါ်လာတာပဲဟု ဆိုခြင်းဖြစ်သည်။

ဒါ့ကြောင့် စေတနာဟာ "ကံ"လို့ ဘုရားမြတ်ဟာ ရဲဝံ့စွာ ဟောကြားခဲ့ခြင်း ဖြစ်ပေသည်။ စေတနာကောင်းလျှင် ကံကောင်းမည်၊ ကံကောင်းလျှင် ဘဝအကျိုးပေး ကောင်းမည်။

စေတနာညံ့လျှင် ကံညံ့မည်၊ ကံညံ့လျှင် ဘဝအကျိုးပေး ညံ့လိမ့်မည်။ စေတနာမှာ ကောက်ကွေ့လျှင် ဘဝအကျိုးပေးမှာလည်း ကောက်ကွေ့လိမ့်မည်ဟူ၍သာ ဖြစ်ပေသည်။

ထို့ကြောင့် ကံမယုတ်၊ ဘဝမညံ့ရလေအောင် အခြေခံဖြစ်သည့် ကံလူသားတို့ရဲ့ ဘဝအစ ပဓာနကျသည့် ထာဝရအလှဖြစ်မည့် စေတနာကို သေချာမွေးယူတတ်ပါစေလို့ ရည်ညွှန်းကာ ရေးသားလိုက်ရပါသည်။

■ ■ ■ ◙ ■ ■ ■

# တပေနှင့် ကံကောင်းကြသူများ

စာပေကို တကယ်ဝါသနာပါသူတွေ ကံကောင်းထိုက်သူတွေ၊ ကံကောင်းသင့်သူတွေ ကံကောင်းကြပါတယ်။

စာတိုင်ညြိုလို စာပေဝါသနာပါလွန်းလို့ စာတို၊ စာရှည်မကျန် အောင် စာဖတ်ဝါသနာ၊ စာပေဝါသနာပါသူတွေ ရှိနေကြတာ အမှန် ဖြစ်ပါတယ်။ ထိုက်သူစံ၊ ထိုက်သူကံပါပဲ။ ထိုက်သည့်သူဟာ သူနဲ့ ထိုက်အောင် ဝီရိယနဲ့ ကြိုးစားမှုဟာ ထိုက်သူစံဖို့ပါပဲ။

ကံမကောင်းပါဘူး၊ တချို့ အော်ပြီး ညည်းနေတတ်ပါတယ်။ အောင်နေလို့တော့ ကံမကောင်း။ ကံကောင်းဖို့ လမ်းစတော့ရှိပါတယ်။ ကံ၊ ဉာဏ်၊ ဝီရိယ၊ လုံ့လ၊ ဝီရိယ။ ကံကောင်းဖို့အတွက် ဉာဏ်ကောင်း ဖို့ လိုအပ်ပါတယ်။ ဉာဏ်ကောင်းဖို့အတွက် ဝီရိယ အထူးလိုအပ်

ပါတယ်။ ဝီရိယကောင်းဖို့အတွက် လုံ့လ အထူးလိုအပ်ပါတယ်။ ဝီရိယ ကောင်းဖို့အတွက် လုံ့လ အထူးလိုအပ်ပါတယ်။ လုံ့လ အထူးလိုအပ် ဖို့အတွက် ဝီရိယပံ့ပိုးရန် လိုအပ်ပါတယ်။

"လူလည်းဝီရိယ နတ်လည်းမ၊ လုံ့လမကူ အပျင်းထူ၊ မည်သူ မအောင်ရ၊ အောင်မြင်လိုသူ လုံ့လကူ၊ မည်သူမအောင်မနေရ"ဟု ဆိုရိုးပြုခဲ့ကြသည်။

ဝါသနာသည် သန္ဓေတစ်စသဖွယ် ကပ်ညိ၍ အမြဲတေရှိခဲ့ကြ သည်။ အောင်မြင်သူအားလုံးတို့သည် အောင်မြင်တာထက် ပို၍ အရည်အသွေးရှိကြောင်း အနီးကပ် လေ့လာတွေ့ရှိရသည်။

စာတိုင်ညီသည် စာပေဝါသနာအကြောင်းပြု၍ သုတစုံလင် ပြည့်စုံစေခဲ့သည်။ သူ့ကံက သူကြီးသမီးနှင့်တော့ လက်ဆက်ခွင့်ရ ခဲ့သူဖြစ်သည်။ စာပေသုတကြွယ်ဝသူ၊ မနားမနေစာဖတ်သူ၊ ယောက္ခမ လုပ်သူ သူကြီးက စာပေရှူးအဖြစ်၊ လယ်တဲမှာ အလုပ်သမားအဖြစ်၊ လယ်ထွန်ယာလုပ်အဖြစ် သူနဲ့ဝေးရာ ကွင်းတဲမှာ နေစေခဲ့ပါတယ်။

လူနဲ့ဝေးရာ ကွင်းထဲ၊ တဲထဲမှာနေရသော်လည်း စာပေဟာ သူ့ မိတ်ဆွေ ပိုလို့ပင် ဖြစ်စေခဲ့ပါတယ်။ စာရူးညီအဖြစ်၊ ကျီးတို့အလယ် ဟသ်ာမတင့်တယ်အဖြစ် လွတ်ကင်းခဲ့ရတယ်။

တစ်နေ့တော့ မိတ္တီလာကံပေါင်ရိုးပေါ် ဘုရင်မင်းမြတ် ရောက် လာခဲ့တယ်။ ကန်ပေါင်ပေါ်တွင်ရှိသော နတ်ကွန်းရုပ်အကြောင်း ဘုရင် သိလို၍ မေးခဲ့တယ်။ မှူးမတ်အပေါင်းသည် မည်သူမျှ မဖြေနိုင်။

စာပေကြွယ်ဝသူ၊ စာပေဝါသနာပါသူ တစ်ဦးတလေများ ဒီအနီး အနားမရှိလေရော့သလားလို့ မေးတော်မူတယ်။ ဒီအခါ အလုပ်ကျ သူ စာတိုငညိုဖြစ်ကြောင်း သိခဲ့ရသည်။ ဘုရင်မင်းမြတ်သည် သူကြီး အိမ် စာဆင့်၍ ညိုအား ရှေ့တော်သွင်းရန် အမိန့်ချမှတ်ခဲ့သည်။

ရွာသူကြီးသည် ကြောက်ရွံ့စွာနဲ့ တိုင်းပြည်ဘုရင်မင်းမြတ် ညို နဲ့တွေ့ရင် ညိုတော့ဖြင့် သေပြီ၊ သူသေတာ ကိစ္စသိပ်မကြီး၊ သမီး မုဆိုးမဘဝဖြစ်ပြီဆိုပြီး သူကြီး ငိုရှာတယ်။

မယားလုပ်သူကိုလည်း "သူကြီးကတော် - တို့သမီးလေးတော့ လင်ကံဆိုးရှာတယ်၊ နင့်သမက် မနက်ဖြန် ဘုရင်နဲ့တွေ့ရင် သေပြီ၊ ဒီစာ နင်ကိုယ်တိုင်သွားပေးပေတော့"လို့ သူကြီးက သူ့စာကို သူကြီး ကတော်လက်ထဲထည့်ပြီး လွှတ်ခဲ့တယ်။

သူကြီးကတော်လည်း ညိုရှိရာ လယ်တောထဲက တဲဆီသို့ သွားခဲ့တယ်။ သမီးဖြစ်သူကို စာပေးရင်း "သမီးတော့ အရွယ်ငယ်ငယ် နဲ့ မုဆိုးမဖြစ်ပြီ၊ ညည်းလင် နက်ဖြန် ဘုရင့်ရှေ့မှောက်ရောက်လျှင် သေပြီ၊ လူတကာထက် ထူးတဲ့စာရူး၊ အခုတော့ ကိုယ်ကျိုးနည်းပြီ" ဆိုကာ ငိုတယ်။

ဒီအကြောင်း လယ်ထွန်ရင်းကြားနေရတဲ့ ညိုကတော့ နွားတွေ့ကို ဘေးမဲ့ပေးတယ်။ ဒီနေ့ကက နင်တို့နဲ့ ငါမတန်တော့ ဘူး၊ မင်းရှေ့ရောက်လျှင် မင်းနားကလူဖြစ်ပြီ၊ တန်သောနေရာ တူ သောလူတွေ နေကြရတယ်၊ ယနေ့ကစ ငါလည်း သူကောင်းပြုခံရ

တော့မယ်"ဆိုကာ နွားတွေကို ထွန်တုံးက ဖြုတ်ခဲ့တယ်။

မယားလုပ်သူကိုလည်း "ငါ့ရဲ့အရည်အသွေး ထိုက်တန်ရာ ကံတရားက ပို့နေပြီ၊ နင်လည်းပဲ ငါ့အကြောင်းပြု ကောင်းမှာ သေချာတယ်၊ ငါ့ကြိုးစားမှု ငါရခဲ့သည့် စာပေသုတ ငါ့ထံ အကျိုးပေးတန်တော့မယ်၊ ငါ့ကံ၊ ငါ့အလုပ် ငါ့ထံ အရောက်လာလိမ့်မယ်"လို့ ကြွေးကြော်နိုင်ခဲ့တယ်။

ယောက္ခမလုပ်သူမှာတော့ မယုံနိုင်ဖွယ် ဖြစ်ခဲ့ရသည်။ ဘုရင့်ရှေ့မှောက် ညီိရောက်သောအခါ ဘုရင်မင်းမြတ်က သိလိုသော ကန်ပေါင်ရိုးက နတ်ကွန်းရပ်အကြောင်း မေးတော်မူခဲ့သည်။

"စာတိုင်ညို - မိတ္ထီလာကန်ပေါင်ရိုးမှာရှိတဲ့ နတ်ကွန်းရပ်အကြောင်းသိလျှင် ပြောပေတော့"လို့ မေးတော်မူတယ်။ "ဘုရင်တစ်ပါးဟာ မိတ္ထီလာကန်ပေါင်ပေါ် အလွန်ချစ်မြတ်နိုးသည့် မိဖုရားနဲ့အတူ မျှားမတ်ခြံရဲလျက် ရောက်ခဲ့ပါတယ်၊ အဲဒီအချိန် ဘုရင်၏မိဖုရား ကွယ်လွန်အနိစ္စ ရောက်ခဲ့ပါတယ်၊ အစွဲလမ်းတန်လွန်းတဲ့ ဘုရင်ကြီးမှာ မိဖုရားနဲ့တူတဲ့ ရွှေစင်ရုပ်တုကိုထုလုပ်ပြီး ဘုရင်ကြီးလက်ဝယ်ဆက်သလို့ အဲဒီကန်ပေါင်ရိုးမှာ အလောင်းမီးသင်္ဂြိုဟ်ခဲ့ရပါတယ်။

ဒါပေမဲ့ မင်းကြီးဟာ အလွန်ချစ်မြတ်နိုးတဲ့ မိဖုရားကြီးကိုစွဲလမ်းလွန်း၍ နန်းတော်သို့မပြန်နိုင်ဘဲ နောက်ထပ်ရွှေစင်ရုပ်တုတစ်ခုကို အမြန်လုပ်စေ၍ လက်တွင်အေပ်နှင်းကာ ယခင်ရွှေစင်ရုပ်တုကို မြေအောက် အတောင်နှစ်ဆယ်မြှုပ်၍ အပေါ်တွင်လည်း နတ်ကွန်း

ရုပ်တု ထုလုပ်စေခဲ့ပါတယ်၊ ထိုအခါမှ ဘုရင်လည်း နန်းတော်ပြန်စေခဲ့တယ်။

မိတ္ထီလာကန်ပေါင်ရိုးမှ နတ်ကွန်းရုပ်အောက် အတောင်နှစ်ဆယ် မြေအနက်မှာ ရွှေစင်ရုပ်တုရှိကြောင်း၊ ရေးပေစာအရ သိရှိခဲ့ရကြောင်း ညို ဘုရင့်ထံ လျှောက်တင်ခဲ့ပါတယ်။

ဘုရင်မင်းမြတ် စဉ်းစားတော်မူ၍ "တာတိုညို ပြန်လည်၍ လျှောက်တင်လေ၊ မောင်မင်းဖတ်ရှုသောစာသည် အမှားဖြစ်ခဲ့လျှင် မောင်မင်းအတွက် မင်းဒဏ်လွတ်မည်မဟုတ်"ဟု သတိပေး၏။ ညိုမှ "ကျွန်ုပ်ဖတ်ရှုရသောစာပေသည် မှန်းရန်မရှိ၊ ရေးစာပေပုရပိုက်အရဖြစ်ကြောင်း၊" ဝန်ခံလေသည်။

ထိုအခါ ဘုရင်မှ "မောင်မင်း - ဒါဆိုလျှင် ဘယ်အတွက် မောင်မင်းတူး၍ ရွှေစင်မီဖုရားရုပ် မယူပါသလဲ"ဟု မေး၏။

"ကျွန်ုပ်ဆင်းရဲသား မထင်ရှားသော တာပေဝါသနာညိုမှာ မပတ်သက်အဲ ရေမြေသနင်းပြည့်ရှင်မင်းသာ ထိုက်တန်၍ မင်းအဆောင်အဖြစ်၍ မယူသင့်ပါ"ဟု လျှောက်ပြန်၏။

"ဒါဆိုလျှင် ပြည့်ရှင်မင်း ငါ့ထံ ဘယ်အတွက်ကြောင့် လာရောက်မလျှောက်တင်လေသလဲ"ဟု မေးစစ်၏။ "တာတိုညို"မှ တာပေဝါသနာရှင်ညိုမှာ မင်းခစားမဲ့ကျွန် မဟုတ်သည့်ကာတာစ်ကြောင်း။ အရှင်မင်းမြတ် စိတ်မကြည်လင်၊ ကြည်လင် မသိသည့်ကာတာစ်ကြောင်း၊ အကြောင်းမညီညာက ကျွန်တော်မျိုး ဒေ ဘမွှယ်ရာပင်ဖြစ်၍ မောရောက်

မလျှောက်တင်ဝံ့ကြောင်း၊ လျှောက်၏။

ထိုအခါ ဘုရင်သည် စစ်သည်ရဲမက် မိုလ်ပါတို့အား မိတ္ထီလာ ကန်ပေါင်ရိုးပေါ်မှ နတ်ကွန်းရုပ်အောက်ခြေတည့်တည့် အတောင် နှစ်ဆယ်တူးဖော်၍ ရွှေစင်ရုပ်တုကို ရှာစေ၏။

ညျို၏ လျှောက်တင်ချက်အတိုင်း ရွှေစင်ရုပ်တုကို ရရှိလေသည်။ စာတိုညျိုအား ဘုရင်မင်းမြတ် ဆုလာဘ်တော်ပေး၍ စာတိုညျိုသည် နတ်ကွန်းရုပ်၏အောက်တွင်ရှိနေသော ရွှေစင်ရုပ်တုကို သိသော်လည်း မိမိကိုယ်ကျိုးအတွက် တူးဖော်အသုံးပြုမရှိ၊ ပညာရှိတို့၏သတိ အမြဲရှိ၏။ ငါဘုရင်မင်းမြတ်အားလည်း မပြောခြင်း။ အထူးတလည် စစ်မေးပြန်သော် အရှင်မင်းကြီး၏ ဘုန်းကံတော်ချိန် ကျွန်တော်မျိုး အခွင့်သာချိန်ကို စောင့်စားရခြင်း ဖြစ်သည်ဟု လျှောက် ပြန်သည်။

ပညာရှိတို့သည် အချိန်အခါကို ငံ့လင့်ရန်အချက်နှင့်လည်း ပြည့်စုံပြန်သည်။ ကျင့်ဝတ်မဖောက်ပြား။ ရိုးသားခြင်းလည်း ပြီးပြည့်စုံ ပြန်သည်။ သို့အတွက် အတိုင်ပင်ခံ ပညာရှိနေရာပေးရန် ကောက်နုတ် ချက်ပြု၍ "ညျို" စာတိုညျိုအဖြစ် ပညာရှိသူတော်ကောင်းအဖြစ် ခန့်အပ်ခြင်း သူကောင်းပြုတော်မူခဲ့သည်။

ရှေးရာဇဝင်မှ စာပေနှင့် ကံကောင်းကြံသူများစာရင်းတွင် ဖော် ကျူးမိပါသည်။ ကံသည် မိမိအလုပ်ဖြစ်ထိုက်တန်သော အကျိုးတရား ပင် ဖြစ်ပါသည်။ စာတိုညျို ကြိုးစားဖတ်ရှုလေ့လာခဲ့သည်မှာ ဉာ

အရာတစ်ခုတည်း မဟုတ်တန်ရာ၊ ဘုရင်မင်းမြတ် သိလိုရာသည် ဤတစ်ခုဖြင့် ပြီးပြည့်စုံခဲ့ပါသည်။ အထူးကောက်နတ်ချက်နှင့် စာပေဝါသနာရှင်အပေါင်း ကြိုးစားနိုင်ရန် ရည်သန်၍ ကံအထူးပြုကောင်းမွန်ကြပါစေ၊ အများအကျိုး စာပေအစွမ်းနဲ့ ကံကောင်းနိုင်ကြပါစေဟု ဆန္ဒပြုတင်ပြလိုက်ပါသည်။

■ ■ ■ ◙ ■ ■ ■

# တပေနှင့် ကံကောင်းခဲ့သူတစ်ဦး

ယနေ့ခေတ် စာပေလောကနှင့်ဆုရရှိသူ သန်လျင်မောင်မောင်ဦး။ မောင်မောင်ဦးသည် စာပေဝါသနာရှင်၊ စာပုံနှိပ်စက်ပိုင်ရှင်၏သား။ အိမ်မှာက စာပုံနှိပ်စက်၊ မိမိက စာပေဝါသနာရှင်။ သူ့ဖြစ်အင်က အဆုံး။ အရှုံးနဲ့ စတင်ခဲ့ရတယ်။

တကယ်တော့ ဝါသနာပါလျှင် ငွေကြေး၊ အချိန်ကာလ၊ ဒါတွေ ရင်းရစမြဲပါပဲ။ ကြိုးစား၍ မထင်ပေါ်၊ ကိုယ်တိုင်စာအုပ်ထုတ်၊ အရှုံးပြ၊ ဒီလိုနဲ့ ဖခင်သေလို့ အမွေရ၊ စာအုပ်ထုတ်၊ ထပ်ရှုံး။ အကျဉ်းအားဖြင့်တော့ ရတဲ့အမွေလေးပါကုန်။ ဒါတင်မက မစွမ်းမသန် လူ့ဘဝ အပယ်ခံ ညီငယ်မောင်သံချောင်းရဲ့ အမွေလေးပါကုန်လို့ အိမ်ရှင်မနဲ့ စကားများရန်ဖြစ်တဲ့ အချိန်ညချမ်းမှာ . . .။

ကိုယ်အင်္ဂါသန်မာမှု မရှိ၊ ချို့တဲ့သူ၊ ဦးနှောက်ပိုင်းကလည်း လူစဉ်မမီ၊ ညီငယ်မောင်သံချောင်း မိုးရေထဲမှာ အမိုးအကာမပါ လမ်းလျှောက်လာပြီး အိမ်ပေါ်တက်၊ လက်မှာပါလာတဲ့ ခေါက်ဆွဲထုပ်၊ အစ်ကိုလုပ်သူ မောင်မောင်ဦးကို အတင်းထိုးပေးနေရှာတယ်။

အိမ်ရှင်မနဲ့ ရန်ဖြစ်နေသည့်အတွက် သတိလက်လွတ် အလိုက်မသိရလေခြင်းဟု ညီဖြစ်သူသံချောင်းကို တွန်းထိုးလိုက်တယ်။ စေတနာနဲ့ယူလာတဲ့ ခေါက်ဆွဲထုပ် လွင့်စဉ်ပြီး သံချောင်းလည်း အထိနာခဲ့ရတယ်။

ဒေါသသည် မကောင်း။ သံချောင်း အိမ်ပေါ်ကဆင်းပြီး မိုးရွာထဲပဲ ထွက်သွားရှာတယ်။ မောင်မောင်ဦးကတော့ ဒေါသမပြေသေး။ ခင်ပွန်းဖြစ်သူက ကလေးစားစေချင်လို့ ယူလာခဲ့တဲ့ခေါက်ဆွဲထုပ် ရိုက်ထုတ်တယ်၊ ယုတ်မာလိုက်တာ၊ သူ့ဖခင်ရှိတုန်းကလည်း ဒီအတိုင်း လူတကာက သံချောင်းကိုချစ်လို့ သန်လျင်တစ်မြို့လုံး ပေးကမ်းကျွေးမွေး။ တစ်ခါတလေ ဖခင်ကြီးအတွက် စားသောက်ဖွယ်တွေ ယူလာနေကျ။ ဖခင်ကြီးကလည်း သံချောင်းအတွက်ဆို အမြဲသိမ်းထားတယ်။

သားသမီးတွေက အဦးအဖျား သွားပေးတောင် ငါ့သားလေးအတွက်ဆို ဖခင်က သိမ်းထားတယ်၊ တစ်ခါတလေ သားသမီးတွေကတောင် မကျေနပ်၊ အခုတော့ သူ့အဖေမရှိလို့ ဒီမှာနေတယ်၊ အစ်ကိုကြီးဆိုပြီး လူစဉ်မမီတဲ့လူ၊ ဦးနှောက်သိပ်မမှန်တဲ့လူ အခုလို

လုပ်ရမလားလို့ ရန်ပွဲက တစ်မျိုးမြားဦးလှည့်လာတယ်။ ဒါတွေဟာ လောကစ်ရဲ့ တိုက်ခတ်မှု၊ ဒေါသရဲ့ မိုက်မဲမှားယွင်းမှုတွေပါ။

မောင်မောင်ဦးလည်း မညံ့ပါဘူး။ ဒေါသရဲ့ အမိုက်မှောင် လူသားအားလုံး ရှန်းလို့ မရနိုင်ကြပါဘူး။ မောင်မောင်ဦးလည်း စက်တီး ကို အိမ်ပေါ်ကချ၊ မိုးလေတွေကြားထဲ သန်လျင်တစ်မြို့လုံး လိုက်ရှာ တယ်။ သူသွားတတ်တဲ့ နေရာအစုံပေါ့။ ဒါပေမဲ့ မတွေ့ခဲ့ပါဘူး

နောက်ဆုံး သင်္ချိုင်းရှိရာ အရဲစွန့်သွားကြည့်တဲ့အခါမှာတော့ ဖခင်အုတ်ဂူဘေးမှာ သံချောင်း ငိုနေရှာတယ်။ ညနှစ်နာရီလောက် မောင်မောင်ဦး သံချောင်းကိုခေါ်ပြီး ပြန်လာခဲ့တယ်။ လူ့ဘဝ ဘယ် အရာမသန်စွမ်းသော်လည်း မေတ္တာတရားက ရှင်သန်ဆဲလို့ ကောက် နုတ်ချက်ပြုချင်ပါတယ်။

ဒါတွေအားလုံး သန်လျင်မောင်မောင်ဦးရဲ့ တကယ့်ဖြစ်ရပ်မှန်ပါ ပဲ။ စာပေဝါသနာရှင်တစ်ယောက် အရှုံးအဆုံးတွေထဲက ရလိုက်တဲ့ အမြတ်ဟာ လူသားအားလုံးသိလျက် မေ့နေတတ်တဲ့ မေတ္တာတံခါး တကယ့်ဖြစ်ရပ်မှန်။ မပင်မပန်း အစဉ်အတိုင်း ရေးချလိုက်သည့် "သံချောင်း" စာမူ၊ စာပေလောက၊ မေတ္တာတံခါး ဆက်ဆက်ခေါက် သွားတယ်။

ဆန်းကြယ်မှုမရှိ၊ ကောက်ကွေ့မှုမရှိ၊ လိမ်ညာသရုပ်ဆောင်မှု မရှိ၊ တွေးတောလုပ်ရေးစရာမလို။ အလိုလို အဖရဲ့မေတ္တာ ဖော်ကျူး သွားသည့် စာအုပ်ကလေးဟာ အရှုံးတွေအားလုံး သင်ပုန်းချေလို့

စာပေဆုကို ထိုက်ထိုက်တန်တန် စာပေဗိမာန်ကနေ ဆွတ်ခူးရရှိခဲ့ပါတယ်။

စာပေနဲ့ ကံကောင်းကြသူများအတွင်းဝင်အဖြစ် မိဘမေတ္တာဘွဲ့ အစစ်အမှန်ရေးသားနိုင်သူ သန်လျင်မောင်မောင်ဦးကို ဖော်ကျူးလိုပါသည်။

■ ■ ■ ◙ ■ ■ ■

# တပေနှင့်ကံကောင်းခဲ့သူ တပေဖခင်ကြီး

စာပေဖခင်ကြီးသဖွယ် ဖော်ကျူးထိုက်သော ပခုက္ကူဦးအုံးဖေအား စာပေနှင့် ကံကောင်းကြသူများစာရင်းအတွင်း သွင်း၍ ရေးသားဖော်ကျူးလိုပါသည်။

မခုက္ကူမြို့သည် ပရိယတ္တိစာသင်တိုက်ကြီးများနှင့် ကျမ်းကြီးပေါက် အောင်မြင်ကြသော သာသနာတော်အတွက် အဖိုးအနဂ္ဃထိုက်သော သံဃာတော်အများအပြား မြန်မာနိုင်ငံတွင် ပေါ်ထွန်းခဲ့ပါသည်။

ပခုက္ကူနယ်မြေသည် ပရိယတ္တိစာပေဖြင့် မြင့်မားသောအရပ်ဟု ပြောရမလောက် ဖြစ်ပါသည်။ ယခုဖော်ကျူးခြင်းမှာ လောကီ၊ လောကုတ္တရာနှစ်ဖြာမှ လောကီတွင် ကံအကြောင်းများကို အများသိလွယ်သော ဦးအုံးဖေအား ဖော်ကျူးခြင်းဖြစ်ပါသည်။

ဦးအုံးဖေသည် အညာတြ စာပေလှုသား။ စာပေကို ခက်ခဲစွာ အကျဉ်းထောင်သားဘဝအဖြစ်မှ စတင်၍ စာပေကို ဝါသနာပါသူ ဟူ၍ ဖတ်ရှုလေ့လာခဲ့ရပါသည်။

အသက်သုံးဆယ့်ငါးနှစ် စွန်းခဲ့ပါသည်။ ထောင်မှလွတ်၍ အပြင် လောကရောက်သော်လည်း စာပေအမြုတေ စွဲခဲ့ရပါသည်။ စာပေ ဝါသနာသည် အကျင့်သီလမြဲစေ၍ လူဆိုးဘဝမှ လူကောင်းဘဝ၊ တစ်နည်း လူမိုက်ဘဝမှ လူလိမ္မာဘဝသို့ ရောက်ခဲ့ရပါသည်။

အရက်သေစာ၊ လောင်းကစားကင်း၍ သုတမင်းသားဘဝအဖြစ် ဖြင့် သတင်းစာမှအစ သုတ၊ ရသစာပေဖတ်ရှုသော စာဖတ်ပရိသတ် ဘဝသို့ ရောက်ခဲ့ပါသည်။

စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ စာပေအသိတရားတိုးပွားရာ၊ စာပေဘဝရှိသည်ဖြင့် ကျမ်း။ စာပေကြီးများ မမီသော်လည်း စာပေ သည် ဦးအုံးဖေအတွက် မိတ်ကောင်းတစ်ဦးအဖြစ် ဖတ်ရှုလေ့လာ ခဲ့သည်။

စာပေ၏စွမ်းပကားဖြင့် ဦးအုံးဖေ ရွာလူကြီးဖြစ်ခဲ့ရသည်။ စီးပွားရေးတွင် ဆေးရွက်ကြီးလုပ်ငန်းဖြင့် အကျိုးပေးခံစားခွင့်များ ပေါ် ပေါက်ခဲ့သည်။ လက်ဝယ် ငွေနှစ်သောင်းပြည့်တိုင်း ဘဏ်စုခဲ့သည်။ အကျဉ်းအားဖြင့် ငွေတစ်သိန်း ထီထိုးနေရချိန် ဦးအုံးဖေ မိမိလုပ်အား ဖြင့် နှစ်သောင်းပြည့် ငွေအပ်ခဲ့သောငွေစာရင်း သိန်းတစ်ရာ ပြည့်ခဲ့သည်။

လပေါင်း၊ နှစ်ပေါင်းများစွာ စုထားငွေဖြစ်သည်။ ငွေသိန်းတစ်ရာ ပြည့်ချိန် ဦးအုံးဖေ စဉ်းစားမိသည်။ ဒီငွေ ဘာ့ကြောင့် ရတာလဲ၊ ငါ ဘာလို့ အခုလို ဖြစ်တာလဲ၊ အကြိမ်ကြိမ် စဉ်းစားသည်။ ဩော် - စာဖတ်လို့၊ ငါ့ရဲ့ကံ အလကား မကောင်းဘူး။ စာဖတ်လို့ ကံကောင်းပြီး ငွေစုနိုင်ခဲ့တာ၊ ဒီငွေတွေ ဘာလုပ်ရမလဲ၊ အဖြေတစ်ခုတည်း ထွက်လာတယ်။

စာပေဗိမာန် အကုန်လှူတယ်။ အုံ့မခန်း စာပေဝါသနာတစ်ဦး မြန်မာနိုင်ငံတွင် ပေါ်ပေါက်ခဲ့ပါတယ်။

သိန်းတစ်ရာ စာပေဗိမာန်အလှူရှင်အတွက် စာရေးဆရာကြီး စိန်တင်ဖေ ပခုက္ကူမြို့ ဦးအုံးဖေထံ စာပေဗိမာန်မှလွှတ်၍ အလှူရှင် ၏သမိုင်းကြောင်းစာအုပ်ဖြစ်ရန်၊ စာအုပ်ပြုစုရန် ရောက်ခဲ့ပါတယ်။ ဆရာကြီးစိန်တင်ဖေ အုံ့မခန်း ဦးအုံးဖေ၏သမိုင်းကို ဖတ်ခွင့်ရခဲ့ပါတယ်။

အကျဉ်းအားဖြင့် ဦးအုံးဖေ သူကိုယ်တိုင် စာတတ်မှ သူ့ဖခင်၊ သူ့အဖော် စာတတ်စေလို၍ ပြောခဲ့သောစကား သား စာမတတ်ရင် လူဆိုးဖြစ်လိမ့်မယ်၊ စာမတတ်သူ အောက်ကျလိမ့်မည်၊ အသိပညာ နည်းလိမ့်မည် စသော ဖခင်ပြောသည့်စကားများ ပြန်လည်ကြားသိ လာခဲ့ရသည်။

ဖခင်မေတ္တာကောက်နုတ်ချက် ငယ်စဉ်က မြေပဲခင်း သူများ နုတ်ပြီးနေရာ အညာမြေပုံပူပူမှာ လက်နဲ့ယက် တစ်ပြည်လေးလုံး

ပုဆိုးကွင်း(ဂွင်း)သိုင်း ရာခဲ့ရသည့် ပင်ပန်းမှု၊ အရွယ်နဲ့မလိုက် ကြီးလာတော့ အရက်၊ လူမိုက်လုပ်၊ ငယ်စဉ်မှာ ဖခင်ကြီးက ရှာကနေပြီး သားကိုခေါ်၊ ဝေးသည့်နေရာဖြစ်လို့ လမ်းကရွာမှာ ထမင်းဝယ်စား။

ဖခင်က သားကိုသာကျွေးပြီး သူက မဆာလို့ဆိုပြီး မစားဘဲနေ၊ ညနေစောင်း ဘုန်းတော်ကြီးကျောင်းအရောက် ဆရာတော်က ဝမ်းရောဂါတွေ ဒီရွာ ဖြစ်နေတယ်။ တစ်ညအိပ် မနက်မိုးလင်း ပြန်ခေါ်သွား။ နောက်များမှ ပြန်လာခဲ့လို့ ဆရာတော်က မိန့်တယ်။ အဲဒီညမှာပဲ ဖခင် ကွယ်လွန်ခဲ့တယ်။

သေတော့မှ ဖခင်အိတ်ထဲ ငွေတစ်မတ်စေ့ ထွက်လာတယ်။ အဖေ ထမင်းမဆာဘူးပြောတာ စာတတ်မှ ပြန်စဉ်းစားမိတယ်။ ပိုက်ဆံမပါလို့ပေါ့။ ဖခင်ရဲ့ စာတတ်စေလိုတဲ့ဆန္ဒ စာတတ်မှပဲ သိခဲ့ရတယ်။

အခုတော့ တွေးတောဆင်ခြင် ဘာဝနာအမြင် ကျေးဇူးတရားတွေကို ရင့်သန်စေခဲ့တယ်။ ဆရာစိန်တင်ဖေရေးသော ဦးအုံးဖေအကြောင်းစာအုပ်ဟာ အရေးကောင်းတာထက် အဖြစ်မှန်က လုပ်ရပ်ဖြစ်ခဲ့ရတဲ့ကောက်ကြောင်းပေါ်လွင်တဲ့ ပန်းချီကားတစ်ချပ် ဖြစ်ခဲ့ရပါတယ်။

ယနေ့တော့ စာပေမှာ ဖခင်ကြီးသဖွယ် စာပေဗိမာန်ကြီးမှာ မြန်မာစာရေးဆရာ ပညာရှင်တွေ နှစ်တိုင်း မွေးထုတ်ပေးနိုင်ခဲ့ပါပြီ။ ဆရာကြီး ဦးအုံးဖေ သက်တော်ရှည်၍ ကုသိုလ်တရားများ ပွားများနိုင်ပါစေလို့ မေတ္တာပို့လျက်ပါ။ ဆရာကြီးကလည်း အသက်ရှည်ပြီး

ကုသိုလ်တရားတွေ ပညာရောင် အလင်းဆောင်နိုင်သည့်အတွက် ကုသိုလ်တရားတွေလည်း ပွားနေမှာ မလွဲတော့ပါ။ ကိုယ်တိုင်လည်း စာပေနဲ့ ကံကောင်းနေခဲ့ပြီး ဖြစ်ပါတယ်။ စာပေနဲ့ ကံကောင်းကြသူများ စာရင်းလည်း ဝင်ပြီး ဖြစ်နေပါပြီ။

■ ■ ■ ▣ ■ ■ ■

# ကံနှင့် ကံ၏အကျိုး သိဝရာများ

**လုပ်ငန်း၊စဉ်နှင့်စပ်၍ ကံ(၄)မျိုး (ကိစ္စကမ္မ စတုက္က)**

(၁) ဝိပါက်နာမက္ခန္ဓာနှင့် ကမ္မရုပ်ခန္ဓာဟူသော အကျိုးတရားတို့ကို ပဋိသန္ဓေအခါ၊ ပဝတ္တိအခါ အခွင့်သာရာကာလ၌ ကိုယ်တိုင်ဖြစ်စေနိုင်သော ကုသိုလ်၊ အကုသိုလ်စေတနာသည် ဇနကကံမည်၏။

**ဆောင်ပုဒ်**

ဝိပါက်နာမ်ခန္ဓ၊ ကံရုပ်ခန်ကို၊ သန္ဓေပဝတ်၊ ဖြစ်စတတ်၊ ခေါ်မှတ် ဇနကကံ။

(၂) ကိုယ်တိုင် အကျိုးမပေးနိုင်သော်လည်း အခြားကံ အကျိုးပေးခွင့်ရအောင်၊ အကျိုးပေးသန်လာအောင်၊ အကျိုးတရားများ ကြာမြင့်အောင် ထောက်ပံ့ကူညီနိုင်သော ကုသိုလ်၊ အကုသိုလ်စေတနာသည် ဥပတ္ထမ္ဘကကံမည်၏။

**ဆောင်ပုဒ်**

အကျိုးဖလ၊ ပေးခွင့်ရအောင်၊ ခွင့်ရလေပြန်၊ ကျိုးပေးသန်အောင်၊ ပေးပြန်ကျိုးများ၊ ကြာမြင့်ပွားအောင်၊ တစ်ပါးကံမှု၊ ကူထောက်က၊ ဥပတ္ထမ္ဘကကံ။

(၃) အခြားကံများ အကျိုးပေးခွင့်မရအောင်၊ အကျိုးပေး မသန်အောင်၊ ပေးပြီးသောအကျိုးကို မတိုးပွားအောင် ကပ်၍ နှိပ်စက်နိုင်သော ကုသိုလ်၊ အကုသိုလ်စေတနာသည် ဥပပီဠကကံ မည်၏။

**ဆောင်ပုဒ်**

အကျိုးပေးခွင့်၊ မရလင့်အောင်၊ ပေးခွင့်ရပြန်၊ ကျိုးမသန်အောင်၊ ပေးပြန်ကျိုးများ၊ မတိုးပွားအောင်၊ တစ်ပါးကံမှု၊ နှိပ်စက်က၊ ဥပပီဠကကံ။

(၄) ကပ်၍ နှိပ်စက်ရုံမျှမက အခြားကံများ အကျိုးမပေးနိုင်အောင်၊ ပေးပြီးအကျိုးများ ပြတ်စဲသွားအောင် သတ်ဖြတ်ဖျက်ဆီးနိုင်သော ကုသိုလ်၊ အကုသိုလ်စေတနာသည် ဥပဃာတကကံ မည်၏။

**ဆောင်ပုဒ်**

အကျိုးလုံးဝ၊ မပေးရအောင်၊ ပေးကြကျိုးများ၊ ပြတ်စဲသွားအောင်၊ တစ်ပါးကံမှု၊ သတ်ဖြတ်က၊ ဥပဃာတကကံ။

(ဒအာဓကာ = ဝိဆိမှတ်၊ စာပိုဒ်-၅၀)

**မကောင်းမှုဖြင့် ကြီးပွားနေသူများ၏ ကိစ္စကံအမျိုးအစား**

လူဖြစ်ခြင်းကား ကုသိုလ်ဇနကကံကြောင့်ဖြစ်သော ကုသလဝိပါက်တည်း။ မကောင်းမှုဒုစရိုက်လုပ်ငန်းဖြင့် ကြီးပွားခြင်းကား အကုသိုလ်ဥပတ္ထမ္ဘကကံ၏ ထောက်ပံ့မှုတည်း။ ထို့ကြောင့် ကုသိုလ်ဇနကကံကြောင့် လူဖြစ်လာသော်လည်း မကောင်းမှုဒုစရိုက်လုပ်ငန်းဖြင့် ကြီးပွားနေသူများ၏ ကိစ္စကံအမျိုးအစားကား အကုသိုလ် ဥပတ္ထမ္ဘကကံထောက်ပံ့မှု ဖြစ်ပါသည်။

**နေ့စံ ညခံ ဝေမာနိကပြိတ္တာ၏ ကိစ္စကံအမျိုးအစား**

လူ့ဘုံ၊ နတ်ဘုံ၌ နေ့စံဘဝဖြစ်ရခြင်းသည် ကုသိုလ်ဇနကကံကြောင့်ဖြစ်သော ကုသလဝိပါက်တည်း။ ညဥ့်၌ ဒုက္ခခံနေရခြင်းသည် ပဝတ္တိအကုသိုလ် ဇနကကံက ဖြစ်စေမှုတည်း။ ထို့ကြောင့် နေ့စံ ညခံ ဝေမာနိကပြိတ္တာ၏ ကိစ္စကံအမျိုးအစားသည် ပဋိသန္ဓေကုသိုလ် ဇနကကံနှင့် ပဝတ္တိအကုသိုလ် ဇနကကံတို့ ဖြစ်ပါသည်။

**အကျိုးပေးလုညဥ့် အစဥ်နှင့်စပ်၍ ကံ(၄)မျိုး**

**(ပါကဒါန ယရီယာယ စတုက္က)**

(၁) အခြားကံများက မတားမြစ်နိုင်လောက်အောင်ပင် ကိုယ်အင်အားကောင်းသာ ကုသိုလ်၊ အကုသိုလ်စေတနာများသည် ဂရုကကံ မည်၏။

(၂) သေခါနီး၌ အောက်မေ့အပ်၊ ပြုအပ်သော ကုသိုလ်၊ အကုသိုလ်စေတနာများသည် အာသန္နကံ မည်၏။

(၃) အမြဲမပြတ် လေ့ကျက်အပ်၊ မှီဝဲအပ်သော ကုသိုလ်၊ အကုသိုလ်စေတနာများသည် အာစိဏ္ဏကံ မည်၏။

(၄) ဂရုက၊ အာသန္န၊ အာစိဏ္ဏ အခြေအနေသို့မရောက်ဘဲ ယခုဘဝ သာမန်ပြုအပ်သောကံနှင့် ရှေးရှေးဘဝကပြုခဲ့သော အပရာပရိယကံဟူသော ကုသိုလ်၊ အကုသိုလ် စေတနာများသည် ကဋတ္တာကံ မည်၏။

(သာဓက - ဝိထိမုတ် စာပုဒ်-၅၁)

**ဂရုကံမည်သော ကံအမျိုးအစားများ**

အကုသိုလ်ကံအရာတွင် ပဉ္စာနန္တရိယကံနှင့် နိယတမိစ္ဆာဒိဋ္ဌိကံတို့သည် ဂရုကံ မည်ပါသည်။ ကုသိုလ်အရာတွင် မဟဂ္ဂုတ်ကုသိုလ်ကံသည် ဂရုကံမည်ပါသည်။

**မိဘကိုသတ်ပြီး သေခါနီးမှ ကုသိုလ်ပြုသော်လည်း မလွတ်နိုင်**

အကျိုးပေးအစဉ် ပါကဒါန ပရိယာယအားဖြင့် ဂရုကံသည် ရှေးဦးစွာ အကျိုးပေးမည်ဖြစ်သောကြောင့် မိဘသတ်မှု ပဉ္စာနန္တရိယကံကို ကျူးလွန်ပြီး သေခါနီးကျမှ ကုသိုလ်ပြုသော်လည်း ဂရုကံအရာတွင်ပါဝင်သည့် ပဉ္စာနန္တရိယကံ၏ မကောင်းကျိုးကို ရှေးဦးစွာ ခံစားရမည်သာ ဖြစ်၏။

(သာဓက - ဝိထိမုတ် စာပိုဒ်-၅၁)

**မိဘသတ်မှုနှင့် အမြဲကုသိုလ်ပြုမှုတို့တွင် မိဘသတ်မှုက ရှေးဦးစွာ အပြစ်ပေးခံရ**

အကျိုးပေးအလှည့်အစဉ် ပါကဒါနပရိယာယအားဖြင့် ဂရုကံသည် ရှေးဦးစွာ အကျိုးပေးမည်ဖြစ်သောကြောင့် ဂရုကံတွင်ပါဝင်သော မိဘသတ်မှု၏ မကောင်းကျိုးနှင့် အာစိဏ္ဏကံတွင်ပါဝင်သော အမြဲကုသိုလ်ပြုမ၏ ကောင်းကျိုးတို့တွင် မိဘသတ်မှု၏ မကောင်းကျိုးကို ရှေးဦးစွာ ခံစားရပါမည်။

(သာဓက - ဝိထိမုတ် စာပိုဒ်-၅၁)

**အမြဲပြုနေသောကံထက် သေခါနီးပြုသောကံတရားက ရှေးဦးစွာ အကျိုးပေး**

အာသန္နကံ၊ အာစိဏ္ဏကံတို့တွင် အကျိုးပေးအလှည့်အစဉ် ပါကဒါနပရိယာယအားဖြင့် အာသန္နကံက ရှေးဦးစွာ အကျိုးပေးမည်ဖြစ်သောကြောင့် အမြဲပြုသော ကံတရားထက် သေခါနီးမှ အရေးတကြီး ပြုသော ကံက ရှေးဦးစွာ အကျိုးပေးပါမည်။

(သာဓက - ဝိထိမုတ် စာပိုဒ်-၅၁)

**အကျိုးပေးရာကာလနှင့် စပ်လျဉ်း၍ ကံ(၄)မျိုး**
**(ပါကကာလစတုက္က)**

(၁) မျက်မှောက်ဘဝ၌ လက်တွေ့အကျိုးပေးသော ကုသိုလ်၊ အကုသိုလ် ပထမဇောစေတနာသည် ဒိဋ္ဌဓမ္မဝေဒနီယကံ မည်၏။

(၂) ဒုတိယဘဝ၌ အကျိုးပေးသော ကုသိုလ်၊ အကုသိုလ် သတ္တမဇောစေတနာသည် ဥပပဇ္ဇဝေဒနီယကံ မည်၏။

(၃) တတိယဘဝမှစ၍ နိဗ္ဗာန်မရမီအတွင်း၌ အကျိုးပေးသော ကုသိုလ်၊ အကုသိုလ် အလယ်ဇော(၅)ချက်စေတနာသည် အပရာအပရိယဝေဒနီယကံ မည်၏။

(၄) အကျိုးလုံးဝမပေးတော့သော အကျိုးပေးရာကာလကို လွန်သော ဒိဋ္ဌဓမ္မဝေဒနီယ စသည့် ရှေးကံ(၃)ပါးဆိုင်ရာ ကုသိုလ်၊ အကုသိုလ်ဇောစေတနာများသည် ဘဝေါသိကံ မည်၏

(သာမဏ - ဝီထိမုတ် စာပိုဒ်-၅၂)

ဆောင်ပုဒ်

ဇောပထမ၊ ခုဘဝ၊ ဒိဋ္ဌအကျိုးပေးကံ
ဇောသတ္တမ၊ ဒုဘဝ၊ ဥပကျိုးပေးကံ
လယ်ဇောငါးဖြာ၊ တနိဗ္ဗာ၊ အပရာကျိုးပေးကံ
အကျိုးမပေးငြား၊ ကံအများ
မှတ်သား၊ အဟောသိကံ။

အလကားဖြစ်သွားသော စေတနာများ

ပထမဇောစေတနာသည် မျက်မှောက်ဘဝ၌ အကျိုးမပေးပါက အဟောသိကံအမျိုးအစား(အလကား) ဖြစ်သွားပါသည်။ သတ္တမဇောစေတနာသည် ဒုတိယဘဝ၌ အကျိုးမပေးပါက အဟောသိကံအမျိုး

အစား(အလကား) ဖြစ်သွားပါသည်။ အလယ်ဇော(၅)ချက်သည် သံသရာဝဋ်ပြတ် (ဘုရား၊ ရဟန္တာဖြစ်)ပါက အဟောသိကံအမျိုးအစား (အလကား) ဖြစ်သွားပါသည်။

**ကုသိုလ်နေ့စဉ်ပြုနေပါလျက် မကောင်းကျိုးများ တွေ့ကြုံခံစား ရခြင်းအကြောင်း**

အတိတ်ဘဝပြုခဲ့မိသော အာစိဏ္ဏကံ၊ ကဒတ္တာကံနှင့် အပရာ အပရိယကံများ၏ အကျိုးပေးခွင့်အားသာနေသောကြောင့် ယခုဘဝ၌ ကုသိုလ်ကောင်းမှုများ နေ့စဉ်ပြုနေပါလျက် စိတ်ပျက်ဖွယ် မကောင်း ကျိုးများ တွေ့ကြုံခံစားရပါသည်။

**အကြောင်းရှိက အကျိုးရဟူသောစကား ယေဘုယျ**

အကျိုးပေးရာ အချိန်အခါ(ပါကကာလ)နှင့် ပတ်သက်သော ကံများတွင် အကျိုးလုံးဝမပေးဘဲ ဖြစ်ပြီးသည်သာလျှင် အကြောင်း ကံမည်သော အဟောသိကံပါဝင်နေသောကြောင့် အကြောင်းကံရှိက အကျိုး(ဝိပါက်ရ)ဟူသောစကားသည် ယေဘုယျသာဖြစ်ပြီး မုချ မဟုတ်ပါ။

(သာဓက - ဝိထိမုတ် စာပိုဒ်-၅၂)

**ဘုရား၊ ရဟန္တာတို့၏ ပါကကာလကံအမျိုးအစား**

ဘုရား၊ ရဟန္တာတို့၏ ပြုလုပ်အပ်သော ကံသည်(အဝိဇ္ဇာနှင့် တဏှာဝန် မြစ်ပြတ်ပြီးဖြစ်၍) အကျိုးမပေးဘဲ ကြိယာမျှသာဖြစ်သော ကြောင့် အဟောသိကံမျိုး ဖြစ်ပါသည်။

ဗေဒချင်တရားမျိုးကို နာယူရသဖြင့် ဝမ်းမြောက်ဝမ်းသာစေသော ကြိယာဇောများကြောင့် ဘုရားရှင်နှင့် ရှင်မဟာကဿပ၊ ရှင်မောဂ္ဂလ္လာန်တို့ ရောဂါပျောက်ခြင်းကို ထောက်ဆလျှင် ဒိဋ္ဌဓမ္မဝေဒနီယကံလည်း ဖြစ်နိုင်ပါသည်။

**အကျိုးပေးရာ ဘုံဌာနနှင့်စပ်၍ ကံ(၄)မျိုး**

**(ပါကကာလ စတုက္က)**

(၁) အပါယ်ဘုံ၌ ပဋိသန္ဓေဖြစ်စေသည့် အကုသိုလ်စိတ်(၁၂)ပါးသည် အကုသိုလ် မည်၏။

(၂) ကာမသုဂတိဘုံ၌ ပဋိသန္ဓေကိုဖြစ်စေသည့် မနောကံကုသိုလ်စေတနာ(၇)ပါးသည် ကာမာဝစရကုသိုလ်ကံ မည်၏။

(၃) ရူပပြဟ္မာ့ဘုံ၌ ပဋိသန္ဓေကိုဖြစ်စေသည့် မနောကံကုသိုလ်စေတနာ(၅)ပါးသည် ရူပဝစရကုသိုလ်ကံ မည်၏။

(၄) အရူပပြဟ္မာ့ဘုံ၌ ပဋိသန္ဓေကိုဖြစ်စေသည့် အနောကံကုသိုလ်စေတနာ(၄)ပါးသည် အရူပါဝစရကုသိုလ်ကံ မည်၏။

**(သာဓက - ဝိထိမုတ် စာပိုဒ် - ၅၃၊ ၆၁၊ ၆၄၊ ၆၇-၆၈)**

**ကံဖြစ်ကြောင်း ကမ္မဒွါရ(၃)မျိုး**

ကံဖြစ်ကြောင်း ကမ္မဒွါရသည် (၁) ကာယဝိညတ်ဟူသော ကာယဒွါရ၊ (၂) ဝစီဝိညတ်ဟူသော ဝစီဒွါရ၊ (၃) အတူတကွဖြစ်ရာ

ဇောစိတ်ဟူသော မနောဒွါရအားဖြင့် (၃)မျိုးရှိသောကြောင့် ကမ္မဒွါရနှင့်စပ်၍ ကာမကုသိုလ်၊ အကုသိုလ်တို့၏ ဖြစ်ကြောင်းသည်လည်း ကာယကံ၊ ဝစီကံ၊ မနောကံဟု (၃)မျိုးရှိပါသည်။

**ကာယကံမည်ခြင်းအကြောင်း**

ကာယဝိညတ်ဟု ဆိုအပ်သော ကာယဒွါရ၌ အဖြစ်များခြင်းကြောင့် ကာယကံမည်၏။

**(သာမက - ကာယဝိညတ္တိသင်္ခါတေ(ပ) ကာယကမ္မံနာမ)**

**(ဝိထိမုတ် စာပိုဒ် - ၅၅)**

**ကာယဒုစရိုက် ကာယကံအကုသိုလ်(၃)ပါး**

(၁) သူ့အသက်သတ်မှု - ပါဏာတိပါတ။

(၂) သူ့ဥစ္စာခိုးယူလုယက်မှု - အဒိန္နာဒါန။

(၃) အာရုံ(၅)ပါး ကာမဂုဏ်တရား၌ ယုတ်မာများယွင်းဖောက်ပြန်စွာ ပြုကျင့်မှု - ကာမေသုမိစ္ဆာစာရအားဖြင့် ကာယဒုစရိုက် ကာယကံအကုသိုလ်အမှု(၃)မျိုး ရှိပါသည်။

**(ဝိထိမုတ် စာပိုဒ် - ၅၅)**

**ဝစီကံမည်ခြင်းအကြောင်း**

ဝစီဝိညတ်ကို ဆိုအပ်သော ဝစီဒွါရ၌ အဖြစ်များခြင်းကြောင့် ဝစီကံမည်၏။

**(သာမကေ - ဝစီဝိညတ္တိသင်္ခါတေ(ပ) ဝစီကမ္မံနာမ)**

**(ဝိထိမုတ် စာပိုဒ် - ၅၆)**

**ဝစီဒုစရိုက် ဝစီကံအကုသိုလ်(၄)ပါး**

(၁) လှည့်စားလိမ်ညာ၍ ပြောဆိုမှု - မုသာဝါဒ။

(၂) ချောပစ်ကုန်းတိုက်မှု - ပိသုဏာဝါစာ။

(၃) ကြမ်းတမ်းရိုင်းစိုင်း ဆဲရေးတိုင်းထွာပြောဆိုမှု - ဖရုသဝါစာ။

(၄) အနှစ်သာရမရှိ၊ အကျိုးမဲ့သိမ်ဖျင်းသောစကားကိုပြောဆိုမှု- သမ္ဖပ္ပလာပအားဖြင့် ဝစီဒုစရိုက် ဝစီကံအကုသိုလ်အမှု (၄)မျိုး ရှိပါသည်။

**(သာဓက - ဝီထိမုတ် စာပိုဒ် - ၅၆)**

**ပုဗ္ဗစေတနာကံ ချို့ယွင်းခဲ့သူ၏ ကံတရား**

လူ့ဘုံထွေရှေ့ဖို့၊ ဉာဏ်မဲ့ချို့၍၊ တွန့်တိုတုံ့က၊
ပထမအရွယ်၊ နောင်ခါဝယ်၌၊ နွမ်းနယ်ဥစ္စာ၊
ဆိုးရပ်ဝါနှင့်၊ မဟာကုသ၊ ပဥ္စပါပီ၊ မဟောသီတို့၊
ယက္ခီယက္ခ၊ တူတမျှဖြင့်၊ ရူပလက္ခဏာ၊ ပျက်တတ်စွာ၏။

**(မဃဒေဝလင်္ကာ၊ ပုဗ္ဗောဝါဒခန်း၊ ပုဒ်ရေ - ၂၀၅)**

**(ဒတွာ စတ္တ မနော ဟောတိ)**

အစ၊ အလယ် ထိုနှစ်သွယ်၌ စိတ်ဝယ်ရွှင်ပျ လှူဒါန်းကြပြီးလည်း မယာကတံ ကုသလံဟု ထက်သန်လျှမ်းတောက် တစ်သက်ပန် ဝမ်းမြောက်သည့် အာစိဏ္ဏကံအရှိန်သန်အောင် ဖန်ဖန်ဆုခြွေဖြစ်ကြရလေ၏။

အခုပြောခဲ့တာတွေသည် စေတနာသုံးတန်ဖြစ်ခိုက်ကာလမှာ ဉာဏဝိပ္ပယုတ္တ ဉာဏ်မယှဉ့်တဲ့အတွက် အကျိုးမဲ့ဖြစ်တတ်ပုံကလေးကို ဆက်လက်ပြီး ထည့်သွင်းဖော်ပြရပေမည်။ ပုဗ္ဗစေတနာဖြစ်ချိန်တွင် ဉာဏ်မယှဉ်မိတဲ့အတွက် ကြီးလေးတဲ့အပြစ်ဒဏ်ကို ခံရပုံအကြောင်း မန်လည်ဆရာတော်ကြီးရဲ့ အထက်ပါအလင်္ကာအတိုင်း ဖွဲ့ဆိုထင်ရှားစေခဲ့ပါတယ်။

အဓိပ္ပာယ်ကတော့ ဗုဗ္ဗစေတနာဖြစ်ပေါ်ချိန်တွင် အသိဉာဏ်မယှဉ်ပါက ဖြစ်လေရာဘဝတိုင်းတွင် ပထမအရွယ်၌ ဥစ္စာပစ္စည်းနည်းပါး၍ ဆင်းရဲတတ်လေသည်။ ကုသမင်းကြီးနှင့် ပဒ္မပါပီဆိုသည့်သူဆင်းရဲမကလေးတို့လို အရုပ်ဆိုး အကျည်းတန်သူများ ဖြစ်တတ်ပေသည်။

(ကုသမင်းကြီးအကြောင်း ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု၊ ညောင်ကန်မူ၊ ပဥ္စမတွဲ၊ ၂၈၁ တွင် ကြည့်ရှုနိုင်ပါသည်။ ပဒ္မပါပီအကြောင်းသည်လည်းပဲ ၎င်းဝတ္ထု၊ ပဥ္စမတွဲ၊ ၂၇၁ တွင် ရှုပါ ဟူ၍သာ ညွှန်းလိုက်ပါသည်။)

ဗုဗ္ဗစေတနာဖြစ်ချိန်မှာ ဉာဏ်မယှဉ်မိပုံသည်ကား "ဒီနှစ် ငါတို့မှာ စပါးကလည်း မှန်းသလောက် မရဘူး၊ ဒီနှစ် တို့သားလေးကို ရှင်ပြုပေးလိုက်ရင် ကြွေးကောင်းကောင်းကြီး တင်တော့မှာပဲ၊ ဒီနှစ်တော့ ရှင်မပြုသေးပါဘူး" စသည်ဖြင့် စိတ်ကူးတွေ တစ်မျိုးတစ်ဖုံပြောင်းလဲသွားတတ်တာမျိုးကို ဉာဏ်မယှဉ်သာဟူ၍ ဆိုပါသည်။

**မုဋ္ဌစေတနာချို့တဲ့ခဲ့ပါလျှင်**

မုဋ္ဌစေတနာသည် လှူဒါန်းနေတုန်း၊ လှူဒါန်းနေဆဲမှာ အသိဉာဏ်မယှဉ်ဘဲ တွေးမိတွေးရာ တွေးတတ်ပါသည်။ တွေးပုံအနေနဲ့ ပြောရမည်ဆိုလျှင် "တို့ ဒီနှစ် ရှင်ပြုမိတာတော့ မှားပြီနဲ့ တူတယ်၊ တို့တော့ ဒီကျောင်းက ဒီဘုန်းကြီးတွေကို လှူမိတာတော့ မှားပြီနဲ့ တူတယ်၊ တို့မှန်းထားတာက ငါးထောင်လောက်၊ အခုတော့ တစ်သောင်းကျော်တောင် ကုန်သွားပြီ၊ ငါးထောင်လောက်က အကြွေးတင်နေပြီ၊ ဒီငါးထောင်ကို တို့ဘယ်လိုလုပ်ပြီး အကြွေးဆပ်ရပ့ါမလဲ၊ ရှိတဲ့လယ်ယာပစ္စည်းလေးတော့ ရောင်းရပါတော့မယ်နဲ့ တူတယ်"ဟူ၍ စသည်ဖြင့် ဉာဏ်မယှဉ်ဘဲ ဆင်ခြင်တွေးတောတတ်ကြပေသည်။

အဲဒါကို မုဋ္ဌစေတနာအခါတွင် ဉာဏ်မယှဉ်မိသည့်အတွက် အကျိုးမဲ့ဖြစ်တတ်ကြောင်းကိုလည်း မန်လည်ဆရာတော်ဘုရားကြီးက အောက်ပါအတိုင်း စပ်ဆိုတော်မူခဲ့ပြန်ပါသည်။

**အလင်္ကာ**

မုဋ္ဌအခါ၊ တွန့်တိုပါသော်၊ အင်္ဂါချို့တဲ့၊ ဂုဏ်မဲ့မျိုးနွယ်၊
မတင့်တယ်ဘဲ၊ ငါ၏တန်ခိုး၊ မပြည့်ဖြိုးဘူး။

ဆိုလိုခြင်းအဓိပ္ပာယ်သည် မုဋ္ဌစေတနာဖြစ်ချိန်မှာ ဉာဏ်မယှဉ်မိပါက ဖြစ်လေရာဘဝများတွင် ခြေလက်အင်္ဂါချို့တဲ့တတ်ပြီး ယုတ်ညံ့တဲ့အမျိုး၌ဖြစ်ကာ ဘုန်းတန်ခိုးလည်း မရှိတတ်ဘူးလို့ ဆိုလိုခြင်းဖြစ်ပါပေသည်။

**အပရစေတနာချို့တဲ့ခဲ့ပါလျှင်**

စေတနာသုံးတန်ရှိတဲ့အနက် နောက်ဆုံးစေတနာဖြစ်သည့် အပရစေတနာဖြစ်ချိန်ကာလမှာလည်း အသိဉာဏ်မှေးမှိန်တတ်ပါသေးသည်။ ဖြစ်ပုံသည်ကား "ဒီကိုယ်တော်တွေက တို့ကို လှူကြလို့ မြှောက်ပေးတာနဲ့ တို့လှူမိကြတယ်၊ ကြွေးတင်တော့ တို့ပဲ ခံရတယ်၊ သူတို့ကလာပြီး ဝိုင်းကူဆပ်ပေးကြတယ်ကို မရှိပါဘူး၊ လှူသာလှူ မင်းတို့ ဘာမှမပူနဲ့၊ ငွေရေးကြေးရေးအတွက် ငါတာဝန်ထားလိုက် ပြောတဲ့လူကလည်း အခုတော့ ပေါ်မလာတော့ဘူး" စသည်ဖြင့် အသိဉာဏ်မယှဉ်ဘဲ တွေးချင်ရာတွေးနေလျှင် အပရစေတနာ ချို့ယွင်းသွားပြီလို့ မှတ်ရမည့် ဖြစ်ပေသည်။

ဒီလို ချို့ယွင်းခဲ့လျှင် ဆင်းရဲတတ်သည်ဟူသော အစရှိသည့် အကျိုးအပြစ်တို့ကို သိစေချင်သည့်အတွက် မန်လည်ဆရာတော်ဘုရားကြီးက အခုလို ရေးသားခဲ့ပါသေးသည်။

**အလင်္ကာ**

နောက်မှတွန့်ငြား၊ သားသမီးမှဲ့၊ ချို့တဲ့ယွင်းယိ၊
ထန်းငုတ်တိုသို့၊ အိုခါဒုက္ခ၊ ရသည့်ဆင်းရဲ၊
တိမ်းလွဲစည်းစိမ်၊ ဂုဏ်သိန်နိမ့်ကျ၊ ဖြစ်တတ်လှ၏။

အဓိပ္ပာယ်ကို ဖွင့်ဆိုပြရပါလျှင် အပရစေတနာဖြစ်ချိန်ကာလဝယ် ဉာဏ်အမြင်မရှိတဲ့အတွက်ကြောင့် ဖြစ်လေရာဘဝတွေမှာ သားသမီးရတနာမထွန်းကားဘဲ အိုမင်းတဲ့အခါမှာ ဒုက္ခတွေ့တတ်ပြီး

ကျက်သရေမင်္ဂလာမရှိ ဖြစ်တတ်ပါပေသည်ဟူ၍ ကံကောင်းချင်သူများအဖို့ ဖော်ကျူးလိုက်ရပါပေသည်။

**သတ္တဝါနှင့် ကမ္မကတာသမ္မာဒိဋ္ဌိ**

ကမ္မသကတာ သမ္မာဒိဋ္ဌိဆိုတာ အခြားမဟုတ်ပါဘူး။ ကုသိုလ်ကံကြောင့်သာ ကောင်းကျိုးရ၍ အကုသိုလ်ကံကြောင့် မကောင်းကျိုးကိုရတယ်လို့ ကံကိုသာ ယုံကြည်ခြင်းကို ဖြစ်ပါတယ်။ ကံတရားကို ယုံကြည်ရာဝယ် -

(၁) ကမ္မဿက - ကံသာလျှင် ဥစ္စာ၊ သတ္တဝါ၊ သူငါဟူ၍သာ အံယူရှိခြင်း၊ ယုံကြည်ခြင်း။

(၂) ကမ္မဒါယာဒ - ကံသာလျှင် အမွေခံရာ၊ စံရာ ခွဲဝေယူကြခြင်းဟု အယူရှိခြင်း၊ ယုံကြည်ခြင်း။

(၃) ကမ္မယောနိ - ကံသာအကြောင်း အဆိုး၊ အကောင်းအပေါင်း မှန်လှပေဟု အယူရှိခြင်း၊ ယုံကြည်ခြင်း။

(၄) ကမ္မဗန္ဓု - ကံသာလျှင် အဆွေမျိုး၊ အကောင်းအဆိုး၊ အကြောင်းအကျိုးမှန်လှပေ၏ဟု ယုံကြည်ခြင်း၊ ယူဆခြင်း။

(၅) ကမ္မပဋိသရဏ - ကံသာလျှင် ကောင်းသည်၊ ဆိုးသည်၊ ကိုးကွယ်ရာတစ်ခု ဖြစ်သည်ဟု ယုံကြည်ခြင်း၊ ယူဆခြင်း။

(အံ၊ ၂၊ နှာ - ၆၃)

ဝါရမိတ္တုရက်မှာ ခရီးသွားမိလို့ မကောင်းကျိုးကို တွေ့ရတယ်၊ လာဘ်တိုက်သောအရပ်ကို သွားမိလို့ လာဘ်ရတယ်ဆိုတဲ့ ကံနှင့်

လွတ်ကင်းသောစကားကို မယုံကြည်မှု ကမ္မဿကတာသမ္မာဒိဋ္ဌိ ဖြစ်ပါသည်။

မြတ်စွာဘုရား ကံတရားကို ဟောခဲ့သည်ဆိုရာဝယ် ပြဿဒါး ရက်ရာဇာ စသော ဗေဒင်နှင့်ခွဲတွေ၊ ကံမရှိသော ဥစ္ဆေဒအယူတွေ ပယ်ချင်လို့ ဟောခဲ့ခြင်း ဖြစ်ပေသည်။

ဥစ္ဆေဒဆိုသည်မှာ ပါဠိစကားဖြစ်ပြီး ဗမာလိုတော့ ပြတ်တာလို့ ဆိုပါသည်။ ဘာကို ပြတ်တာလဲဆိုလျှင် ဘဝပြတ်တာ။ သေလျှင် မြေကြီးဖြစ်၏။ နောက်ဘဝမရှိ၊ အဲဒီလို ကံနှင့်လွတ်သောအယူကို ယူမိလျှင် ကံကို ပစ်ပယ်ရာကျပြီ။ ဘုရားဟောကို ပယ်ရာလည်း ရောက်ပေသည်။ အဲဒီလိုအယူရှိသည့်ပုဂ္ဂိုလ်သည် ဥစ္ဆေဒဒိဋ္ဌိ ကပ်ငြိပြီး သေသွားသည့်အတွက် အပါယ်သို့သာ ကျရောက်ပေတော့သည်။

ဋင်းဘဝပြတ်၊ သေလျှင် မြေကြီးပဲ ဖြစ်သွားတာ၊ နောက်ဘဝ မရှိပါဟု ယူဆမိတာနဲ့ တစ်ပြိုင်နက် နောက်ထပ်ဆင့်ပွားလာတဲ့ အမှားတကာ အမှားကတော့ နောက်ဘဝမရှိတော့မှုဖြင့် ကုသိုလ်ပြုပေမယ့် ကုသိုလ်အကျိုးမရှိ၊ အကုသိုလ်ပြုသော်လည်း အကုသိုလ် အကျိုးမရှိဆိုတဲ့ လွဲမှားသောအယူအဆကြီးကို ထပ်၍ ကျူးလွန်မိပါတော့သည်။

ဋင်းတို့ ထပ်၍ ကျူးလွန်ယူဆသွားခြင်းသည် ပါဠိလို နတ္ထိက ဒိဋ္ဌိကြီးကို လက်ခံလိုက်ခြင်းဖြစ်ပေသည်။ ဗမာလိုဆိုရလျှင် အကျိုး မရှိဟု ယူဆလိုက်ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရသော် ကံ

အကျိုးကို ပယ်လိုက်ခြင်းဖြစ်သည်။

ငင်းကံအကျိုးကို ပယ်လိုက်ပြီဆိုတာနဲ့ တစ်ပြိုင်နက် အကြောင်းတရားပေါ်ကိုပါ သူယုံကြည်မှုမရှိတော့တာနဲ့ တစ်ပြိုင်နက် ကောင်းကျိုးမကောင်းကျိုး မရှိတာသည် ကောင်းသောအကြောင်း၊ မကောင်းသောအကြောင်းရယ်လို့ မရှိခြင်းကြောင့်ပဲဟု အယူကို လွဲမှားစွာ ထပ်၍ယူဆလိုက်ပါတော့သည်။ အရပ်စကားအနေနဲ့ပြောရလျှင် အကြောင်းကိုပယ်လိုက်ခြင်း ဖြစ်သည်။ တစ်နည်းထပ်၍ဆိုရသော် ကံအကြောင်းကို ပယ်လိုက်ခြင်းဖြစ်ပေသည်။ ၎င်း အကြောင်းအရှိဟု ယူဆလိုက်ပြီဆိုတာနဲ့ တစ်ပြိုင့်နက် အကြောင်းကိုပယ်သည့်၊ အကြောင်းကိုတားမြစ်သည့် အဟေတုကဒိဋ္ဌိ ဖြစ်ပေတော့သည်။ ဆိုလိုတာကတစ်ခုမှားပြီဆိုတာနဲ့ ကံမှား၊ ဘဝမှားသွားဖို့ သူကိုယ်တိုင်၊ သို့မဟုတ်သတ္တဝါကိုယ်တိုင် သူ့လမ်းကြောင်းကို အကောင်း၊ အဆိုးမသိဖောက်လိုက်မိလျက်သား ဖြစ်ပေသည်။

၎င်းအကြောင်း မရှိဘူးရယ်လို့ အဟေတုကဒိဋ္ဌိကို လက်ခံလိုက်ပြီဆိုတာနဲ့ တစ်ပြိုင်နက် နောက်ထပ်အမှားတစ်ခုကို သူကိုယ်တိုင်ကျူးလွန်ဖို့ ဝန်ခံလိုက်သည်နှင့် တူနေပေသည်။

ဆိုလိုတာက ကောင်းကျိုးမရှိဘဲ ကုသိုလ်ပြုလို့လဲ အပိုပဲ၊ မကောင်းကျိုးမရှိဘဲ အကုသိုလ်ရှောင်လည်း အပိုပဲဆိုတဲ လွဲမှားသောအမှားကြီးတစ်ခုကို လက်ခံယူဆခြင်း ဖြစ်ပေသည်။ သူ့ကိုတော့ ပါဋ္ဌိလို အကြိယာဒိဋ္ဌိလို့ ခေါ်ပေသည်။ ရှင်းရှင်းပြောရလျှင် ကံကို

တားမြစ်တဲ့ဒိဋ္ဌိ၊ ကံကို မယုံကြည်တဲ့ဒိဋ္ဌိ၊ ကောင်းကံ၊ မကောင်းကံ လုံးဝ မရှိဘူးလို့ ယူဆလိုက်ခြင်း ဖြစ်ပေတော့သည်။

၎င်းအယူအဆတို့သည် ဘဝပြတ်ခြင်းဟူသော "ဥစ္ဆေဒဒိဋ္ဌိ"က ပွားလာခြင်း ဖြစ်ပေသည်။ သူတို့သည် အယုတ်မာဆုံးသော ဒိဋ္ဌိဆိုးတွေမို့ နာမည်ကြီးတစ်ခု၊ ဘွဲ့ဆိုးကြီးတစ်ခု ထပ်၍ ချီးမြှင့်လိုက်သည်မှာ မိစ္ဆာဒိဋ္ဌိဟုပင် အမည်ကို တစ်ပေါင်းတည်း၊ တစ်လုံးတစ်စည်းတည်း ထပ်ပေးလိုက်ရခြင်း ဖြစ်ပေတော့သည်။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် ၎င်းဒိဋ္ဌိဆိုးတွေကို ပယ်ချင်လို့ ကံတရားကို ဟောခဲ့ခြင်းဖြစ်ပေသည်။ ၎င်းကံတရားကို ထပ်ဆင့်၍ ခွဲပြရမည်ဆိုလျှင် "သဟဇာတကံ" "နာနာက္ခဏိကကံ"ဟူ၍ နှစ်မျိုးရှိပေသည်။ "သဟဇာတ"ဆိုရာဝယ် မိမိနှင့်အတူ အကျိုးကိုဖြစ်စေသောကံကို ခေါ်ပေသည်။ ဥပမာဖြင့် ထင်ရှားအောင်ပြရမည်ဆိုပါလျှင် လူတစ်ယောက် စိတ်ဆိုးတဲ့အခါ စိတ်ဆိုးတာနှင့် တစ်ပြိုင်နက် မျက်နှာမည်းပြီးလာခဲ့တယ်၊ အဲဒီမျက်နှာမည်းပြီး ကြောက်စရာကောင်းတဲ့ရုပ်ကြီးက အကျိုးတရား။ မျက်နှာကိုမည်းစေတတ်သော ဒေါသနှင့်ယှဉ်သောစေတနာက အကြောင်းတရားဖြစ်သော "သဟဇာတကံ"ဟုပင် ဆိုရပေမည်။

**နာနာက္ခဏိကကံ**

"နာနာက္ခဏိက"ဆိုတာက အကြောင်းစေတနာချုပ်ပြီးသည့်နောက်မှ အကျိုးတရားကိုဖြစ်စေသာကံကို ခေါ်ပေသည်။ အကြောင်း

တရားနဲ့ အကျိုးတို့ ပြိုင်တူမဖြစ်ကြဘဲ အကြောင်းချုပ်ပြီးမှ အကျိုးကို ဖြစ်စေသော ကံလို့ ဆိုလိုခြင်းဖြစ်ပေသည်။

ဥပမာအားဖြင့် ထင်ရှားအောင်ပြရမည်ဆိုလျှင် ဒေါသဖြစ်တာနှင့် သတ္တဝါတစ်ကောင်ကို သတ်လိုက်သည်ဆိုပါတော့၊ သတ်လျှင် သတ်ခြင်းတော့ အပါယ်မကျသေးဘူးပေါ့။ သေပြီးတော့မှ ငရဲမှာ ဖြစ်ရခြင်း ဖြစ်ပေသည်။

ဆိုလိုခြင်းအဓိပ္ပာယ်က အကြောင်းတရားက ဒီဘဝမှာ ဖြစ်တယ်။ အကျိုးတရားက ဒုတိယဘဝမှာ ဖြစ်တယ်။ အကြောင်းနဲ့ အကျိုးဖြစ်ရာကာလ မတူသောကံကို "နာနာက္ခဏိကကံ"ဟုပင် ခေါ်ဆိုရပေသည်။

မျိုးစေ့ရှိရင် အပင်ပေါက်စမြဲပဲ ဖြစ်သည်။ အဲဒီလိုပဲ ကံကြမ္မာရှိရင်လည်း ခန္ဓာဆိုတာ ဖြစ်မြဲပဲ ဖြစ်ပေသည်။ ကံကြမ္မာက မျိုးစေ့နဲ့တူပြီး ခန္ဓာက အပင်နဲ့ တူသည်။ ကံကြမ္မာဆိုတာသည်လည်းပဲ စေတနာကိုပင် ဆိုရပေမည်။ ဒီစေတနာထားပုံဟန်ရင် ခန္ဓာရပုံမှာလည်း ဟန်လိမ့်မည် ဖြစ်သည်။ စေတနာထားပုံ မဟန်လျှင်တော့ ခန္ဓာရပုံလည်း ဟန်လိမ့်မည်မဟုတ်ပါ။

**မတူညီသော ကံတရားများ၊ သုဘလုလင်**

ကံအကြောင်းကိုဆက်ပြီး ဖွင့်ပြရမည်ဆိုလျှင် မြတ်စွာဘုရား စဉ်တုန်းအခါက "သုဘ"လုလင်သည် လူချင်းတူပါလျက် တစ်ဦး တစ်ဦး ထူးခြားတာကိုမြင်ရသဖြင့် မရှင်းလင်းတာနဲ့ ဘစ်ဆယ့်လေးချ

သောပြဿနာကို မြတ်စွာဘုရားအား လျှောက်တင်လေသည်။

လျှောက်ထားပုံကို ဖော်ပြရမည်ဆိုပါလျှင် မြတ်စွာဘုရား လူချင်း တူပါလျက် အဘယ့်ကြောင့် အချို့မှာ အသက်တို၍ အချို့မှာ အသက် ရှည်ပါသနည်း။ အဲဒီလိုလျှောက်ထားတော့ မြတ်စွာဘုရားက ဤ လောက၌ အချို့သော မိန်းမ၊ ယောကျ်ားတို့သည် သတ္တဝါတို့အပေါ် ၌ သနားကြင်နာ ကရုဏာကင်းလျက် ရက်စက်ဆိုးဝါးသူများ အသက် ကို သတ်ဖြတ်လေ့ရှိကြသည်။ ထိုသူမျိုးသည် သေလျှင် ငရဲသို့ ရောက်ရတတ်၏။

ငရဲမှ လွတ်ခဲ့ပြန်သော်လည်း လူ့ပြည်သို့ရောက်ခဲ့လျှင် ကြာရှည် စွာ နေခွင့်မရှိ၊ အသက်တိုကြရသည်။

အချို့သော မိန်းမ၊ ယောကျ်ားတို့ကား သတ္တဝါတို့အပေါ်၌ သနား ကြင်နာ ကရုဏာကြီးမားလျက် သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ် ကြကုန်၏။ ထိုသူများသည် သေလျှင် နတ်ပြည်သို့ ရောက်ရတတ် လေသည်။ နတ်ပြည်သို့မရောက်ဘဲ လူ့ပြည်မှာဖြစ်လျှင်လည်း အသက် ရှည်စွာ တည်နေပေ၏ဟု ဖြေတော်မူလေသည်။

**(၂) ဒုတိယမေးခွန်းသည်ကား . . .**

"မြတ်စွာဘုရား - အချို့မှာ အဘယ့်ကြောင့် ရောဂါများ၍ အချို့မှာ အဘယ့်ကြောင့် ရောဂါရှင်းပါသလဲဘုရားလို့ မေးလျှောက် ခဲ့ပြန်ပါသည်။

အဖြေကား . . .

"ချစ်သားသုဘ - ဤလောက၌ အချို့သော မိန်းမ၊ ယောကျာ်း တို့သည် တစ်ပါးသောသတ္တဝါကို လက်ဖြင့်သော်လည်းကောင်း၊ ခဲ၊ တုတ်၊ ဓား စသော လက်နက်ဖြင့်သော်လည်းကာင်း ညှဉ်းဆဲလေ့ ရှိသည်။

ထိုသူများသည် သေလျှင် ငရဲကျပြီး ငရဲသို့မကျခဲ့လျှင် ရောဂါ ထူပြော အနာပေါ၏။

"ချစ်သားသုဘ - ဤလောက၌ အချို့သော မိန်းမ၊ ယောကျာ်း တို့သည် တစ်ပါးသောသတ္တဝါအား မညှဉ်းဆဲတတ်၊ သနားကြင်နာ တတ်၏။

ထိုသူတို့သည် သေလျှင် နတ်ပြည်သို့ ရောက်ရ၏။ နတ်ပြည် သို့မရောက်မူ၍ လူဖြစ်ခဲ့လျှင် ရောဂါကင်းရှင်းသည်ဟု ဖြေကြားတော် မူခဲ့လေသည်။

(၃) **တတိယမေးခွန်း**

တစ်ဖန် ထပ်၍ လျှောက်ပြန်သည်ကား. . .

"မြတ်စွာဘုရား - အချို့မှာ ဘာ့ကြောင့် ရုပ်ဆိုး၍ အချို့မှာ ဘာ့ကြောင့် အဆင်းလှသလဲ"တဲ့။

ဘုရားရဲ့အဖြေကတော့. . .

"ချစ်သားသုဘ - ဤလောက၌ အချို့သော မိန်းမ၊ ယောကျာ်း တို့သည် အလွန် ဒေါသကြီး၏။ အနည်းငယ်ပြောစရာရှိလျှင် သူတစ်ပါး ကို ထိပါးပုတ်ခတ်၍ ပြောလေ့ရှိ၏။

ထိုသူတို့ သေလျှင် ငရဲကျတတ်၏။ ငရဲသို့မကျခဲ့သော် မျက်နှာပုပ်သိုး အရုပ်ဆိုးတတ်လေ၏။

"ချစ်သားသုဘ - ဤလောက၌ အချို့သော မိန်းမ၊ ယောကျ်ားတို့သည် အမျက်မထွက်တတ်၊ စိတ်ကို ကြည်လင်အေးမြစွာ ထားတတ်ကုန်၏။

ထိုသူတို့သည် သေလျှင် နတ်ပြည်၌ ဖြစ်ရ၏။ နတ်ပြည်၌ မဖြစ်ဘဲ လူဖြစ်ခဲ့သော် ကြည်လင်လှပသောအဆင်းကို ရတတ်၏" ဟု ဖြေခဲ့လေသည်။

(၄) **စတုတ္ထအမေးနှင့် အဖြေ**

တစ်ဖန် ထပ်၍ လျှောက်ထားပြန်သည်မှာ . . .

"မြတ်စွာဘုရား - အချို့မှာ ခြွေရံစိုးမိုး တန်ခိုးအာဏာနည်းပါး၍ အချို့မှာတော့ ဘာ့ကြောင့် ခြွေရံစိုးမိုး တန်ခိုးအာဏာ ကြီးမားရပါသလဲ" ဟု မေးလျှောက်လေ၏။

အဖြေ -

"ချစ်သားသုဘ - ဤလောက၌ အချို့သောသူတို့သည် ဣဿာတရား ကြီးမား၏။ ထိုသူတို့သည် သေလျှင် ငရဲကျတတ်၏။ ငရဲမကျဘဲ လူဖြစ်လာလျှင် ခြွေရံစိုးမိုး တန်ခိုးအာဏာ နည်းပါးတတ်၏။

"ချစ်သားသုဘ - အချို့သောသူတို့ကား ဣဿာတရားမထားတတ်၊ ထိုသူတို့သေလျှင် နတ်ပြည်၌ ဖြစ်တတ်၏။ လူဖြစ်လာလျှင် ခြွေရံစိုးမိုး တန်ခိုးအာဏာကြီးမားတတ်တယ်" ဟု ဖြေလေ၏။

(၅) ပဉ္စမမေးခွန်းနှင့် အဖြေ

တစ်ဖန် ထပ်၍ လျှောက်ပြန်လေသည်မှာ • • •

"အဘယ့်ကြောင့် အချို့မှာ ဥစ္စာပစ္စည်းပေါမျှား၍ အချို့မှာ အဘယ့်ကြောင့် ဥစ္စာပစ္စည်း ရှားပါးပါသနည်း"ဟု မေးလျှောက်လေ၏။

အဖြေကား • • •

"ချစ်သား သုဘ - ဤလောက၌ အချို့သော မိန်းမ၊ ယောက်ျား တို့သည် မစ္ဆေရမရှိဘဲ စွန့်ကြဲပေးကမ်းလှူဒါန်းလေ့ ရှိကြကုန်၏။

ထိုသူတို့သည် သေလျှင် နတ်ပြည်သို့ ရောက်ကြရကုန်၏။ လူဖြစ်လျှင်လည်း ဥစ္စာကုံလုံ ကြွယ်ဝကြကုန်၏။

အချို့သောသူတို့သည် မစ္ဆေရတရား လွန်ကြီးမားသဖြင့် ပေးကမ်း လှူဒါန်းလေ့မရှိ၊ ပစ္စည်းတိုးပွားမှုကိုသာ ပြုလေ့ရှိကုန်၏။

ထိုသူတို့သေလျှင် ငရဲသို့ကျတတ်၏။ ငရဲမကျဘဲ လူဖြစ်ပြန် လျှင်လည်း ဥစ္စမရှိဘဲ အလွန်ဆင်းရဲကြကုန်၏"လို့ ဖြေခဲ့လေသည်။

(၇) ခြောက်ခုမြောက် မေးခွန်းနှင့် အဖြေ

တစ်ဖန် ထပ်ပြီး လျှောက်ပြန်သည်ကား • • •

"မြတ်စွာဘုရား - အဘယ့်ကြောင့် အချို့မှာ ယုတ်သောအမျိုး မှာဖြစ်ရ၍ အချို့မှာ မြတ်သောအမျိုးမှာ ဖြစ်ရပါသလဲ"တဲ့။

အဖြေ • • •

"ချစ်သားသုဘ - ဤလောက၌ အချို့သော မိန်းမ၊ ယောက်ျား တို့သည် အလွန်မာနကြီးကြကုန်၏။ ရှိသေအပ်သော ဂုဏဝုမ၊

ဝယ်ဝုမှုတို့ကို ရှိသေရမှန်းမသိ၊ ပူဇော်ရမည့်ပုဂ္ဂိုလ်ကို ပူဇော်လေ့မရှိ။

ထိုသူတို့သည် သေလျှင် ငရဲကျတတ်၏။ ငရဲမကျဘဲ လူဖြစ်ပြန်လျှင်လည်း ယုတ်ညံ့သောအမျိုး၌ ဖြစ်ကြရကုန်၏။

"ချစ်သားသုဘ - အချို့သောသူတို့သည် မာန်မာနမရှိကြ၊ ရှိသေရမည့်သူကို ရှိသေတတ်၏၊ ပူဇော်ရမည့်သူကို ပူဇော်လေ့ရှိ၏။ ထိုသူတို့သေလျှင် နတ်ပြည်သို့ ရောက်တတ်၏။ နတ်ပြည်သို့မရောက်ဘဲ လူဖြစ်ပြန်လျှင်လည်း မြင့်မြတ်သောအမျိုး၌ ဖြစ်ရတတ်၏"ဟု ဖြေလေ၏။

**(၇) ခုနစ်ခုမြောက် မေးခွန်းနှင့် အဖြေ**

တစ်ဖန် ထပ်ပြီး လျှောက်ပြန်သည်ကား...

"မြတ်စွာဘုရား - အဘယ့်ကြောင့် အချို့မှာ ပညာဉာဏ်နည်းပါး၍ အချို့မှာ ပညာဉာဏ် ကြီးမားရပါသလဲ"တဲ့။

အဖြေကား...

"ချစ်သားသုဘ - ဤလောက၌ အချို့သော မိန်းမ၊ ယောကျ်ားတို့သည် ပညာရှိထံချဉ်းကပ်၍ ကုသိုလ်၊ အကုသိုလ်ကိုလည်းကောင်း၊ အပြစ်ရှိ၊ မရှိကိုလည်းကောင်း မှီဝဲထိုက်၊ မမှီဝဲထိုက်ကိုလည်းကောင်း၊ နောင်သံသရာဝယ် ရှည်ကြာလေးမြင့် ဖွံ့ဖွံ့ဖြိုးဖြိုး အကျိုးပေးမည့်အရာ၊ မပေးမည့်အရာကိုလည်းကောင်း မေးမြန်းလေ့မရှိ။

ထင်မိထင်ရာ ဒုစရိုက်တို့ကိုသာ လုပ်၍ နေကြကုန်၏။

ထိုသူတို့သေလျှင် ငရဲသို့ကျရောက်တတ်၏။ ငရဲသို့မကျဘဲ လူ

ဖြစ်ပြန်လျှင်လည်း ပညာဉာဏ်ကင်း လူဖျင်း၊ လူအ၊ လူမိုက် ဖြစ်တတ်ကြကုန်၏။

"ချစ်သားသုဘ - အချို့သောသူတို့သည် တရားအချက်တို့ကို နှစ်သက်ကြည်ဖြူ နာယူမေးမြန်းလေ့ ရှိကုန်၏။ ထိုသူတို့သေလျှင် နတ်ပြည်သို့ ရောက်ကုန်၏။ နတ်ပြည်သို့မရောက်ဘဲ လူဖြစ်ပြန်လျှင်လည်း အသိအလိမ္မာ ဉာဏ်ပညာကြီးမား၍ ထက်မြက်သောအခြေအနေ ရှိတတ်၏"ဟု ဖြေလေသည်။

ဒီ အမေး၊ အဖြေတွေကို အားလုံးခြုံကြည့်လိုက်မည်ဆိုလျှင် အကြောင်းကံအားလျော်စွာ အကျိုးပေးကို ရတတ်ပေသည်။ လောကလူသားတွေအားလုံး ဈေးဝယ်ဖူးသည့်ပုဂ္ဂိုလ်တွေချည်းပင် ဖြစ်၏။

မိမိတို့ ဈေးဝယ်သည့်အခါ တစ်ဆယ်ပေးလျှင် တစ်ဆယ်နဲ့ တန်သည့် ပစ္စည်းဝတ္ထုကိုပဲ ရချည်းပင် ဖြစ်လေ၏။

ထို့အတူပဲ ဘုရားဖြစ်ချင်လျှင်လည်း ဘုရားအဖြစ်နှင့် တန်အောင်တော့ ဖြည့်ကျင့်ရတာချည်းပင် ဖြစ်၏။

မိမိဘူးပင်စိုက်ထားပြီးလျှင် ဘူးသီးစားဖို့ ဆုတောင်းနေစရာမလို၊ လိုအပ်တာကို ပြုပြင်ပေးနေရုံတာ ပြုလုပ်နေရမည် ဖြစ်၏။

■ ■ ■ ▣ ■ ■ ■

# ကံအကြွေးကိုတော့ အမှန်ပေးဆပ်ရမှာပဲ

ကံနှင့် သတ္တဝါဟာ ဘယ်လိုမှ ခွဲထားလို့ မရပါဘူး။ ကံသည် သတ္တဝါဖြစ်နေသလို သတ္တဝါသည်လည်း ကံသည်ပဲ မဟုတ်လား။ သတ္တဝါတွေရဲ့ဆရာ၊ သတ္တဝါတွေရဲ့ ဒါရိုက်တာဟာ ကံတရားပါပဲ။ ကံဇာတ်ဆရာ ဒါရိုက်တာ စီစဉ်ညွှန်ကြားသလို တစ်ဘဝပြီးတစ်ဘဝ ကူးပြောင်း၍ ကနေရသည် မဟုတ်ပါသလော။

ကံအလိုကျ ကရ၊ ကံအလိုကျ သွားရ၊ ကံအလိုကျ နားရ၊ ကံအလိုကျ စားရ အစရှိသည့် သတ္တဝါတို့ရဲ့ လှုပ်ရှားမှုပုံသဏ္ဍာန် နိမိတ်အကုန်မှန်သမျှဟာ ကံရဲ့အရိပ်တွေပဲ မဟုတ်လား။

ကံရဲ့အမိန့်၊ ကံရဲ့နိမိတ်တွေနဲ့ တိုဆိုတို၊ ပျိုဆိုပျို၊ အိုဆိုအို၊ မည်းဆိုမည်း၊ ကွဲဆိုကွဲ၊ တွဲဆိုတွဲ၊ ဆဲဆိုဆဲ၊ ဖြူဆိုဖြူ၊ ယူဆို

ယူရ၊ ပေးဆိုပေးရ၊ စံရ၊ ခံရ အစရှိသည်တို့ဟာ သာမန်လူသားတွေ မပြောနဲ့၊ ဘုရားလောင်း ပုထုဇဉ်ဘဝတုန်းက လေးသင်္ချေနဲ့ ကမ္ဘာ တစ်သိန်း ဖြည့်ဆည်းခဲ့စဉ်က ကံအကြွေးတင်ခဲ့လို့ ကံအကြွေးကို အမှန်ပေးဆပ်ခဲ့သည့်ပုံရိပ်တွေကို ပြန်လည်ကာ မြင်ယောင်ကြည့်မိ နေမည်ဆိုလျှင် ကံလူသားတို့ရဲ့နောက်မှာ၊ သာမန်သတ္တဝါတို့ရဲ့နောက် မှာ အမည်းနဲ့အဖြူ အတွဲနဲ့အတူ ပါလာကြမည်ဆိုတာကိုတော့ မည်သို့ သောနည်းနဲ့မှ ပယ်ဖျောက်ငြင်းကွယ်လို့ ရမည်မဟုတ်ပါဘူး။

အမှန်တကယ်သာ ပုထုဇဉ် ဖြစ်နေဦးမည်ဆိုပါလျှင် အလောင်း တော်ဖြစ်ခြားသော်လည်းပဲ ကာယကံဆိုတဲ့ အမှားငါးမျိုး၊ ဝစီကံဆိုတဲ့ အမှားခြောက်မျိုး၊ မနောကံဆိုသည့် အမှားတစ်မျိုး ပေါင်း(၁၂)မျိုးသော ကံဆိုးတွေဟာ ပြုလုပ်မိခဲ့သည့်အတိုင်း ဘုရားဖြစ်တဲ့အခါမှာတောင် ဝိပါက်တော်(၁၂)ပါးအနေနဲ့ ကံကြွေးပေးဆပ်ခဲ့သည် မဟုတ်ပါလား။

မည်သို့သော အကြောင်းအရာတွေကို ပြန်လည်ကာ ပေးဆပ် ခဲ့ရပါသလဲဆိုလျှင် ကဿပမြတ်စွာ ခြောက်ရက်တည်းနှင့် ဘုရား အဖြစ်သို့ ရောက်ရှိခဲ့သည့်အခါ အလောင်းလျာတော်ဖြစ်သည့် ဇောတိ ပါလပုဏ္ဏား အမျိုးသားတစ်ယောက်ဟာ "ဒီလိုတာ ခြောက်ရက်တည်း နဲ့ ဘုရားဖြစ်အောင်ကျင့်လို့ ရခဲ့ပါလျှင် ခြောက်ရက်မဟုတ်ဘူး၊ ခြောက်နှစ်အထိကို ကျင့်ပြလိုက်ချင်သေးတယ်"ဟု မာန်တက်၍ ဝစီကံ အကုသိုလ်အမှုကို ကျူးလွန်ခဲ့သည့်အတွက် ဥရုဝေဠတောမြိုင်ခွင်မှာ ခြောက်နှစ်လုံးလုံး ပင်ပန်းကြီးစွာကျင့်ခဲ့ပြီးမှ ဘုရားအဖြစ်သို့ ရောက်ရှိ

ခဲ့ပေသည်။ သူကိုယ်တိုင် ဝစီကံကြွေး အမှန်တင်ခဲ့သည့်အတွက် သူကိုယ်တိုင်ပဲ အမှန်ပြန်ဆပ်ခဲ့ရပေသည် မဟုတ်ပါလား။

တစ်ဖန် အရက်သမား သေသောက်ကြူးဘဝမှာ ဖြစ်သည်။ ရဟန္တာတစ်ပါး ဆွမ်းရပ်သည့်အခါဝယ် "ဒီရဟန်းဟာ အကျင့်ယုတ် ပုဂ္ဂိုလ်ပဲ၊ လူပျင်းပဲ၊ အချောင်သမားပဲ၊ အတုအယောင်ပဲ"ဟု မဟုတ်မတရား ဝစီကံအမှုဖြင့် စွပ်စွဲအပြစ်တင်သည့်စကားကို မူးမူးရူးရူးနဲ့ ပြောခဲ့လေရာ ၎င်းဝစီကံဝင့်ကြွေးကို လူ့ပုံအလယ် ဓမ္မသဘင်စုံညီ ပွဲဝယ် စိဉ္စမာဏအမျိုးသမီး၏ ကိုယ်ဝန်တရားခံအဖြစ် ပြန်လည်ကာ မဟုတ်မတရား စွပ်စွဲခံရခြင်းကို ကျူးလွန်ခဲ့သည့် ကံဝင့်ကြွေးအတိုင်း ပေးဆပ်ခဲ့ရလေသည် မဟုတ်ပါလား။

တစ်ဖန် အလောင်းတော် ရသေ့သည် မိမိသီတင်းသုံးရာ ကျောင်းသခ်မ်းဆီသို့ ရသေ့တစ်ပါး ဈာန်ကွန့်မြူး၍ ကြွလာသည်ကို မြင်သောအခါ ပြုံ့စူစောင်းမြောင်း မနောက္ကသာ အလိုဆိုးဖြင့် ဒသသီလ ပဲ၊ သီလမရှိတဲ့သူပဲ၊ အဲဒီပုဂ္ဂိုလ်ကို မယုံနဲ့၊ အလကား လိမ်ညာနေ တာ၊ သူတော်ကောင်း မဟုတ်ဘူး"လို့ လူရှင်အပေါင်း ဒွိဟယုံမှား သံသယဖြစ်အောင် စွပ်စွဲပြောခဲ့ဖူးသည်။ ဝင့်ကြွေးဝစီကံအမှုသည် သုန္ဒရီဟူသော ပုရဗိုရ်မကလေး၏ ထင်ယောင်ထင်မှားဖြစ်အောင် အကွက်ဆင်ခံရကာ နောက်ဆုံး တိတ္ထိဒုဿီလတို့၏လက်ချက်ဖြင့် သေဆုံးသွားသော သုန္ဒရီပုရဗိုရ်မလေးဟာ မြတ်စွာဘုရားနှင့် တပည့် သာဝကများ သတ်တာပါဟု ထင်ယောင်ထင်မှားဖြစ်အောင် ဂယက်

ရိုက်သွားခဲ့ပေသည်။ ဒါလည်းပဲ သူကိုယ်တိုင်ပင် ပြုလုပ်ပြောဆိုခဲ့သည့် ဝစီကံအပြစ်သည်ပဲ မဟုတ်လေလား။

တစ်နေ့သောအခါ သုန္ဒရီပုရဗိုရ်မကလေးသည် နံနက်စောစော အချိန်တိုင်းတွင် တိတ္ထိတို့၏ ကျောင်းသင်္ခမ်းဆီမှ အိပ်ပြီး၍ မြတ်စွာဘုရားကျောင်းတော်မှ ဘုရားနှင့်အိပ်ပြီး ပြန်လာသည်ဟုပြောကာ လူအများ ထင်ယောင်ထင်မှားဖြစ်အောင် ပြုလုပ်ပြောဆိုခံခဲ့ရခြင်းသည် အလောင်းတော် မုနာဠိအမည်ဘဝတုန်းက သောက်စားပျော်ပါးစဉ် အခါ ရှင်ပစ္စေကဗုဒ္ဓတစ်ပါး ကြွလာသည်ကို ဒုသီလပဲ၊ အယောင် အဆောင်ပဲဟု စွပ်စွဲပြောဆိုခဲ့ဖူးခြင်း အပြစ်ဝစီကံဝင့်ကြွေးကို ပြန်ဆပ်ရခြင်း ဖြစ်ပေသည်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် နောက်ပါသံဃာများနှင့် ဆွမ်းခံကြွလာချိန်ဝယ် ရှင်ဒေဝဒတ်၏ စီစဉ်လုပ်ကြံမှုဖြင့် နာဠာဂီရိ အမည်ရှိသည့် ကြမ်းတမ်းရက်စက်သော မုန်ကျဆင်ကြီးသည် ဘုရားရှိရာသို့ အပြေးဝင်လာပြီး တိုက်ခံခဲ့ရဖူးပေသည်။ သို့သော် ဘုရားရဲ့မေတ္တာဓာတ်အရှိန်အဝါကို ၎င်းဆင်ကြီး ဦးညွတ်ခဲ့ရပြီး ၎င်းကဲ့သို့ တိုက်ခံခဲ့ရခြင်းသည် အလောင်းတော်မြတ် ဆင်ထိန်းသမားဖြစ်စဉ် အခါက လမ်းဆုံတွင် ရှင်ပစ္စေကဗုဒ္ဓတစ်ပါး ဆွမ်းခံကြွလာသည်ကို ဒေါသဖြင့် ပြောဆိုတိုက်ခိုက်ခဲ့ဖူးသည့် ဝစီကံအမှု၏ ကျူးလွန်ခဲ့ခြင်းကို တစ်ဖန်ပြန်၍ ကံကြွေးဆပ်ခဲ့ရခြင်းသည် ဖြစ်ပေသည်။

တစ်ဖန် ခြောက်ခုမြောက် ဝစီကံအပြစ်ပေးဆပ်ခဲ့ရပုံသည်ကား

ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဝေရဉ္စာတိုင်းတွင် ဝါကပ်တော်မူစဉ်က ဖြစ်သည်။ မာရ်နတ်၏ နှောင့်ယှက်ဟန့်တားပိတ်ဆို့မှုကြောင့် ဝေရဉ္စာတိုင်းတွင် ဆွမ်းအခက်အခဲများဖြစ်ရကား ကြမ်းတမ်းသော မုယောဆွမ်းကို ကြမ်းကြမ်းထော်ထော် ခက်ခဲစွာ ဘုဉ်းပေးရခဲ့လေသည်။

ဤကဲ့သို့ ဆင်းရဲစွာ အစားအသောက်ကို ဘုဉ်းပေးခဲ့ရခြင်းသည် မထင်ရှားသော အမျိုးသားတစ်ယောက်ဖြစ်စဉ်အခါတုန်းက ရဟန်းတော်များ ဆွမ်းစားခိုက်နှင့် ကြုံသောအခါ "ကြည့်စမ်း၊ ဒီရဟန်းတွေ ဆွမ်းကြမ်းတွေ စားနေကြပါလား"ဟု ပြစ်မှားသောအနေအားဖြင့် ပြောဆိုခဲ့ခြင်းကြောင့်ပင် ဖြစ်ပေသည်။ အလောင်းတော်ပင် ဖြစ်လျှင်ခါက ပုထုဇဉ်ဘဝဝယ် ဝစီကံအနေအားဖြင့် ဤကဲ့သို့ အပြစ်ခြောက်ခုကို ကျူးလွန်ပြောဆိုခဲ့ပေသည်။ သို့သော် ၎င်းအကြွေးဟောင်းတွေကို ဘုရားဖြစ်သောအခါ မြတ်စွာဘုရားဆဲဆိုပြီး ကျန်ရှိသော တပည့်သာဝက၊ ဒကာ ဒကာမများက ဝင်ရောက်ဆပ်ပေးလို့ မရပေ။ ဘုရားကိုယ်တိုင်ပဲ ကံအကြွေးကို အမှန်ပေးဆပ်ခဲ့ရသည် မဟုတ်ပါလား။

**မနောကံအပြစ်တစ်ခု**

ဘုရားရှင်ကိုယ်တော်မြတ်ကြီးပင် ဖြစ်လျှင်ကာစား ဝေဒနာသည် အလွတ်မပေးပေ။ တစ်နည်းဆိုရသော် ဝဋ်ကြွေးသည် အလွတ်မပေးပေ။ တစ်ခါတစ်ခါ ဘုရားရှင်သည် မနေနိုင်အောင်ပင် ခေါင်းဦးဖျားမူးဝေထိုင်းမှိုင်းကိုက်ခဲခြင်း ဖြစ်ပေသည်။ ဒီအကြောင်းတွေကို ပြန်လည်ကာ ဆန်းစစ်ကြည့်သောအခါ· · ·

ရှေးအခါ တံငါမျိုးဇာတ်ဖြစ်စဉ်က မိမိမိသားစုဝင်များ ငါးခေါင်းကို ထုချေထောင်း၍ ခုတ်ထစ်သက်နေစဉ် ဘုရားအလောင်းတော်သည် ဘေးကနေ စိတ်တွင် အရမ်းဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ပြီး မိမိကိုယ်တိုင် ထုချေနေရသကဲ့သို့ ပီတိဖြစ်ခဲ့မှုပင် ဖြစ်ပေသည်။

ဤကဲ့သို့ စိတ်ထဲတွင် သူတစ်ပါးပြုလုပ်နေသည်ကို မိမိကိုယ်တိုင်ပြုလုပ်နေမိသကဲ့သို့ မနောကံဖြင့် ကျူးလွန်ခဲ့ခြင်းသည် ဘုရားဖြစ်သောအခါ ခေါင်းမူးဝေထိုင်းမှိုင်းကိုက်ခဲခြင်း ဝဋ်ကြွေးကို ပြန်ပေးဆပ်နေခဲ့ရခြင်း ဖြစ်ပေတော့သည်။ ဤကား မနောကံဝဋ်ကြွေး ပေးဆပ်ရခြင်းအကြောင်းပင် ဖြစ်ပေသည်။

**ကာယကံဝဋ်ကြွေး ပြန်ပေးငါးခု**

ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဝေဘာတောင်စောင်းတွင် ကျောက်မောင်းဆင်၍ ဒေဝဒတ်၏ လုပ်ကြံခဲ့ရခြင်းသည် လွန်ခဲ့သော အတိတ်ဘဝဟောင်းက ကာယကံဝဋ်ကြွေးတစ်ခုကြောင့်ပင် ဖြစ်သည်။

အတိတ်ဘဝ သူကြွယ်မျိုးဖြစ်စဉ်အခါက ညီဖြစ်သူကို လှည့်ဖျားပြီး တောတောင်ဘက်သို့ခေါ်သွားကာ ကျောက်နှင့် ဖိညှပ်ထုသတ်ခဲ့သည်။ အတိတ်က ဝဋ်ကြွေးကြောင့်ပင် ယခုကဲ့သို့ ဒေဝဒတ်၏ ကျောက်မောင်းဆင်၍ လုပ်ကြံခံခဲ့ရခြင်း ဖြစ်ပေသည်။

တစ်ဖန် ဒုတိယကာယကံဝဋ်ကြွေးသည် ကျောက်မောင်းဆင်၍ လုပ်ကြံခံခဲ့ရပြီးနောက် ဘုန်းတော်၊ တန်ခိုးတော်တို့ကြောင့် ဘုရားရှင်တို့မည်သည် သူတစ်ပါးတို့ လုပ်ကြံသတ်ဖြတ်ပါသော်လည်း လုံးဝ

မသေနိုင်၊ သို့သော်လည်း အတိတ်က ကာယကံဝင့်ကြွေးတစ်ခုကြောင့် ခြေမတော် သွေးစိမ်းသွေးရှင် ဥခဲ့ရလေသည်။

ဤကဲ့သို့ ခြေမတော်ထဲ ကိုက်ခဲနာကျင်ခြင်း ဝိပါက်ရင်း ကံကြမ္မာကို ပြန်လည်ဆန်းစစ်ကြည့်သောအခါ ရှေးအခါက သူငယ်ဘဝတွင်က အပေါင်းအသင်းများနှင့် လမ်းမတွင် ပျော်ရွှင်စွာ ကစားနေခိုက် ရှင်ပစ္စေကဗုဒ္ဓရဲ့ ခြေမတော်ကွဲရကာ ထိခိုက်ခဲ့ဖူးသည့် ဝင့်ကြွေးကြောင့်ပင် ယခုတစ်ဖန် ပြန်လည် ပေးဆပ်ခဲ့ရခြင်း ဖြစ်ပေသည်။

တစ်ဖန် ကျောက်လွှာဖြင့်ခတ်ထိလို့ ခြေမတော်ဦး သွေးညိုတွေ ကိန်းခဲ့ရခြင်းကြောင့် ဆရာဇီဝကသည် ခွဲရ၊ စိပ်ခဲ့ရခြင်း ဖြစ်ခဲ့ပေသည်။ ဤကဲ့သို့ ခွဲစိပ်ခံခဲ့ရခြင်းသည် လွန်ခဲ့သောဘဝက ပဒေသရာဇ်မင်းဖြစ်စဉ်ဝယ် မူးယစ်သောက်စားကာ လူအရှင်လတ်လတ်ကို ထိုးသတ်ခဲ့သည့်အကြောင်းဝိပါက်ကြောင့်ပင် ယခုကဲ့သို့ ကာယကံမြောက် ပြန်လည်ကာ ခွဲစိပ်ခံခဲ့ရခြင်း ဖြစ်ပေသည်။

တစ်ဖန် ဘုရားရှင်ကိုယ်တော်မြတ်ကြီးပင်ဖြစ်လင့်ကစား တစ်ခါတစ်ခါ ခါးတော်တွေကိုက်ခဲလို့ အသဲအသန် ဝေဒနာများခံစားခဲ့ရပေသည်။ ဒီအကြောင်းတွေ ပြန်လည်ကာ ဆန်းစစ်ကြည့်သောအခါ လွန်ခဲ့သောဘဝက အလောင်းတော်သည် လက်ဝှေ့ကျော်တစ်ယောက်ဖြစ်ခဲ့ဖူးသည်။ ၎င်းလက်ဝှေ့ကျော်ဖြစ်စဉ်အခါက ပြိုင်ပွဲ ဆိုင်ပွဲ နိုင်မြဲအကျင့်ဖြင့် နိုင်သောအခါ ပြိုင်ဘက်မှန်သမျှကို မြေပေါ်သို့ ခါးရိုးကျိုးအောင် သတ်ဖြတ်ခဲ့ဖူးသည့်ဝင့်ကြွေးသည် ယခု ဘုရားဖြစ်သောအခါ

မှာပင် ခါးကိုက်ဝေဒနာအဖြစ် ကာယကံမြောက် ပြန်လည်ကာ ပေးဆပ်ခဲ့ရပေသည်။

တစ်ဖန် ဘုရားရှင်ကိုယ်တော်ကြီးသည် ဆဒ္ဒန်ဆယ်စီး အားကြီးသန်မာခဲ့ပါသော်လည်း ဝမ်းတော်သွန်ပြား ရှေ့အားမသန် ဖြစ်ခဲ့ရဖူးပေသည်။ ဤကဲ့သို့ ဖြစ်ခဲ့ရခြင်းသည် လွန်ခဲ့သောဘဝတုန်းက သမားတော်ဘဝကျင်လည်၍ ဆေးကုစားခဲ့ရာ လူနာတစ်ဦးဆီမှ ဆေးခမရသည့်အတွက် ၎င်းလူနာအား ဝမ်းလားဆေးတွေ တိုက်ခဲ့ခြင်းကြောင့် ယခုအခါ ဘုရားပင်ဖြစ်လင့်ကစား ကိုယ်တော်တိုင် ကာယကံမြောက် ဝဋ်ကြွေးတွေကို အမှန်ပင် ပေးဆပ်ခဲ့ပြီ မဟုတ်ပါလော။

ထိုသို့ ထိုသို့ဆိုခဲ့ပါလျှင် သာမန်ပုထုဇဉ်ပုဂ္ဂိုလ် သတ္တဝါမှန်သမျှ ကံဝဋ်ကြွေးဆိုတာဟာ အကောင်းအဆိုး၊ အသိုးအပုပ်၊ အမျိုးယုတ်မြတ် ကံကသာလျှင် ရောဂါတွေပေး၊ ကံသာသာ မွဲတေဆင်းရဲ၊ ကံကသာလျှင် ချမ်းသာတွေပေး အစရှိသည်။ ကံကလွတ်အောင် မပြေးနိုင်သရွေ့ အသင် ငံအေးဆေးစွာနေချင်တယ်ဆိုလျှင် ဖြည်းဖြည်းနှင့် မှန်မှန် ကောင်းကံတွေ ကိုယ့်ထံရောက်အောင် ကြိုးစားကြပါ၊ ဟူ၍သာ မွန်မြတ်သောစေတနာဖြင့်...။

သဇင်နွယ်(နတ်မောက်)

## ကျမ်းကိုး


| | | |
|---|---|---|
| ၁။ | လယ်တီဆရာတော် | နိယာမဒီပနီ |
| ၂။ | မာန်လည်ဆရာတော် | မဃဒေဝလင်္ကာသစ် |
| ၃။ | မဟာဂန္ဓာရုံဆရာတော် | ကိုယ်ကျင့်အဘိဓမ္မာ |
| ၄။ | စံကျောင်းဆရာတော် | လူ့ဝိနည်းခေါ် ဒသပရိယာဘာနိယဆုံးမစာ |
| ၅။ | ထူးကြီးဆရာတော် | ကုသိုလ်ကံ၊ အကုသိုလ်ကံ အသုံးချနည်း |
| ၆။ | အရှင်ဓမ္မပီယ | ကံဆိုသည်မှာ ဘာလဲ |
| ၇။ | အရှင်ဣန္ဒြိယ | စိတ်နှင့် ကံတရား |
| ၈။ | သပိတ်အိုင်ဆရာတော် | ဘဝတန်ဖိုး |
| ၉။ | ချမ်းမြေ့ဆရာတော် | ကံနှင့် တမလွန်ဘဝ |
| ၁၀။ | အရှင်ဉာဏ(ဖျာပုံ) | ကံ၏သားကောင်ဖြစ်ရလေသူ |
| ၁၁။ | ပြည်ပဆရာတော်ဘုရားကြီး | ဦးသေဋ္ဌိလ၏ ဓမ္မပဒ |
| ၁၂။ | ယောဆရာတော်ဘုရားကြီး | ဘဝဇာတ်ခုံ ပုံစံစုံ |

| | | |
|---|---|---|
| ၁၃။ | အရှင်သာသနသီရိ | အဘိဓမ္မမြင်ကွင်း |
| ၁၄။ | အရှင်ဉာဏ | နိဗ္ဗာန်ကိုသွား ဉာဏ်ရထား |
| ၁၅။ | အရှင်ဝိသုဒ္ဓမေဓာ | စိမ်ပြေဒေသနာ |
| ၁၆။ | မာမကာ(သုတေသီ) | ကံအကြောင်း သိကောင်းဖွယ် |
| ၁၇။ | ဦးညွန့်မောင် | ကံနှင့် သတ္တလောက |
| ၁၈။ | ဦးရွှေအောင် | ကုသိုလ်၊ အကုသိုလ် |
| ၁၉။ | မြတ်မင်္ဂလာအယ်ဒီတာအဖွဲ့ | ကံနှင့် ကံ၏အကျိုး |
| ၂၀။ | ဓမ္မာစရိယ ဦးဌေးလှိုင် | ရတနာသုံးပါးကျေးဇူး |
| ၂၁။ | ယနေ့ ဘာသာရေးစာစောင်များ | |
| ၂၂။ | မင်းနန်(မော်ကျွန်း) | ဆရာတော်ကြီးများ၏ဩဝါဒ |
| ၂၃။ | ဒဂုန်ဦးထွန်းမြင့် | ဗုဒ္ဓဘာသာ မြန်မာ့ယဉ်ကျေးမှု |

# ကံကို နားလည်ရင်

ကံအကြောင်းကို . . .
နားလည်သဘောပေါက်ပါက
လူတော်ကလေးများသာမက
စေတနာကောင်းထားသည့်
လူကောင်းကလေးတွေလည်း
ဖြစ်လာနိုင်ပေသည်။

(ဒဂုန်ဦးထွန်းမြင့်)
ဗုဒ္ဓဘာသာနှင့်မြန်မာ့ယဉ်ကျေးမှု
စာမျက်နှာ-၁၃၃